
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်
ရဲ့
စင်တင်ကာလောင်ရှင်

# ရွှေအခေါင်

မြို့ပြည အဝင်လမ်း

(အချစ်နှင့် စွန့်စားခန်းလုံးချင်းဝတ္ထုသန့်သန့်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ရာဇဝင်တို့၏ ထောင်ချောက်

ညကို တစ်စစီဖဲ့ခွဲနေသော ည၏ သစ်ရွက်ခတ်သံတွေမှာ ဒီဇင်ဘာည၏ နောက်ဆုံးထွက်သက်တွေပင် ဆိုရမလားမသိ . . လက်ပေါ်တွင်ဝတ်ထားသော နာရီအချက်ပြ ဂဏာန်းလေးတွေက ရင်ကိုမောပန်းစေတာတော့အမှန် . . .

"ဟင်း . . . "

ကျွန်မ သက်ပြင်းတွေချနေသည်မှာ အကြိမ်ပေါင်းမနည်းတော့ရေတွက်မည်ဆိုလျှင် လက်ချိုးလို့ရမည်မဟုတ်၊ ကျွန်မရောက်နေသည့်နေရာလေးမှာ ဆူးလေလမ်းမကြီး မာကျူရီ

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်တွေရဲ့အောက်မှာ . . .

ညက တိတ်ဆိတ်နေပေမယ့် လူအသွားအလာမပြတ်စည်ကားလျက်··ဘဝအတွက် နေ့ညရွေးချယ်ပိုင်ခွင့် မရှိသောသူများရှိနေသလို ညကာလပေါ်မှာ ငွေကြေးကို ခင်းကျင်းကစားနေကြသည့် သူများလည်း သွားလာနေကြတုန်း၊ ဒီထဲမှာ ကျွန်မကတော့ ငွေပင်ပေါက်နေကြသော လူတန်းစား များထံမှ ငွေသီးများခွတ်ခူးနေသူတစ်ဦး . . .

"ဝူး. . . ကျွီ. . . "

"သဇင် ကားပေါ်တက်"

"အယ်. . . "

ကျွန်မ ရှေ့တွင် ကိုယ်ပိုင်ကားတစ်စီး ထိုးရပ်လာပြီး၊ ကားပေါ်မှ လှမ်းခေါ်လိုက်သူမှာ · ·ကျွန်မနှင့်အတူ ည၏ ပြေးလမ်းပေါ်မှာ လျှောက်လှမ်းနေသူ ဆူးဆူး. . နာမည်အပြည့်အစုံက အင်ကြင်းဆူးဆူး. . .

"ကျိုင်း. . . "





အသင့်ဖွင့်ထားပေးသော ကားတံခါးမှတစ်ဆင့် ကားပေါ်တက်ပြီး·· ဆူးဆူးဘေးမှာ ဝင်ထိုင်လိုက်သည်နှင့် ကားကိုမောင်းထွက်ခဲ့သည်။

"ရင်တွေ မောလိုက်တာ ဆူးဆူးရာ. . . "

"ဆောရီး သဇင် . .ငါ့ပုဂ္ဂိုလ်က ကဗျာဆန်နေတာနဲ့ နှစ်သိမ့်ပေးပြီးမှ လစ်လာခဲ့ရတာသဇင် . .(၁း၀၀)နာရီထိုးပြီလား. . . "

"ထိုးခါနီးပြီ. . . "

"ကျူရီ . .ခုလောက်ဆို သူကီစွပြီးလောက်ပြီ ထင်တယ်. . . "

"နင့်ကို (၁း၀၀)နာရီအရောက်ချိန်းထားတာ မဟုတ်လား. . . "

"အင်း. . . "

"နင် . .ဒီကားကို ဘယ်က ချောဆွဲခဲ့တာလဲ"

"ဘယ်သူဖြစ်မလဲဟာ . .မဟာ ကိလေသာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးချောသာဆီကပေါ့ . .သူ့ကို စောင်းကြိုးကလေးတွေ တီးပြပြီး၊ အနားယူခိုင်းခဲ့တာ . . ခုလောက်ဆို အိပ်မက်ကောင်းတွေ မက်နေလောက်ပြီ . . .”

“ဒီငနဲကြီးက စီးပွားရေးလောကမှာ ဆရာကြီးနော်”

“ဟား . . ဟား . . ဟား . . . သင်္ဇင်ရယ် ကမ္ဘာကျော် သူရဲကောင်းတွေတောင် မာယာထောင်ချောက်မှာ ခံခဲ့ကြရ သေးတာပဲဟာ၊ သူက ဘာမို့လို့လဲ . . အင်ကြင်းဆူးဆူးရဲ့ စကားလုံးတွေ မျက်လုံးတွေ နှုတ်ခမ်းပါးအောက်မှာ အရုပ်ကြိုးပြတ် လေးပါ၊ ဒါနဲ့ နင့်ဂျူတီကရော . . . ”

“ဒီတစ်ခါတော့ သဲထိတ်ရင်ဖိုလေးပဲ ဆူးဆူးရေ . . သူ့မိဖုရားခေါင်ကြီး အချိန်မီရောက်မလာရင် ငါတော့အပျိုစင် ဘဝကျွတ်ပြီ . . .”

“ငါလည်း ကွက်တိအကြောင်းကြားလိုက်တာပဲ . . ငွေရော ‘မ’ခဲ့လား . . .”

“ဆူးဆူးရယ် . . ငွေအတွက်ရင်းခဲ့တဲ့ ကိစ္စပဲဟာ၊ ငွေမပါ





လို့ဖြစ်မလား . . သူ့မယားကြီးကိုတွေ့တာနဲ့ ငါ့ဘက်က အပိုင် အကျပ်ကိုင်တော့မှ ပါသမျှငွေတွေပေးတာကို မကျေနပ်လို့ ဒီမှာတွေ့လား . . .”

“ဟဲ့ . . နဝရတ်ကိုးသွယ် လက်စွပ်ပါလား”

“ဒါပါ ချွတ်ယူခဲ့တာ . . ဒါနဲ့ နင်ကရော . . .”

“ကိုကြီးရယ် . . မီးက အဆောင်နေရတာ အရမ်းကို မွန်းကျပ်နေပြီလို့ ခပ်နွဲ့နွဲ့လေး ပြောလိုက်တာနဲ့ စာရွက် ဖြူအပိုင်းလေးမှာ ဂဏန်းခြောက်လုံးရေးပြီးသွားပြီလေ . . ဟား . . ဟား . . ဟား . . .”

ကျွန်မတို့ရဲ့ ရယ်သံတွေက မာကျူရီအလင်းတန်းလေး တွေအောက်မှာ ပျံ့လွင့်လျက် . . .

“ဟိုမှာ . . ကျူရီ . . .”

ကျွန်မတို့နှင့် ချိန်းဆိုထားသောနေရာတွင် ကျူရီကို အသင့်တွေ့လိုက်ရသဖြင့် . . ကားကိုရပ်ပေးပြီး၊ တက်ခိုင်းလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျူရီ OK လား. . ."

ကျူရီက ကျွန်မ အမေးစကားကို နှုတ်မှမဖြေဘဲ သူ၏ပြုံးနေကျအပြုံးလေးနှင့် အောင်မြင်သော သင်္ကေတလေးကိုသာ တွေ့လိုက်ရသည်။ ပြီးတော့မှ . . .

"ဆူးဆူးနဲ့ သင်္ဘေ. . ."

"ဘာလဲ. . ကျူရီ"

"ငါတို့ ရန်ကုန်ကနေ ခဏခွာရင်ကောင်းမယ်"

"မင်း ငြီးလာလို့လား. . ."

"ဆူးဆူးရယ်. . ကျူရီလုပ်သမျှတွေက လက်စခြေစတွေ ပျောက်ပါတယ် . . .ရန်ကုန်က ခွာချင်တယ်ဆိုတာ စိတ်ကို အနားပေးချင်လို့. . ."

"ငါလည်း မွန်းကျပ်မှုတွေကြားကနေ လေကောင်း လေသန့်ရတဲ့ နေရာလေးတစ်ခုကို သွားချင်နေတာ"

"ဘယ်ကိုသွားမလဲ. . ."

"ချောင်းသာ"





"ကောင်းတယ် . . .ဒီညအနားယူပြီး မနက်ဖြန်စီစဉ် စရာတွေ စီစဉ်ပြီးရင် လစ်မယ်. . ."

"ဆူးဆူး. . ."

"ဘာလဲ သင်္ဘေ. . ."

"မင်း ပုဂ္ဂိုလ်ကြီးဆီက ကားခွဲလို့ရမလား. . ."

"သူဇောက်ကျောင်းတဲ့ကားကို ယူခဲ့ဦးမှာ. . .ဒီအတွက် စိတ်မပူနဲ့. . ကျူရီ မင်းကုန်သည်ကြီး အခြေအနေက ဘယ်လို လဲ. . ."

"သူဆီက ကျောက်စိမ်းကို ငါလဲသွားတာတောင် သိဦး မှာမဟုတ်ဘူး၊ သိခဲ့ရင်တောင် အများကြီးနောက်ကျနေပြီဟ ကျွတ်ကျွတ်. . သိန်း(၂၀)လောက်တန်တဲ့ ကျောက်စိမ်းကို (၂) သောင်းလောက်တန်တဲ့ကျောက်စိမ်းနဲ့ လဲယူခဲ့တာ များသွား သလားတောင် မသိဘူးနော် ဟား. . .ဟား. . .ဟား"

ကျူရီ သူ့မျက်လုံးပေါက်ကွဲလေး ဝိတ်လုမတတ် ရယ် မောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဇင်. . .နှင့် သတိထားမိလား"

"ဘာကိုလဲ ဆူးဆူး. . ."

"ငါတို့ သုံးယောက်ဆုံခဲ့ကြတာ. . .ခုလာမယ့် ခရစ္စမတ်ဆိုရင် (၅)နှစ်ပြည့်ပြီနော်"

"အေး ဟုတ်ပါရဲ့ . . ."

"ငါကတော့ (၅)နှစ်လို့တောင်မထင်ဘူး၊ ငါတို့(၃)ယောက်က ပုံငယ်ငယ်လေးကတည်းက ဆုံခဲ့ကြတဲ့သူတွေလို့ပဲ စိတ်ထဲမှာ ထင်မှတ်နေတာ. . ."

ကျွန်မတို့ဘဝ ဖြတ်သန်းမှုလေးများမှာ နာကျင်စရာခါးသီးမှုများနှင့် ဘဝကို ကိုယ်စီဖြတ်သန်းခဲ့ကြရင်း ကံကြမ္မာတစ်ကွေ့မှာ ဆုံခဲ့ကြသူများဖြစ်ပေမယ့် . . ညီအစ်မ အရင်းအခြာပမာ ချစ်ခင်ကြသူများဖြစ်ခဲ့ကြသည်။

အတိတ်ဘဝတစ်ခုမှ အကျိုးဆက် သံယောဇဉ်ကြောင့်ပင် ဆိုရမလား. . .။



## အခန်း ◀ ၁ ▶

အဝေးရှိ မိုးကုပ်စက်ဝိုင်းနှင့် အပြာရောင်ကောင်းကင်ကြီးတို့မှာ. . .နောက်ခံပန်းချီကားချပ်သဖွယ် ရှိနေလျက် ပင်လယ်ပြင်၏ လှိုင်းဂယက်များသည် ကျွန်မရင်ကို အေးမြစေပါသည်။ တိုးဝှေ့တိုက်ခတ်လာသော . . .ပင်လယ်လေနုအေးကလေးများမှာ မောပန်းနွမ်းနယ်သမျှ အဝေးသို့လွင့်သွားသလိုခံစားလိုက်ရသည်။

ဘဝတစ်လျှောက်လုံး မောပန်းစွာဖြတ်သန်းခဲ့ရသော နေ့ရက်များစွာအတွက် တခဏအမောပြေစေခဲ့ပါသည်။ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေနံဘေးရှိ ဘုန်ဂလိုရှေ့ အုန်းပင်များအောက်တွင် ချိုမြမြ အုန်းရည်လေးကို သောက်ရင်း ကျွန်မစိတ်တွေကို အပူပင်ကင်းစွာ အနားပေးထားလိုက်သည်။

ကျူရီနှင့် ဆူးဆူးကတော့ မှီတယ်ဘက်ကို သွားနေကြတာမို့ ကျွန်မတစ်ယောက်တည်း ကျန်နေခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင် လူသုံးယောက် ကျွန်မနှင့် မလှမ်းမကမ်းမှနေ၍ လမ်းလျှောက်လာကြသည်ကို တွေ့လိုက်ရသည်။ ဘေးမှ နှစ်ယောက်၏ မျက်နှာသွင်ပြင်မှာ သာမန်လောက်သာရှိပြီး အလယ်မှ ပုဂ္ဂိုလ်မှာ ကျွန်မတွေ့ဖူးဆက်ဆံဖူးသော ယောကျ်ားများထဲတွင် တည်ငြိမ်ခန့်ညားလှသော ဥပဓိရုပ်ပိုင်ရှင်ဖြစ်သည်။ ရွှေအိုရောင် ပါဝါမျက်မှန်လေးနှင့် အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ်ကလေး ဖုတ်ဆင်ထားသော ထိုပုဂ္ဂိုလ်သည် မိန်းကလေးတို့စွဲမက်လောက်သော လူတစ်ယောက်ဆိုလျှင် မမှား . . .

မုန်လယ်ဘက်မှ တိုက်ခတ်လာသော လေကြမ်း





ကလေးကြောင့် စားပွဲဝိုင်းပေါ်တင်ထားသော . . . ကျွန်မ ဦးထုပ်ဝိုင်းကလေး လေထဲမှာလွင့်ပါသွားပြီး . . . ထိုပုဂ္ဂိုလ်ရှေ့သို့ရောက်သွားသည်။ ကျွန်မအတွက် ထိုပုဂ္ဂိုလ်ကို အနီးကပ်ကြည့်ခွင့်ရနိုင်ဖို့ . . . အခွင့်အရေးတစ်ခုပင်ဆိုရမလား . . . ကျွန်မ အပြေးကလေး ဦးထုပ်ကို ကောက်ရန်လိုက်သွားရာ . . .

"အငယ်လေး ကောက်ပေးလိုက်ကွာ . . . "

သူ့ရှေ့တွင် ရောက်နေသော ဦးထုပ်ကို သူကိုယ်တိုင် မကောက်ဘဲ သူ့ဘေးမှ လူကိုကောက်ခိုင်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် . . . "

"ဦးထုပ်လေး ကောက်ပေးတာလောက်နဲ့တော့ ကျေးဇူးတင်မနေပါနဲ့ကွာ . . . မင်းသတိထားဖို့တော့ ပြောလိုက်မယ် . . . "

"ဟင် . . . "

"မင်းထိုင်နေတဲ့နေရာက မင်းအတွက် အန္တရာယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်နော် . . . "

ထိုပုဂ္ဂိုလ်စကားကြောင့် ကျွန်မအုန်းပင်ကို လှမ်းကြည့်မိသည်။ ထိုလူမှာ ထိုစကားကိုပြောကာ သူသွားရမည့်လမ်းကို ဆက်ပြီးသွားလေပြီ။

အနီးကပ်ကြည့်ရင် ဗိုပြီးတည်ကြည်တဲ့ လူပဲ...လူကချောတာမဟုတ်ဘူး . . ခန့်ညားပြီး ယောကျ်ားပီသတဲ့ လူတစ်ယောက်ပဲ . . .

ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်အကြောင်းကို ခုလို ခေါင်းထဲမှာ စဉ်းစားမိတာ၊ ထိုလူဟာပထမဦးဆုံးပင်ဆိုရမည်။ ထိုလူပြောသွားသော သတိပေးစကားလေးကိုတောင် မေ့လျော့ပြီး ဘန်ဂလိုလေးဆီသို့ ပြန်ပြီးအသွား . . .

"ဝုန်း . . . "

"အမေ့ . . .ဘုရား . . .ဘုရား . . .ဘုရား . . . "

ကျွန်မ ဘန်ဂလိုနားသို့မရောက်ခင်မှာပဲ အုန်းပင်ပေါ်မှအုန်းသီးက ကျွန်မထိုင်ခဲ့သော အပေါ်သို့တည့်တည့်





မတ်မတ်ပင်ပြုတ်ကျလာလေသည်။ စောစောက ပုဂ္ဂိုလ်ထူး ပြောခဲ့သော စကားလေးကို ပြန်ပြီးအမှတ်ရကာ . . .

"အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်များလား မသိဘူး"

"သဇင် . . .ဟဲ့ သဇင်"

"ဆူးဆူးနဲ့ ကျူရီ . . . "

"နင် ဘာဖြစ်သွားသေးလဲ . . . "

"ကပ်သီကလေး လွဲသွားတာ . . .နို့မို့ဆိုရင်တော့ ခုလောက်ဆို ဆေးရုံအရေးပေါ်ဌာနကို ရောက်နေပြီ . . . "

"ကဲ . . .နို့အထဲကိုဝင်ပြီး စကားပြောကြရအောင် သဇင် . .ကိစ္စတစ်ခုပေါ်လာပြန်ပြီ"

"ဘာကိစ္စတွေ အရေးပေါ်လာပြန်ပြီလဲ . . . "

"အထဲရောက်မှ ပြောကြမယ်ဟာ"

ကျွန်မတို့(၃)ယောက် ခေတ္တတည်းခိုနေသော ဘန်ဂလိုထဲကို ဝင်ခဲ့ကြပြီး ခုတင်ပေါ်မှာ ထိုင်လိုက်ကြသည်။ ကျူရီကတော့ ခြေပစ်လက်ပစ်လှဲနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမမ..မနက်ဖြန် ဒီကို ရောက်လာလိမ့်မယ်"

"ဟယ်...ဘာအတွက်လဲ"

"ဒါတော့ မပြောလိုက်ဘူး၊ ဖုန်းထဲမှာမို့ မပြောချင်ဘူး နဲ့တူတယ်..."

"သူက မြန်မာပြည်ကို ဘယ်တုန်းကရောက်တာလဲ"

"ငါတို့ ထွက်လာတဲ့နေ့ကပဲ"

"သူ ငါတို့ကိုတွေ့ချင်တာ...ဇယားကြီးကြီးကိုတွေ့ထားလို့ဖြစ်မယ်"

"သူ့အကြောင်းလည်း နင်သိသားပဲ ကျူရီရာ...သူက အချိုကြီးမှ ကြံတာလေ"

"ဆူးဆူး...ငါတို့ဒီတစ်ခါ သူနဲ့ အလုပ်လုပ်ရင် ကိုယ့်ဘက်က ပြတ်ပြတ်သားသားပြောပြီးမှ လုပ်မယ်...သူ့ကျေးဇူးရှိတယ်ဆိုပြီး သူပေးသမျှကို မယူနိုင်တော့ဘူး"

"သင်ဇင်ပြောတာ ဟုတ်တယ် ဆူးဆူး...ငါတို့ (၅)နှစ်လုံးလုံး သူ့ကိုရှာကျွေးခဲ့တာများနေပြီ..."





"အေးပါဟာ...ဒီတစ်ခါ အလုပ်လုပ်ရင် ထိုက်ထိုက်တန်တန်ရမှ လုပ်မှာပါ...သဇင် ရေချိုးသွားကြရအောင်၊ ပြီးရင် ညနေစာစားကြမယ်၊ ဒီည ဒီမှာ မီးပုံပွဲရှိတယ်..သွားပြီး ကဲ ကြရအောင်"

"မီးပုံပွဲကို ဘယ်သူလာလုပ်တာလဲ..."

"(+ × - + ×) ဟိုတယ်ပိုင်ရှင် ဦးမြင့်မြတ်ကျော်၊ သူ့ဟိုတယ်က ဧည့်သည်တွေအတွက် သီးသန့်လုပ်ပေးတဲ့ပွဲလို့ ပြောတာပဲ"

"နာမည်ကြားရုံနဲ့ သွေးတက်သွားနိုင်တယ်...လူပုံ သဏ္ဌာန်ကရော ဆူးဆူး"

"ငါမှ တစ်ခါမှ မတွေ့ဘူးတာ..နာမည်တောင် ဟိုတယ်ဝန်ထမ်းလေးတွေပြောလို့ သိရတာ၊ သွားကြမယ်"

ကျွန်မတို့ ပင်လယ်ကမ်းစပ်တွင် ရေကူးရင်း ရေချိုးကြရန် အဝတ်အစားကိုယ်စီလဲပြီး ဆင်းလာကြသည်။

ကျွန်မတို့ဆီကို ရောက်လာမည့် အန်တီမမဆိုသူမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာလာကျော့ပင်ဖြစ်၏။ စီးပွားရေးလောကသားတွေနှင့် ငွေရှိလူတန်းစားတွေ အမှောင်လောကသားတွေပေါ်တွင် ကွက်ကျော်ရိုက်ပြီး အမြတ်ထုတ်နေသူပင်ဖြစ်သည်။ ကျွန်မတို့ (၃)ဦး၏ ဆရာဆိုလျှင် မမှားပါ။ သူစီစဉ်ပေးသော အလုပ်တွေကို ကျွန်မတို့ဘက်က လုပ်ကိုင်ပေးခဲ့ရတာဖြစ်သည်။ အကွက်စေ့ ဒေါင့်စေ့သူဖြစ်သည်။

အမှန်တိုင်း ဝန်ခံရရင် ကျွန်မတို့(၃)ယောက်ဘဝကို ကယ်တင်ထားသူဟု ဆိုရမည်။ ဒီအတွက် ကျွန်မတို့(၃)ယောက်လုံး သူ့ကိုပြန်ပေးဆပ်ခဲ့ရတာလည်း မနည်းတော့ပါ။

ဒေါ်ခင်မာလာကျော့ဟာ သူ့လောဘရမ္မက်ပေါ်မှာ အကျိုးအမြတ် ရဖို့အတွက် စာနာမှုကင်းမဲ့ပြီး၊ ဘယ်သူ့ကိုမဆို အသုံးချဖို့ ဝန်မလေးသူလည်းဖြစ်သည်။

အန်တီမမနှင့် ဖြတ်သန်းခဲ့ရသော နှစ်ကာလတစ်လျှောက်မှာ ကျွန်မတို့ဘဝတွေကို အကြိမ်ကြိမ်ထိုးကျွေးခဲ့ပေမယ့်၊ ကိုယ့်အစွမ်းအစနှင့် ရုန်းထွက်ခဲ့ရသည်မှာ မနည်းတော့၊





အန်တီမမ လောင်းရိပ်အောက်ကနေ ထွက်ခွာခဲ့ရသည်မှာ လပိုင်းလောက်သာ ရှိသေးသည့်..ဒါကလည်း သူမ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ဦးကို အပိုင်ကျုံးသွင်းပြီး၊ နိုင်ငံခြားသို့ လိုက်သွားလို့သာဖြစ်သည်။ ခု အန်တီမမ..သူတို့ဆီကို ပြန်ရောက်လာပြန်ပြီ ဒီတစ်ခါတော့ ကျွန်မတို့ဟာ သူ့ရဲ့သားကောင်တွေ ဖြစ်ကုန်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၂ ▶

ပင်လယ်ကမ်းစပ်၏ သဲသောင်ပြင်လေးပေါ်တွင် မီးပုံပွဲကလေးကို ပြုလုပ်လေသည်။

ဟိုတယ်မှာ တည်းခိုသူတွေအတွက် စားပွဲဝိုင်းကိုယ်စီနှင့် ပင်လယ်အစားအသောက် စုံလင်စွာပြင်ဆင်ပေးထားသည်။ အရက်သောက်တတ်သူတွေအတွက် သီးသန့်ဝိုင်းကလေးနှင့် တေးဂီတဖျော်ဖြေပွဲလေးပါ ပြုလုပ်ထားသဖြင့် တကယ့်ကိုပျော်ရွှင်ဖွယ်ကောင်းသော မီးပုံပွဲကလေးဟု ဆိုရမည်။

"ဟိုတယ်ပိုင်ရှင်ကတော့ သူ့ဟိုတယ်အတွက် စီးပွားရေးအကွက်ကို မြင်ထားတာပဲနော် သဇင် . . ."





"ခု ကုန်ကျစရိတ်ကို ခန့်မှန်းမယ်ဆိုရင် ဟိုတယ်ရဲ့ တစ်နှစ်တာအမြတ်နီးပါးလောက်ရှိတယ်..ဒီလောက်ထိ ကုန်ကျခံပြီး လုပ်ပေးစရာမလိုပါဘူးဟာ . . ."

"ဟဲ့ သဇင်ရဲ့ အမြိုင်အဆိုင်တွေရှိလာရင် ရေရှည်အတွက် ဒီလောက်တော့ ကုန်ကျခံရမှာပေါ့ဟ . . ."

"နင်တို့အမြင်နဲ့ ငါ့အမြင်ကတော့ လွဲနေတယ် . . ."

"ဘာလွဲတာလဲ . . . လုပ်ပါဦး"

"ကိုယ့်ဟိုတယ်ကို လူဝင်စေချင်ရင် ဟိုတယ်ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ ဝန်ဆောင်ပေးမှုတွေကသာ အရေးကြီးတာပါ၊ ခုလိုလုပ်တော့ လူမလာလို့ လာအောင်ခေါ်သလို ဖြစ်နေမှာပေါ့ . . .ခုလိုပွဲမျိုးကို သူဘယ်နှစ်ကြိမ်လုပ်ပေးနိုင်မလဲ..ပြီးတော့ လာပြီးတည်းခိုကြတဲ့သူတွေကရော ခုလိုပွဲမျိုးကို နွှဲဖို့ သက်သက်လာကြမှာလား . . . ကြော်ငြာကောင်းကောင်းနဲ့ စျေးကွက်ရှာတဲ့နည်းကို သုံးရင်တော့မှားသွားမယ် . . ."

"သဇင် နင်က ငါတို့(၃)ယောက်ထဲမှာ ဉာဏ်ထက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဆိုတော့ နင့်အတွေးအခေါ်ပိုင်းကို လိုက်မမီပါဘူးဟာ . . . ကဲ စားစရာရှိတာ စားကြစို့"

"သူ့စီးပွားရေး . . ကိုယ့် စီးပွားရေးမှမဟုတ်တာ ခေါင်း စားခံမနေနဲ့တော့ . . ."

"စီးပွားရေးကို အကြီးအကျယ်လုပ်ပြီး အတွေးအခေါ် ခပ်ညံ့ညံ့နဲ့ဆိုရင် သူဌေးဘဲ့လေးကို လက်လွှတ်ရမယ်မှတ် . . ဒါနဲ့ ဟိုတယ်ပိုင်ရှင်သူဌေးကို မမြင်ပါလား ဆူးဆူး . . ."

"အေး . . ငါလည်း ရှာနေတာ ဘယ်သူမှန်းကို မသိ ဘူး . . ."

"သိတော့ရော . . . နင်တို့က ဘာလုပ်မလို့လဲဟ"

"သူဌေးခပ်ညံ့ညံ့လေးကို မြင်ဘူးတယ်ရှိအောင်လို့ပါ"

ကျွန်မတို့ စကားလည်းပြော စားလည်းစားနှင့် ဖျော် ဖြေနေသော ဂီတသံစဉ်လေးကို နားဆင်နေလိုက်ကြသည်။

"ဟယ် . . ."

ကျွန်မ မျက်လုံးတွေမှာ ညနေက တွေ့ခဲ့ရသော





ပုဂ္ဂိုလ်ကို လှမ်းပြီးတွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ်မှာ စားပွဲဝိုင်း များမှ လူများကို လိုက်လံနှုတ်ဆက်နေသည်။

ကျွန်မတို့ ဝိုင်းနားသို့ ထိုပုဂ္ဂိုလ်ရောက်လာသောအခါ ကျွန်မမှာ အကြောင်းမဲ့ ရင်တွေဖိုနေမိသည်။

"စားရသောက်ရတာ အဆင်ပြေရဲ့လား . . လိုအပ်တာ တွေ အားနည်းတာတွေ ရှိရင်ပြောပါ . . ."

"အားလုံးပြည့်စုံပါတယ်"

ကျွန်မကတော့ ဘာမှစကားမဆိုဘဲ ထိုပုဂ္ဂိုလ်၏ မျက်နှာကို စိုက်ကြည့်နေမိတယ် . . . လက်ခံစကားပြောနေသူက ဆူးဆူး . .

"ခုပွဲလေး လုပ်ပေးတာ ဟိုတယ်အတွက် ဈေးကွက် ရှာတာမဟုတ်ပါဘူး . . . ဒီနေ့ဟာ ကျွန်တော့်ဟိုတယ်ရဲ့ (၅)နှစ် ပြည့် အထိမ်းအမှတ်ပွဲကလေး လုပ်တာပါ . . ."

"ဪ . . . ဟုတ်ကဲ့"

"ပြီးရင် အမှတ်တရကံစမ်းပွဲလေးကို ပါဝင်ဖို့ပါ ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါရစေ. . .သွားခွင့်ပြုပါဦး"

ထိုပုဂ္ဂိုလ် ထွက်သွားတဲ့အထိ . .ကျွန်မစကားသံ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

"သဇင်. . .သဇင်"

"ဟယ်. . .လန့်လိုက်တာ"

"မသိပါဘူးဟာ. . .ထိုင်ရက်ကြီး အသက်ထွက်သွားပြီလားလို့. . .ဘာတွေ စျာန်ဝင်နေတာလဲ"

"ဘာကိုမှ စျာန်မဝင်ပါဘူး. . .သီချင်းသံစဉ်နောက်မှာ မျှောပါသွားတာ ဦးမြင့်မြတ်ကေရာဇ်ဆိုသူလား ဆူးဆူး. . ."

"ဟုတ်မှာပေါ့. . .နင်ထင်ထားသလို ခပ်ညှံ့ညှံ့သူ့ဌွေးတော့ မဟုတ်တန်ကောင်းဘူးနော်"

"အပြီး. . .သူ့ဒီဇိုင်းက ခန့်ညားတယ် မျက်နှာလေးကို ကြည့်ရတာ ရှင်းသန့်နေတာပဲ"

"ကျူရီ ကောင်မစုတ်. . .နောက်ပိုးမ လုပ်ချင်နေတယ်"

"ရင်ထဲက အရှင်းဆုံးစကားကို ပြောတာပါဟာ. . .





ဘာပယောဂမှ မပါပါဘူး"

ဆူးဆူးနှင့် ကျူရီ စကားပွဲမှာ . . .ကျွန်မဝင်မပါဘဲ တိတ်ဆိတ်စွာပင် နေလိုက်သည်။

"တိုက်ဆိုင်တာ တစ်ခုတော့ ဖြစ်နေပြီ. . ."

"ဘာတိုက်ဆိုင်တာလဲ သဇင်. . ."

"သူ့ဟိုတယ် (၅)နှစ်ပြည့်တဲ့နေ့ဟာ . . .ငါတို့(၃) ယောက်ရဲ့ ဘဝသစ်ခြေလှမ်းစတင်တဲ့ နေ့ရက်နဲ့ တစ်ရက်တည်း ကျနေတယ် (× + - + ×)နေ့လေ၊ နင်တို့မှတ်မိလား"

"ဟုတ်ပါရဲ့ ဟယ်. . .ငါတို့(၃)ယောက်ကို အန်တီမမ ပထမဆုံးပွဲတစ်ခုကို ဆင်နွှဲနိုင်းတဲ့နေ့ပဲ"

"ငါတို့(၃)ယောက်ရဲ့ (၅)နှစ်ပြည့်ပွဲလေးကို သူကလုပ်ပေးတယ်လို့ သဘောထားလိုက်ပေါ့ဟာ. . ."

"ကျေးဇူးတင်ပါတယ် ဦးမြင့်မြတ်ကေရာဇ်. . ."

"ရပါတယ်ဟာ. . ."

"အံမာ . .နင်က ဘာကိုရပါတယ်လို့ ပြောတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကျူရီ. . ."

"ခင်ပွန်းကိုယ်စား ဇနီးသည်က ပြောပေးတဲ့သဘော လေ. . ."

"ကောင်မစုတ် . . .စိတ်ကူးနဲ့ အရူးထမနေနဲ့ ဒီလို လူမျိုးတွေဘဝမှာ ငါတို့လို ခပ်ပါးပါးအလုပ်တွေက ဘာမှအသုံး မဝင်ဘူး. . ."

ဆူးဆူးစကားလေးသည်. . .ကျွန်မရင်ထဲကို ဆို့နင့်စွာ ဝင်ရောက်လာသလို ခံစားလိုက်ရသည်။

လူ့ဘဝလောကကြီးမှာ အမြင့်နှင့်အနိမ့် ပေါင်းစပ်လို့ မရနိုင်တော့ဘူးလား. . .

"ဟူး. . ."

ကျွန်မသက်ပြင်း ပူလေးတွေကို ရင်ထဲမှာ စူးရှစွာ ချရင်း. . .လေပြေတွေနှင့်အတူ မှုတ်ထုတ်လိုက်မိသည်။

"ယနေ့ကြွရောက်လာကြသော ဧည့်သည်တော်တွေကို ကျွန်တော်တို့ဟိုတယ်ရဲ့ (၅)နှစ်မြောက် အမှတ်တရကံစမ်းပွဲ





ကလေးကို စတင်ပြီး ကျင်းပတော့မှာဖြစ်ပါတယ် . .ဒါကြောင့် မို့ အားလုံးကံစမ်းမဲအစီအစဉ်လေးတွေကို နွှားထောင်ပေးကြပါ"

ကျွန်မတို့လည်း ကံစမ်းမဲအစီအစဉ်လေးကို စိတ်ဝင် စားစွာ ကြည့်နေမိလိုက်သည်။

ဦးမြင့်မြတ်ကျော်ဆိုသူကတော့ ဧည့်ပရိသတ်ရှေ့ တွင် မတ်တတ်ရပ်လိုက်ပြီး စကားစပြီးဆိုလေသည်။

"ယနေ့ ကြွရောက်လာကြသော ဧည့်သည်တွေကို ကျွန်တော်အရင်ဆုံးပြောချင်တာကတော့ . .ခုအမှတ်တရ ပွဲလေးဟာ ဟိုတယ်ကြီးရဲ့ စီးပွားရေးပေါ်မှာ အခြေခံပြီး လုပ်တဲ့ ပွဲကလေးမဟုတ်ပါဘူး . .ပင်လယ်ကမ်းခြေကို အပန်းဖြေ ရောက်လာကြတဲ့ ဧည့်သည်တွေအတွက် ပင်လယ်ပြင်ရဲ့ အမှတ် တရကလေးဖြစ်စေလိုတဲ့ ဆန္ဒကလေးကြောင့် ပြုလုပ်တဲ့ ပွဲကလေးပဲဖြစ်ပါတယ် . .အမှတ်တရကံစမ်းမဲကလေးတွေဟာ တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေမဟုတ်ပါဘူး၊ ပျော်ရွှင်ရယ်မော စရာလေးတွေ အဖြစ်ဖန်တီးပြုလုပ်ထားတာလေးတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ် . . ကံစမ်းမဲ ဆုတွေထဲမှာ အထူးဆုလေးကတော့ ပင်လယ်နတ်သမီး ပန်းပုရုပ်ကလေးပဲ ဖြစ်ပါတယ် . . .”

“ဟင် . . .”

ဦးမြင့်မြတ်ကေရာင်ဆီမှ ကြားလိုက်ရသော ပင်လယ်နတ်သမီးရုပ်ထုလေးဟူသော စကားကြောင့် ကျွန်မရင်ထဲသို့ တစ်စုံတစ်ခု ပြုတ်ကျလာသလို ခံစားလိုက်ရသည်။

ကျွန်မဘဝ၏ အတိတ်ပြေးလမ်းကြောင်းပေါ်မှာ ပင်လယ်နတ်သမီးရုပ်တုကလေးဟာ အရိပ်ကလေးတစ်ခုလို ကပ်တွယ်နေခဲ့ဘူးတာဖြစ်ပါတယ်။

“ကဲ . . . ကံစမ်းမဲလေးတွေ စပြီးနှိုက်ကြရအောင်”

ဟိုတယ်ဝန်ထမ်းလူငယ်လေးတို့က ငွေဖလားတစ်လုံး စီကိုင်ပြီး စားပွဲများဆီသို့ လာကြပြီး ကံစမ်းမဲလိပ်များကို နှိုက်နိုင်းလေသည်။

ကိုယ်နှိုက်ထားတဲ့ ကံစမ်းမဲလိပ်နံပါတ်လေးတွေကို ကိုင်ပြီး ဘယ်လိုပစ္စည်းတွေလည်းဆိုတာကို စောင့်စားနေကြ





ရသည်။ ကျွန်မရထားသော မဲလိပ်နံပါတ်က (၅၀)ဖြစ်၍ . . . ကျူးရီနှင့် ဆူးဆူးတို့က (၁၀)နှင့်(၁၂)ဖြစ်သည်။ မဲလိပ်နံပါတ်နှင့် ပစ္စည်းလေးတွေကို ကြေညာတော့ တစ်ချို့သောပစ္စည်းတွေမှာ ပေါက်သည့်သူနှင့်ဆန့်ကျင်ဘက်ဖြစ်နေသဖြင့် ရယ်စရာပင်ကောင်းနေတော့သည်။ ကျူးရီဆိုရင် ဆေးတံကလေး ပေါက်ပြီး . . ဆူးဆူးကတော့ ယောက်ျားရှူးဖိနပ်ပေါက်နေပြန်သည်။ ကျွန်မ နံပါတ်ကတော့ နောက်ဆုံးနံပါတ်များဖြစ်နေမလား တော့ မသိပါ . . .

“နံပါတ်(၅၀) . . .”

ကျွန်မ နံပါတ်ကလေးကို ခေါ်လိုက်တော့ ရင်ထဲမှာ လှုပ်ရှားသွားမိသည်။

“ယနေ့အမှတ်တရပွဲ၏ အထူးဆုဖြစ်တဲ့ ပင်လယ်နတ်သမီးရုပ်တုကလေးဖြစ်ပါတယ် . . .”

“ဟယ် . . .”

ကျွန်မ၏ မျှော်လင့်ချက် အိပ်မက်လမင်းလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်သလိုဖြစ်သည်။ ကျွန်မ ပင်လယ်နတ်သမီးရုပ်တုကလေးသွားပြီး လက်ခံသောအခါ လက်ဖျားကလေးတွေပင် အေးစက်ပြီး တုန်ယင်နေသည်။

"ပင်လယ်နတ်သမီး ရုပ်တုကလေးဟာ ငွေကြေးနဲ့ တန်ဖိုးဖြတ်မယ်ဆိုရင် ဘာမှတန်ဖိုးမရှိလှပေမယ့် အမှတ်တရအတွက်တော့ ဘာနဲ့မှတန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်း ကလေးပါ..."

"ဟုတ်ကဲ့...ကျွန်မ မပျောက်မပျက်အောင် သိမ်းထားပေးပါ့မယ် ဦးမြင့်မြတ်ကျော်"

"ကျေးဇူးတင်ပါတယ်..ဪ..တစ်မျိုးတော့ မထင်နဲ့နော် မင်းနာမည်ကလေးကို ပြောခဲ့လို့ရမလား"

"ဟုတ်ကဲ့...သဇင်ပါ"

"သေချာမှတ်ထားပါ့မယ်..."

ကျွန်မ ဦးမြင့်မြတ်ကျော်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး ခေါင်းလေးညိတ်ကာ ကျောပေးထွက်လာခဲ့တော့





သည်။

ကျွန်မဘဝတစ်လျှောက် ယောက်ျားများစွာကို လှည့်ဖြားမှုတွေနှင့် ကျင်လည်ခဲ့ပေမယ့်...ရင်ဖိုမှုတစ်ကြိမ် တစ်ခါမျှ မဖြစ်ခဲ့ပါ...ကျွန်မတို့ (၃)ယောက်ထဲတွင် နှလုံးသားကင်းမဲ့သူဆိုပြီး သတ်မှတ်ခြင်းခံထားရသူပါ...ယောက်ျားတွေပေါ်မှာ ရက်စက်ရမယ်ဆိုရင် အပြုံးမပျက်တတ်သူ...ခုတော့ ဘာရယ်ကြောင့်မသိ ဦးမြင့်မြတ်ကျော်ဆိုသူနှင့် **ပတ်သက်**ပြီး ကျွန်မနှလုံးသားမှာ တုန်ယင်လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေလေပြီ...

"သဇင်...နင်ကတော့ ကံကောင်းခြင်းလက်ဆောင်တစ်ခုကို ရလိုက်တာပဲ"

"နင်တို့ပြောတဲ့ ကံကောင်းခြင်းလက်ဆောင်ဖြစ်ပါစေတော့ဟာ..."

"ပင်လယ်နတ်သမီးရုပ်တုကလေးက မသိရင် ကျောက်စိမ်းနဲ့ထုထားသလိုပဲနော်...တကယ့်ကျောက်စိမ်းသာဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပွပြီနော်...”

“ငါ့အတွက်...ဒီပင်လယ်နတ်သမီးရုပ်တုကလေးဟာ ဘယ်အရာနဲ့မှ တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတစ်ခုပါ”

ကျွန်မရင်ထဲမှ အရိုးစင်းဆုံး ဝန်ခံလိုက်သောစကား လေးပင်ဖြစ်သည်။

အခန်း ◀ ၃ ▶

“ဒီက အန်ကယ့်နာမည်က ဦးခန့်စည်မောင်လို့ ခေါ်တယ်...စက်ပူက ဘဏ်တစ်ခုမှာ ရှယ်ယာဝင်ပြီး စီးပွားရေး လုပ်နေတာ...”

“ဟုတ်ကဲ့...”

“ဦးခန့်..သူက သဇင်၊ ဘေးကဆူးဆူးနဲ့ ကျူရီ...”

အန်တီမမ မိတ်ဆက်ပေးသော ဦးခန့်စည်မောင်ကို အလိုက်သင့်ကလေး မိတ်ဆက်လိုက်ပြီး၊ အန်တီမမ ဘာ ဖြစ်လို့ မိတ်ဆက်ပေးသည်လဲသာ နားစွင့်နေသည်။



www.burmeseclassic.com

"အန်ကယ်တော့ မင်းတို့(၃)ယောက်အကြောင်းကို မမ ပြောပြထားလို့ သိထားပြီးပါပြီကွယ် . . . အန်ကယ် မင်းတို့နဲ့ ခုလိုလာပြီးတွေ့ရတာ အကူအညီတစ်ခုတောင်းတယ်လို့ သဘောထားပေးပါ . . ."

"ဒီလို သမီးတို့ရဲ့ . . . သမီးတို့(၃)ယောက်လုံး အလုပ်တစ်ခုကို လုပ်ပေးရမယ် . . ."

အန်တီမမ စကားကြောင့် ကျွန်မတို့ချင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိသည်။

"ခု လုပ်ကိုင်ရမယ့် အလုပ်ကတော့ အရင်လုပ်ခဲ့တဲ့ အလုပ်တွေလိုတော့မဟုတ်ဘူး . . . အချိန်ပေးပြီး လုပ်ရမယ့် အလုပ်ကွဲ့ . . ."

"အချိန်ဆိုတာ ဘယ်လောက်ထိကြာမှာလဲအန်တီ"

"ဒါကတော့ သမီးတို့(၃)ယောက်ပေါ်မှာပဲ မူတည်ပါတယ် . . ."

"ရှင် . . ."





"ဟင် . . ."

"မမက သူတို့ကို အကြောင်းစုံပြောပြမှ သူတို့သဘောပေါက်မှာပေါ့ . . ."

အန်တီမမ သူ့လက်ကိုင်အိတ်လေးထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြီး . . . စားပွဲပေါ်သို့ တင်လိုက်သည်။

"သမီးတို့(၃)ယောက် သိပ်ပြီးချမ်းသာတဲ့ လူတစ်ယောက်ဆီမှာ အလုပ်ဝင်လုပ်ရမယ် . . ."

"ဒီ ဓာတ်ပုံထဲက လူလား . . ."

"ဟုတ်တယ် . . ."

"ဟယ် . . ."

ကျွန်မ ဓာတ်ပုံကို သေသေချာချာ ကြည့်လိုက်ရာ ဦးမြင့်မြတ်ကျော်၏ ဓာတ်ပုံဖြစ်နေသည်။

"ကျွန် . . . ကျွန်မတို့ ဘာလုပ်ရမှာလဲ"

ကျွန်မစကားသံတွေ တုန်ယင်သလို ဖြစ်သွားသောကြောင့် သတိနှင့်ပြန်ပြီး ထိန်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ အရင်လုပ်ကိုင်ခဲ့တဲ့ ပုံစံမျိုးတော့မဟုတ်ဘူး။ သူ့ဆီက ပစ္စည်းလေးတစ်ခုကို ရဖို့အတွက် . . .သမီးတို့(၃)ယောက်စလုံး သူ့ကို ချဉ်းကပ်ကြရမယ်"

"သူ့ဆီက ပစ္စည်း . . ."

"ဟုတ်တယ် သမီး..သူ့ဆီမှာရှိတဲ့ နဂါးနက်ရုပ်တုလေးကို ရအောင်ယူပေးဖို့ပဲ . . .ဒီပစ္စည်းနဲ့ပတ်သက်ပြီး၊ သမီးတို့အလုပ်မဟုတ်လို့ မသိချင်ပါနဲ့ . . ."

"ကျွန်မတို့ဝင်ဖို့အတွက် ဘယ်လိုစီစဉ်ပေးမှာလဲ . . ."

"ဒီအတွက် အန်တီ့တာဝန်ထားလိုက်ပါ . . .သူ့ဆီကို မဝင်ခင်၊ သမီးတို့(၃)ယောက်လုံးဘက်က ပြင်ဆင်စရာတွေကို ပြင်ဆင်ထားရမယ် . . ."

"လုပ်အားကြေးကရော . . .အန်တီမမ"

"လုပ်ငန်းအောင်မြင်ရင် . . .တစ်ယောက်ကို သိန်း (၁၀၀)စီပေးမယ်"

"အန်တီ့အတွက်ပါ . . .ပါပြီးသားလား"





"မပါပါဘူး . . .အန်တီ့အတွက်က သီးသန့်ရမှာပါ။ သမီးတို့အလုပ် လက်ခံရင် . . .ဦးမြင့်မြတ်ကျောင်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို စပြီးလေ့လာဖို့အတွက် ရန်ကုန်မှာ စကားပြန်ပြောကြမယ်"

ကျွန်မတို့ (၃)ယောက်လုံး ခေါင်းညိတ်သည့်ထဲတွင် ကျွန်မသည် တွေဝေသော ခေါင်းညိတ်မှုပင် ဖြစ်တော့သည်။

ဦးခန့်စည်မောင်နှင့် အန်တီမမတို့ ပြန်သွားပြီးနောက် ကျွန်မတစ်ယောက်တည်း သောင်ပြင်ဘက်ဆီသို့ ထွက်လာခဲ့မိသည်။

"သဇင် . . .ဟေ့ သဇင် . . ."

ကျွန်မနောက်ကို အပြေးကလေးလိုက်လာပြီး ခေါ်နေသော ဆူးဆူးကို တွေ့လိုက်ရသောကြောင့် ရပ်ပြီးစောင့်နေလိုက်သည်။

"သဇင် . . ."

"ဘာလဲ ဆူးဆူး . . .ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမမ အလုပ်ကိစ္စပေါ်မှာ နင်ဘယ်လို မြင်ထားလဲ..."

"ဆူးဆူးရယ်...သူက ငွေရမယ်ဆိုရင် သိုက်တူးမယ့်သူပဲဟာ...သူ့အတွက် အကျိုးရှိလို့ ငါတို့ကိုခိုင်းတာပေါ့ဟာ"

"ဒါတော့ ငါလည်းသိတာပေါ့ဟာ...ခု ငါတို့လုပ်ရမယ့် အလုပ်က တစ်မျိုးဖြစ်နေမလားလို့ ဦးမြင့်မြတ်ကေရာဇ်လို လူတစ်ယောက်ကို ချဉ်းကပ်ဖို့ဆိုတာ ငါ့စိတ်ထဲမှာ ခက်ခဲနေမလားလို့..."

"ဆူးဆူးရယ် နင်က မာယာတွေကို ကျွမ်းကျင်တဲ့သူပါ...ယောကျ်ားတစ်ယောက် ပြုလဲသွားအောင် နင် လုပ်နိုင်ပါတယ်"

"မထင်နဲ့ သဇင်...ငါတို့ချဉ်းကပ်ရမယ့်... ဦးမြင့်မြတ်ကေရာဇ်ဟာ ယောကျ်ားတွေထဲမှာ ထူးခြားတဲ့လူတစ်ယောက်ဖြစ်နေသလိုပဲ...အရင်လို လွယ်လင့်တကူ မာယာကျော့ကွင်းထဲမှာ မိဖို့ဆိုတာ မလွယ်ကူနိုင်ဘူး"





ကျွန်မဆူးဆူး စကားကို ခေါင်းမညိတ်ပေမယ့်... ကျွန်မ စိတ်ထဲတွင် ဦးမြင့်မြတ်ကေရာဇ်အနားကို ရောက်ဖို့အတွက် အားအင်တွေကုန်ခမ်းနေသလို ဖြစ်နေသည်။

"ကျူရီကရော ဘယ်လိုမြင်ထားလဲ..."

"သူက နင်သိတဲ့အတိုင်း ယောကျ်ားတိုင်းပေါ်မှာ..အထင်သေးတတ်တဲ့သူလေ...နင်အမြင်ကရော"

"ဦးမြင့်မြတ်ဇေကရာဇ်အကြောင်းကို ဘာမှမသိရသေးပဲနဲ့တော့ မပြောချင်ဘူးဟာ...တစ်ခုတော့ပြောနိုင်တယ်၊ နင်ပြောသလို ဦးမြင့်မြတ်ဇေကရာဇ်ဟာ ခပ်ညံ့ညံ့ပုဂ္ဂိုလ်တစ်ဦးတော့ မဟုတ်ဘူး...လျှော့တွက်ထားလို့တော့မရဘူး"

"သဇင်..."

"ပြောလေ..ဆူးဆူး..."

"နင့် မျက်နှာကိုကြည့်ရတာ သိပ်ပြီးမလန်းသလိုပဲနော်..."

"ငါ မညာချင်ပါဘူးဟာ...ငါတို့တစ်တွေဟာ ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



အရင်းတွေထက်တောင် သံယောဇဉ်ရှိကြတဲ့သူတွေဆိုတော့ ငါ့ခံစားချက်လေးကို ပြောပြပါ့မယ် . . .”

ကျွန်မနှင့် ဆူးဆူး. . .သောင်ပြင်လေးပေါ်မှာ အတူတူ ထိုင်ချလိုက်ပြီး. . .တရိပ်ရိပ်တက်နေသော လှိုင်းဂယက်လေးတွေကို ငေးကြည့်ရင်း. . .

“ပင်လယ်နတ်သမီး ရုပ်တုကလေးဟာ ငါ့ဘဝအတွက် ကြေကွဲစရာကောင်းတဲ့အဖြစ်အပျက်တစ်ခု ရှိခဲ့ဘူးတယ်. . .”

“ဟယ်. . .ဘယ်လိုအဖြစ်အပျက်မျိုးလဲ”

“ငါ(၇)နှစ် သမီးအရွယ်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကြေကွဲဖွယ်ကောင်းတဲ့ မှတ်တမ်းလေးပေါ့ဟာ. . .ငါတို့ရပ်ကွက်ထဲမှာ ပစ္စည်းမျိုးစုံရောင်းတဲ့ ဆိုင်ကလေးတစ်ဆိုင်ရှိတယ်. . စတိုးဆိုင်ရဲ့ ရှေ့မျက်နှာစာက မှန်ရှိုးကေ့စ်ထဲမှာ ပင်လယ်နတ်သမီးရုပ်တုလေးကို ငါတွေ့ပြီးအရမ်းလိုချင်ခဲ့တယ်. . .ငါ့ဘဝအခြေအနေက ပင်လယ်နတ်သမီး ရုပ်တုလေးကို ဝယ်နိုင်ဖို့ဆိုတာ စိတ်ကူးယဉ်လို့တောင် မရပါဘူးဟာ . . .ငါ့အတွက်





ကျောင်းသွားကျောင်းပြန် ဒီပင်လယ်နတ်သမီး ရုပ်တုကလေးကို အလုကြည့်ပြီး နှစ်သိမ့်နေခဲ့ရတယ်ဟာ. . .တစ်လလောက်ကြာတော့ ငါ့အရမ်းကို မြတ်နိုးတဲ့ပင်လယ်နတ်သမီး ရုပ်တုလေးကို မတွေ့ရတော့ဘူး. . .တစ်ယောက်ယောက် ဝယ်သွားတာဖြစ်မှာပေါ့ဟာ . .ငါလည်းစိတ်မကောင်းဖြစ်ပြီး၊ မျက်ရည်တောင်ဝဲမိတယ်. . .ငါ ကျောင်းအပြန်လမ်းမှာ လူမသိအောင် မျက်ရည်တွေသုတ်ခဲ့ရတယ် . .အံ့ဩဖို့ကောင်းတာက ငါအိမ်ပြန်ရောက်တော့ ငါ့စာအုပ်စင်လေးမှာ ပင်လယ်နတ်သမီးရုပ်တုလေး ရောက်နေတယ်. . .”

“ဟယ် . . .ဘယ်သူလာပေးသွားတယ်ဆိုတာ နင်သိလိုက်ရလား. . .”

“အမေပြောတာတော့. . .ငါ့သူငယ်ချင်းတစ်ယောက်က လက်ဆောင် လာပေးသွားတာတဲ့ ဘယ်သူဘယ်ဝါဆိုတာ. . ခုထိ ငါမသိရသေးဘူး”

“နင့် ပင်လယ်နတ်သမီးရုပ်ကလေးက. . .ခု ရုပ်တုနဲ့

သဏ္ဍာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲလား သဇင် . . .''

''တူရုံတင်မကဘူး . . . ဒီရုပ်တုလေးပဲ ဆူးဆူး''

''ဟယ် . . . နင်ဘယ်လိုကြောင့် သိတာလဲ . . . ပြီးတော့ ဒီရုပ်တုလေးက နင့်ဆီကနေ ပျောက်သွားတာလား''

''ငါ့ပထွေး ဖဲရိုက်ဖို့ ငွေမရှိတာနဲ့ ငါမသိအောင် တခြားတစ်ယောက်ကို ရောင်းလိုက်တာလေ . . . ငါ့လက်ထဲမှာ (၁)နှစ်လောက်နေခဲ့တဲ့ ဒီရုပ်ထုကလေးရဲ့အောက်မှာ ငါ့နာမည်လေးကို ရေးထားတာ . . . ခုထိရှိနေတုန်းပဲ ဆူးဆူး''

''အရမ်းကို တိုက်ဆိုင်နေသလိုပဲနော် . . .''

''တိုက်ဆိုင်မှုက မယုံနိုင်လောက်အောင်ပဲဟယ် . . . ဒီရုပ်ထုကလေး ပျောက်သွားတဲ့နေ့မှာပဲ ငါတို့မိသားစုထဲ ကံကြမ္မာဆိုးတစ်ခု ဝင်ခဲ့တာပဲဟာ . . .''

''ဘယ်လို ကံကြမ္မာမျိုးလဲ . . .''

''ငါ့ပထွေးကို ငါ့အရုပ်ကလေးပြန်ပြီး ရှာခိုင်းလို့ . . . ပထွေးက ငါ့ကို ရိုက်နှက်တာကို အမေက ဝင်တားရင်း





စကားများရာကနေ ပထွေးခေါင်းကို အမေအဝတ်လျှော်တုတ်နဲ့ ရိုက်ခဲ့တယ်''

''အယ် . . .''

''ပထွေးက အမေရိုက်တဲ့ဒဏ်ရာနဲ့ ဆေးရုံမှာဆုံးသွားပြီး၊ အမေထောင်(၅)နှစ်ကျသွားခဲ့တယ်လေ . . . ငါကတော့ အဒေါ်ဆီမှာ တစ်ယောက်တည်း ကျန်ခဲ့ပြီး၊ ဘဝခါးခါးကို ကျော်ဖြတ်ခဲ့ရတယ် . . . ဒါပေမယ့် ဘဝက ဘယ်လိုကြမ်းခဲ့ပေမယ့်၊ ငါ့အဒေါ်ကိုကျေးဇူးတင်ပါတယ် . . သူ့ကြောင့် ငါတက္ကသိုလ်တက်ခွင့်ရခဲ့တယ် . . . အမေ ထောင်ကနေပြန်ပြီး လွတ်လာလို့ အပြင်မှာ (၁)နှစ်လောက်ပဲနေရပြီး ဆုံးသွားခဲ့တယ် . . . ဒီကတည်းက ငါ့ဘဝကို အသွင်တစ်မျိုးပြောင်းပြီး ရင်ဆိုင်ခဲ့ရင်း နင်တို့နဲ့ဆုံခဲ့တာပဲလေ . . .''

''နင့် ပင်လယ်နတ်သမီး ရုပ်တုလေးက နင့်ရဲ့ကံကြမ္မာ တစ်ခု ဖြစ်နေတာပဲနော် . . . ဒီအရုပ်ကလေးကြောင့် ဖြစ်ပျက်ခဲ့ရတဲ့ပေါ်မှာ နင်စိတ်မနာဘူးလား . . .''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မနာခဲ့ပါဘူးဟာ. . .ငါလေ ဒီအရုပ်ကလေးကို ရှာနေတာကြာပြီ၊ ခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတော့ ဟာကယ်ပဲ. . .ရင်ထဲမှာ အတိုင်းအဆမဲ့ပျော်မိတယ်"

"သဇင်. . .ဦးမြင့်မြတ်ကေရာဇ်ဟာ ပင်လယ်နတ်သမီးရုပ်တုလေးနဲ့ ဆက်နွယ်မှုများ ရှိနေမလား မသိဘူးနော်"

"ဒါတော့ ငါလည်း မပြောတတ်ဘူးဆူးဆူးရယ်. . ."

"နင့်ကို သူငယ်ချင်းဆိုပြီး ပေးခဲ့သူကရော. . . ဦးမြင့်မြတ်ကေရာဇ် မဖြစ်နိုင်ဘူးလား"

"ဒီလောက်ထိ ငါမတွေးချင်တော့ဘူးဟာ ကံကြမ္မာကောင်းကင်ပေါ်က ပြုတ်ကျလာတယ်လို့ပဲ သတ်မှတ်လိုက်တော့မယ် ဆူးဆူးရယ်. . ."



## အခန်း ( ၄ )

"မြင့်မြတ်ကေရာဇ်ဟာ မြန်မာပြည်ရဲ့ထိပ်တန်းစာရင်းဝင် သူဌေးတစ်ယောက်ဖြစ်တယ်. . .သူ့ရဲ့ ချမ်းသာမှုအကြောင်းတွေကို ပြောပြရင် ဆုံးမှာမဟုတ်ဘူး. . .မင်းတို့(၃)ယောက် အဓိက သိထားရမယ့်အချက်တွေပဲ ပြောမယ်. . ."

ကျွန်မ အပါအဝင် ဆူးဆူးနှင့် ကျူရီကတော့. . . အန်တီမမ ပြောပြနေသော ဦးမြင့်မြတ်ကေရာဇ်အကြောင်းကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ဦးခန့်စည်မောင်ကတော့ အန်တီမမဘေးတွင် ထိုင်လျက်. . .

"ဦးမြင့်မြတ်ကေရာဇ်မှာ နှလုံးရောဂါသည် မိခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနဲ့ မိဘမဲ့တူမလေး တစ်ယောက်ရှိတယ်. . .သူ့မိခင်ကြီး အမည်ကတော့ ဒေါ်သူဇာစံ၊ တူမလေးအမည်က သျှိသုန္ဒရီ. . ကလေးရဲ့ မိဘနှစ်ပါးကတော့ ကလေး(၅)နှစ်သားအရွယ် ကတည်းက ကားမှောက်ပြီးဆုံးပါးသွားကြပြီ. . .”

“သူ့တူမဆိုတာ ညီမနဲ့ပတ်သက်ပြီး တော်စပ်တာလား၊ ညီနဲ့ပတ်သက်ပြီး တော်စပ်တာလား. . .”

“အစ်မ ဖြစ်သူနဲ့ ပတ်သက်ပြီးတော်စပ်တာ . . . ဦးမြင့်မြတ်ကေရာဇ်ဘဝမှာ အရေးအကြီးဆုံး (၃)ခုရှိတယ်. . ပထမတစ်ခုက သူ့မိခင်ကြီးရဲ့ ကျန်းမာရေး၊ ဒုတိယအရေးကြီးတာက. .တူမလေးသျှိသုန္ဒရီ တတိယကတော့ သူ့ နှင်းဆီခင်းပဲ၊ မြင့်မြတ်ကေရာဇ်အိမ်မှာ ခြံစောင့် သံချောင်း၊ အိမ်ရဲ့စားတော်ကဲ ဒေါ်နှင်းတို့လင်မယားနဲ့ ခြံသန့်ရှင်းရေး ဦးဗလတို့နေထိုင်ကြတယ်. .သူတို့စိတ်သဘော ထားတွေကိုတော့ မင်းတို့အနီးကပ် လေ့လာပြီး စည်းရုံးသင့်တဲ့ သူကို စည်းရုံးရမယ်. . .”

“အန်တီမမ . . .ကျွန်မတို့ ရှာဖွေရမယ့်ပစ္စည်းက





သိပ်ကိုခက်ခဲနေမလား. . .”

“အလွယ်လေးရှာဖွေလို့ မရနိုင်လို့ မင်းတို့ကို ခိုင်းတာပေါ့. . .”

“ကျွန်မတို့ ဘယ်လိုပုံစံနဲ့ ဝင်ရမယ်ဆိုတာကို သိချင်ပါတယ်. . .”

“အန်တီမမဘက်က. . .ဘယ်လိုစီစဉ်ထားလဲ”

“သဇင်. . .မင်းက ကျောင်းပညာ အခြေခံရှိတဲ့သူဆိုတော့ ဦးမြင့်မြတ်ကေရာဇ်ရဲ့ တူမလေး သျှိသုန္ဒရီကို စာပြ စောင့်ရှောက်တဲ့ဆရာမအဖြစ်နဲ့ ဝင်ရမယ်”

“ကလေးကို စာပြရုံတစ်ခုတည်း မဟုတ်ဘူးလား. . .”

“ဦးမြင့်မြတ်ကေရာဇ်လိုအပ်နေတာက သူ့တူမလေးကို စာပြပေးရုံတစ်ခုတည်း မဟုတ်ဘူး . . .ပြုစုစောင့်ရှောက်မှုလေးပါ လိုချင်တယ်”

“သူ့အိမ်မှာ နေပေးရမှာပေါ့. . .”

“ဟုတ်တယ်. . .([redacted])လမှာတစ်ခါတော့ ပြန်ခွင့်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီစည်းကမ်းပိုင်းတွေကို သူပြောပြပါလိမ့်မယ် . . ဆူးဆူး မင်းကတော့ သူနာပြုဆရာမ နေရာက ဝင်ရမယ်"

ဆူးဆူးမှာ မိခင်ဖြစ်သူက သူနာပြုဆရာမ လုပ်ခဲ့ဖူးသူဖြစ်တာမို့ . . . သူနာပြု အလုပ်နဲ့ပတ်သက်ပြီး ရင်းနှီးကျွမ်းကျင်ထားသူတစ်ဦးဖြစ်သည်။

"ကျူရီ မင်းကတော့ ပန်းတွေနဲ့ပတ်သက်ပြီး၊ ရင်းနှီးကျွမ်းကျင်တဲ့သူဆိုတော့ နှင်းဆီပန်းခင်းကို ပျိုးထောင်တဲ့သူ အဖြစ်နဲ့ ဝင်ရမယ်နော်"

အန်တီမမကတော့ အကွက်ချစီစဉ်ကာ နေရာချနေလေသည်။

"အန်တီမမ . . . ကျွန်မတို့က ခုပြောတဲ့ အလုပ်တွေကို အလွယ်တကူရနိုင်ပါ့မလား"

"ဒီအတွက်တော့မပူနဲ့ ဒီအပိုင်းက ငါ့အပိုင်းပဲ . . . မင်းတို့ဘက်က မြင့်မြတ်ကေရာဇ်အနားကို ရောက်တာနဲ့ လုပ်ရမယ့်ကိစ္စတွေကို အောင်မြင်အောင်လုပ်ဖို့ပဲ ကြိုးစားကြ





ရမယ် . . ."

"ကျွန်မတို့လုပ်ငန်းက ဘယ်တော့စရမလဲ အန်တီမမ"

"ဒီတစ်ပတ်အတွင်းတော့ဖြစ်မယ် . . . အရေးကြီးတဲ့ကိစ္စတစ်ခုကျန်သေးတယ် . . . ဒါကတော့ မင်းတို့နဲ့အတူ မြင့်မြတ်ကေရာဇ်နားကို ချဉ်းကပ်ဖို့ကြိုးစားနေတဲ့ လူတစ်ယောက်ရှိတယ် . . သူကတော့ ဟယ်လင်နိုင် . . ခေတ်ဆန်ပြီး အလှ သရဖူဘွဲ့ ပေးရလောက်အောင်လှတဲ့မိန်းကလေးတစ်ဦးပဲ . . ."

"သူကလည်း နဂါးနက်ကို ရှာဖွေနေတဲ့သူပေါ့ . . ."

"ဟယ်လင်နိုင်က နဂါးနက်ကိုရှာဖွေနေတဲ့သူတော့ မဟုတ်ဘူး . . . မြင့်မြတ်ကေရာဇ်ကို သိမ်းပိုက်ဖို့ ကြံနေတာ"

"ဒါဆိုရင် . . . ကျွန်မတို့နဲ့ လိုင်းကမတူပါဘူး . . . သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်ရမှာပဲ"

"မစဝင်နဲ့ ကျူရီသူက မြင့်မြတ်ကေရာဇ်နားကို သူကလွဲပြီး ဘယ်သူမှ ကပ်တာကိုတွေ့ချင်တဲ့သူမဟုတ်ဘူး . . . မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဒီခြံထဲက အမြန်ဆုံးထွက်သွားရအောင်လုပ်မှာ သေချာတယ် . . .သူ့ကြောင့် ခြံထဲကနေ ထွက်သွားရတဲ့ သူနာပြုဆရာမတွေ၊ စာသင်ပေးတဲ့ဆရာမတွေ၊ ပန်းခင်းပြုစုတဲ့ဆရာတွေက မနည်းတော့ဘူး . . .”

“အန်တီမမ ပြောပုံအရဆိုရင် သူ့စကားက . . . ဦးမြင့်မြတ်ကျော်ရောင်ပေါ်မှာ အောင်မြင်မှုရှိတယ်လို့ ဆိုရမှာပေါ့ . . .”

“ဒီလိုတော့မဟုတ်ဘူးကွဲ့ . . .မြင့်မြတ်ကျော်ရောင် ကိုယ်တိုင်က သဘောမကျတာလည်းပါတယ် . .ပြီးတော့ ဟယ်လင်နိုင်ရဲ့ ငွေကြေးနဲ့ လှည့်စားမှုတွေ အကောက်ကြံမှုကြောင့်လည်းပါတယ် . . .မင်းတို့(၃)ယောက်လုံး သတိထားဖို့တော့လိုအပ်တယ်၊ အန်တီပြောတဲ့ထဲမှာ ဘာမရှင်းတာရှိသေးလဲ . . .”

“ဟယ်လင်နိုင်နဲ့ ဦးမြင့်မြတ်ကျော်ရောင်ရဲ့ ပတ်သက်မှုကို သိချင်ပါတယ် အန်တီမမ . . .”

ကျွန်မ အမေးစကားကို . .အန်တီမမ ပြုံးလိုက်ပြီး





တော့မှ . . .

“မြင့်မြတ်ကျော်ရောင်မိဘတွေနဲ့ ဟယ်လင်နိုင်မိဘတွေက ရင်းနှီးကြတယ် . . .ပြီးတော့ လူငယ်ချင်းကို ပေးစားဖို့ထိစီစဉ်ထားကြတာ . . .”

“စေ့စပ်ပြီးပြီပေါ့ . . .”

“စေ့စပ်တဲ့အဆင့်ကို မရောက်သေးပါဘူး . . .လူကြီးချင်း စကားကမ်းလှမ်းတဲ့ အဆင့်ပဲ ရှိသေးတယ်”

“မြင့်မြတ်ကျော်ရောင်ဘက်က စိတ်ဝင်စားမှုအပိုင်းကရော အန်တီ . . .”

“သူ့ရင်ထဲက အကြောင်းတော့ အန်တီမသိဘူး . . အပြင်အခြေအနေကတော့ သာမန်မိတ်ဆွေ အဆင့်လောက်ပဲ ရှိတယ်လို့ထင်တယ် . . .”

“အန်တီ့ကို ကျွန်မတို့စကားတစ်ခုတော့ ကြိုပြောချင်တယ် . . .”

“ဆူးဆူး ပြောချင်တဲ့စကားကို ပွင့်ပွင့်လင်းလင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါ…"

"ဦးမြင့်မြတ်ကျော်ဟာ ကျွန်မတို့(၃)ယောက်ထဲက တစ်ယောက်ယောက်ကို သူ့ဘဝအတွက် ရွေးချယ်မယ်ဆိုရင် ရော…"

"ဆူးဆူးရယ်…သူ့လိုဘဝမျိုးနဲ့ မင်းပြောတဲ့ရွေးချယ်မှုဆိုတာ သိပ်ကို စိတ်ကူးယဉ်ဆန်လွန်းပါတယ်ကွယ်"

အန်တီမမစကားလုံးသည် ကျွန်မတို့(၃)ယောက်လုံးပေါ်မှာ အထင်သေးခြင်းများစွာနှင့် ပြောလိုက်သောကြောင့် ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားမိသည်။ သူထင်ထားသလို ကျွန်မတို့ဘဝနှင့် ဦးမြင့်မြတ်ကျော်ဘဝက ကွာခြားလှတယ်ဆိုတာတော့ သဘောပေါက်မိသည်။

"ကျွန်မတို့ဘက်က ဖြစ်လာမယ်လို့ ပြောတာမဟုတ်ပါဘူး…ဖြစ်လာခဲ့ရင် အန်တီမမဘက်က သဘောထားကို သိချင်တဲ့သဘောပါ…"

"အန်ကယ့်ဘက်က အရှင်းဆုံးပဲပြောမယ်…မင်းတို့





နဲ့ မြင့်မြတ်ကျော် ဘယ်လိုသမိုင်းကြောင်းကို ရေးရေး… အန်ကယ်စိတ်မဝင်စားဘူး၊ အရေးကြီးတာက အန်ကယ့်ဆီကို နဂါးနက်ရုပ်တုကလေးရောက်လာဖို့ပဲလိုအပ်တယ်…ကျန်တဲ့အပိုင်းကတော့ မင်းတို့အပိုင်းပဲ…ပမသူတို့ကို ကြိုတင်ငွေပေးလိုက်ပါ…"

"အန်ကယ် ကိစ္စအားလုံးပြီးမှ ငွေကိုယူပါ့မယ်…"

"ကောင်းပြီ…ဒါဆို မမ ကျူပ်စိတ်ချပြီးစောင့်နေတော့မယ်၊ လိုအပ်တာကို ဖုန်းဆက်ပြီးပြောလိုက်ပါ…"

"ကျွန်မပါ တစ်ခါတည်းလိုက်ပယ်…မင်းတို့(၃)ယောက်ကို ငါဒီရက်ပိုင်းအတွင်း ဆက်သွယ်လိုက်မယ်…ကိုယ့်ဘက်က ပြင်ဆင်စရာတွေကို ပြင်ဆင်ထားကြပါ"

"ကျွန်မတို့ တာဝန်အပိုင်းကို စိတ်ချပါ…"

ဂျူရီနှင့် ကျွန်မ ညှိခန်းတွင်ထိုင်လျက် ကျန်ရစ်ခဲ့ပြီး ဆူးဆူးက အိမ်ရှေ့ထိလိုက်ပို့ပေးသည်။

"သင်ဇင်…ငါတို့ ခုပွဲပြီးရင် အန်တီမမနဲ့လက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေဖြုတ်သင့်ပြီနော်"

"ကျူရီရေ...လက်တွဲဖြုတ်ဖို့အချိန်ကို ရောက်နေပါ ပြီဟာ ခုပွဲတောင်သိပ်ပြီး စိတ်မပါဘူး..."

"စိတ်မပါလည်း ကိုယ့်ဘက်က ပီပြင်အောင်သာ လုပ် ပေတော့ သဇင်...ဒီပွဲဟာ သူနဲ့နောက်ဆုံးပွဲ ဖြစ်မှာပါ"

ဆူးဆူးသည် ကျွန်မဘေးတွင် ဝင်ထိုင်ရင်းပြောလိုက် ခြင်းဖြစ်သည်။

"ငါတို့တစ်တွေပေါ်မှာ အန်တီမမတစ်နေ့မဟုတ် တစ် နေ့ထိုးကျွေးတော့မယ်...ဒါကိုတော့ သတိလစ်လို့မရဘူးနော်"

"နင်ပြောတာ ဟုတ်တယ်သဇင်...ခုပွဲဟာ သူငါတို့ (၃)ယောက်ပေါ်မှာ အသုံးချရုံတင်မဟုတ်နိုင်ဘူး..လျှို့ဝှက် အန္တရာယ်တစ်ခုတော့ ရှိနိုင်တယ်"

"ကိုယ့်ဘက်က ညှိရင်ခံရမှာပေါ့ဟာ...ငါအပြင်ကို ခဏသွားဦးမယ်...နင်တို့လိုက်ဦးမလား"

"ငါလိုက်မယ်...သဇင် နင်ရော"





"မလိုက်တော့ဘူးဟာ အိမ်မှာပဲနေခဲ့တော့မယ်..."

ကျူရီနှင့် ဆူးဆူး အဝတ်အစားလဲပြီး၊ အပြင်ထွက် သွားတော့ ကျွန်မအခန်းစားပွဲပေါ်က ပင်လယ်နတ်သမီးရုပ်တု လေးကို စိုက်ကြည့်ပြီး...

ငါ့နောက်ကွယ်မှာ...လူတစ်ယောက်ရှိနေပြီလား၊ ဒီလူဟာ ဘယ်သူလည်း ဦးမြင့်မြတ်ကေရာင်တော့မဖြစ်နိုင် ဘူး...ကျွန်မဘဝကို နောက်ကွယ်ကနေ ကူညီနေတဲ့လူတစ် ယောက်ရှိနေတယ်ဆိုတာကို ကျွန်မသိတာကြာပါပြီ...ဒါပေ မယ့် ဘယ်သူဘယ်ဝါဆိုတာတော့ ခုထိမသိခဲ့ပါ...ကျွန်မ သံသယဖြစ်စရာ လူတစ်ယောက်တော့ရှိတယ်။ သူကတော့ ကိုငြိမ်းစစ်သူ...အမှောင်လောက ဒုစရိုက်လောကမှာ ကြောက်စရာ ကောင်းလှသောလူတစ်ယောက်၊ အမြဲတမ်းပြုံး နေတတ်သလောက်...ရက်စက်တဲ့နေရာတွင် ပိရိသေသပ်လှ သည့်သူပင်...

ကျွန်မကို သူကာကွယ်ပေးခဲ့သော အကြိမ်တွေက



www.burmeseclassic.com

www.burmeseclassic.com



မနည်းလှပေ . . .ဒါပေမယ့် ရင်းရင်းနှီးနှီးတော့ တစ်ခါမှမနေခဲ့ဘူးပေ. . .တစ်ခါတစ်ခါ လမ်းမှာတွေ့ရင်တောင် နှုတ်မဆက်တဲ့လူတစ်ယောက် . . .။

## အခန်း ( ၅ )

ပထမဦးဆုံး ပွဲဝင်ရမည့်သူက ကျွန်မဖြစ်နေလေပြီ။ ဦးမြင့်မြတ်ကေရာင်နှင့် ပထမဆုံးတွေ့ရမည့်သူဖြစ်နေခြင်းကြောင့် စိတ်ထဲမှာ အားငယ်နေသလို ကြောက်ရွံ့နေသလို ခံစားနေရသည်။ မျက်နှာပေါ်တွင် မိတ်ကပ်ပါးပါးလေးခံပြီး. . .သနပ်ခါးလေးဖုံးကာ ရိုးစင်းလှသော အပေါ်ဖြူလက်ရှည်အင်္ကျီကလေးနှင့် ချိတ်ထမီ နီညိုလေးကို ဝတ်ဆင်ကာ . . .ဆံပင်လေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆံညှပ်ကလေးနှင့်ညှပ်ကာ ထားလိုက်သည်။ မှန်ရှေ့တွင် ကျွန်မပြင်ဆင်မှုကို အကြိမ်ကြိမ်ကြည့်ပြီးမှ အခန်းထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သဇင်က ဒီလိုကျတော့လည်း တကယ့်ကို မဟာ ဆန်နေပါလားဟော့..."

ကျူရီက တီဗီကြည့်နေရင်းမှ လှမ်းပြီးပြောလိုက်သလို ဆူးဆူးကလည်း...

"ဒါက အရိုးဆုံးမာယာကကွက်ကလေးတစ်ခုပေါ့ဟာ၊ ဦးမြင့်မြတ်ကေရာဇ်ကို ကျုံးသွင်းယူမယ့်ပြကွက်မဟုတ်လား သဇင်..."

ဆူးဆူး၏ စွပ်စွဲပြောဆိုချက်ကို ကျွန်မပြန်ပြီး တုံ့ပြန် ချင်ပေမယ့် ထင်ထားသည့်အတိုင်းပဲ ထားလိုက်တော့၏။ တကယ်တော့ ကျွန်မရဲ့ ပြင်ဆင်မှုမှာ မာယာလုံးဝမပါသော ပြင်ဆင်မှုဆိုတာ..ကိုယ့်ကိုယ်ကိုယ်ပဲ သိနေလေသည်။

"သဇင်...အန်တီမမက ဦးမြင့်မြတ်ကေရာဇ်အိမ်က စောင့်နေမှာလို့ ပြောသွားတယ်...နင်ဘာနဲ့သွားမှာလဲ"

"ကားငှားပြီးသွားမလို့ လိုင်းကားနဲ့ဆိုရင် ခရီးကြန့် ကြာနေမယ်"





"ငါ့ အဘိုးကြီးကားနဲ့ လာလိမ့်မယ်...လိုက်ပို့ပေးရ မလား..."

"မပို့ပေးနဲ့ဟာ...ခြော် ကျူရီ မင်းအရင်ဇာတ်လမ်း တွေကို အစဖြတ်နော်"

"အေးပါ...ခု အဘိုးကြီးလာမှာက အပြင်ကိုသွားဖို့ မဟုတ်ပါဘူး...သူနိုင်ငံခြားပြန်မှာမို့ အလွှမ်းလာပြီးသယ် တာပါ"

"မကြီးမငယ်နဲ့ဟာယ်..."

"သဇင်ရေ...ခုခေတ်အဘိုးကြီးတွေရဲ့ အလွှမ်းသံစဉ် တွေ လူငယ်တွေလိုက်မမီဘူးနော်...သိပ်ပြီးနားထောင်လို့ ကောင်းတာ"

"နင်ပဲ နားဝင်ပီယံကောင်းနေဟော့...ငါသွားတော့မယ်"

"အောင်မြင်ပါစေ သဇင်..."

"ငါ အိမ်ကြီးထဲကို ရောက်ဖို့ကိစ္စက အန်တီမမအပိုင်း ပဲ...ငါနဲ့ မသက်ဆိုင်ဘူး၊ မင်းအလှည့်အတွက်လည်း ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားဦး"

ကျွန်မပိုက်ဆံအိတ်ကလေးကို ယူပြီးအပြင်သို့ ထွက်လာခဲ့သည်။ ကျွန်မတို့ လမ်းကလေးမှထွက်သည်နှင့် ကားလမ်းမကြီးသို့ ရောက်လေသည်။ ကျွန်မ အငှားကားစောင့်နေစဉ် . . .ကျွန်မအေးတွင် အငှားကားတစ်စင်း ရပ်လာသည်။

"ဪ . . .ကျွ . . ."

"ဟင် . . .ကိုငြိမ်းစစ်သူ"

"မင်း ဘယ်သွားမလို့လဲ . . .လိုက်ပို့မယ်"

"ဟို . . .( × + × - + + ) . . ."

ကျွန်မ သွားမည့်နေရာကို ပြောလိုက်ပြီး ကားပေါ်သို့ တက်လိုက်သည်။ ကားကလေးမောင်းထွက်လာရင်း . . .

"မင်း . . .ဦးမြင့်မြတ်ကေရာင်ကို ဇယားခင်းတော့ မလို့လား . . ."

"ဟင် . . ."

ကျွန်မ ခြေလှမ်းတွေကို ကြို့ပြီးသိထား ဲလို





ကိုငြိမ်းစစ်သူ ပြောလိုက်သောကြောင့် . . .

"အန်တီမမ လုပ်နိုင်းတဲ့ကိစ္စလေး တစ်ခုကိုဝင်ပြီး လုပ်ပေးတာပါ . . ."

"မင်းတို့လုပ်နေတဲ့ လမ်းကြောင်းပေါ်မှာ ငါ့ဘာမှ မစွက်ဖက်ပါဘူး . . .ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်ချင်တယ် . .အန်တီမမနိုင်းတိုင်း ငွေမျက်နှာတစ်ခုတည်း ကြည့်ပြီးလိုက်လုပ်မနေနဲ့ . . ."

"သူနဲ့ ကျွန်မတို့ရဲ့ နောက်ဆုံးပွဲဖြစ်မှာပါ . . ."

"အန်တီမမနဲ့ ခုတွဲနေတဲ့ ဦးခန့်စည်မောင်ဟာ . . လောဘရမ္မက်ဘီလူးကြီးတစ်ကောင်ဆိုတာတော့ သိထားသင့်တယ်သဇင် . . ."

"ဟုတ်ကဲ့ . . .ခုလိုသတိပေးတာကို ကျေးဇူးတင်ပါတယ်"

ကျွန်မ . . .ကိုငြိမ်းစစ်သူဆီက ဆက်ပြီးပြောလာမည့် စကားကို နားစွင့်နေပေမယ့် . . .ဘာစကားမှ ဆက်ပြောခြင်း မရှိတော့ဘဲ၊ သူကားကိုသာ ဂရုစိုက်ပြီးမောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွိ…"

ကားကို ရပ်လိုက်ပြီးနောက်…

"ရေနှားက တိုက်ကြီးက …ဦးမြင့်မြတ်ကေရာင်ရဲ့ ပန်းရိပ်မြုံ အိမ်နဲ့ခြံပဲ သခင်…"

"ဟုတ်ကဲ့..ကျေးဇူးတင်ပါတယ် ကိုငြိမ်းစစ်သူ"

"ငါ့အတွက် ကျေးဇူးဆိုတာ သိပ်ပြီး ကြီးကျယ်ခမ်းနားလှတဲ့ ကိစ္စမဟုတ်ပါဘူး…"

ကျွန်မ …ကားတံခါးဖွင့်ပြီး အောက်ကိုဆင်းမည်အပြု…

"သခင်…"

"ရှင်…"

"ဟယ်လင်နိုင်ဟာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်နော်…လျှော့မတွက်နဲ့…"

"ကျိုင်း…ဂူး…"

ကျွန်မ ခေါင်းလေးညိတ်ပြီး …ကားတံခါးလေးပိတ်





လိုက်သည်နှင့် ငြိမ်းစစ်သူသည် ကားကိုမောင်းထွက်သွားလေသည်။ ကျွန်မ ခထာမျှကားလေးကို ငေးကြည့်ပြီးမှ ပန်းရိပ်မြုံအိမ်ကြီးဘက်ကို လျှောက်လာခဲ့သည်။

"တီ…တီ…"

ခြံဝရှိ လူခေါ်ဘဲလ်လေးကို နှိပ်လိုက်သည်နှင့် ခြံထဲမှ လူတစ်ယောက် ထွက်လာပြီး…

"သခင်ဆိုတာ မင်းလား…"

"ဟုတ်ပါတယ်…"

"အိမ်ထဲမှာ မင်းကိုစောင့်နေပါတယ်"

ကျွန်မကို ခြံတံခါးလေးဖွင့်ပေးပြီးသည်နှင့် ခြံဝင်းကြီးထဲကို ဝင်လိုက်ရာ…

အနီ၊ အဝါ၊ အဖြူ အစရှိသော ရောင်စုံနှင်းဆီခင်းကြီးကို တွေ့လိုက်ရသည်။ နောက်တစ်ချက် သတိထားမိသည်မှာ…ပန်းမျိုးစုံဖြင့် အလှဆင်ထားသော ခြံကြီးနှင့် ခမ်းနားထည်ဝါသော…ပန်းရိပ်မြုံအိမ်ကြီးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ခြံတံခါးလာဖွင့်ပေးသော အလုပ်သမားက ဦးခေါင်းခေါ်သွားပြီး၊ အိမ်ပေါက်ဝရောက်မှ . . .

"အိမ်ထဲကို ဝင်သွားလိုက်ပါ . . ."

ကျွန်မ အိမ်ကြီး၏ ဧည့်ခန်းထဲကို ဝင်သွား၍အကဲခတ်လိုက်ရာ . . .ဧည့်ခန်းတစ်ခုလုံးတွင် ပြင်ဆင်ထားသော ပန်းချီကားများ၊ ပန်းပုရုပ်များနှင့် ခေတ်မီအိမ်ထောင်ပရိဘောဂ ပစ္စည်းများကို သူ့နေရာနှင့်သူလိုက်ဖက်ညီအောင်ထားထားသဖြင့် တကယ်ပင် ကြည့်ကောင်းနေသည် . . .ဧည့်ခန်းရှိ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ပြီး အန်တီမမကို ရှာမိသည်။ အရိပ်အယောင်ပင်မတွေ့ရ။

သူစောင့်နေမည်ဆိုတာကို သေသေချာချာ ပြောထားပြီးဘာကြောင့် ရောက်မလာသည်ကို ကျွန်မစဉ်းစားလို့မရဖြစ်သွားသည်။

"ဒေါက် . . .ဒေါက် . . .ဒေါက်"

"ဟင် . . ."





အိမ်ကြီး၏ အပေါ်ထပ်မှ ဆင်းလာသော ခြေသံကြောင့် ကျွန်မကြည့်လိုက်ရာ . . .ဦးမြင့်မြတ်ကေရာဇ် . . .

"မင်း ရောက်ပြီလား . . ."

"ဟုတ် . . .ဟုတ်ကဲ့ . . .ဟိုအန်တီမမ ရောက်မလာသေးဘူးလား . . ."

"သူ့ကို မလာဖို့ ပြောလိုက်တယ် . . ."

"ရှင် . . ."

"သူက ပွဲစားဆိုတော့ ပွဲစားစကားတွေပြောတာကို နားမထောင်ချင်ဘူး . . .သက်ဆိုင်တဲ့သူနဲ့ တိုက်ရိုက်စကားပြောတာပဲ ကောင်းတယ် . . .သူ့စကားကြောင့် မင်းကို အလုပ်ပေးရတာပျိုးလည်း ငါကမနှစ်သက်ဘူး . . ."

ထို့နောက် သူ . . .ကျွန်မရှေ့တွင် ဝင်ထိုင်ပြီး . . .

"ဒေါ်မျှင်ရေ . . .ဒီက ဆရာမအတွက် တစ်ခုခုစီစဉ်ပေးပါ . . .ငါတို့အလုပ်ကိစ္စ စကားပြောကြရအောင် . . ."

"ဟုတ်ကဲ့ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဆုံး...မင်းကို ပြောချင်တာ ကလေးရဲ့ လိုအပ်ချက်ကလေးပါ.. ဒီကလေးဟာ လူမှန်းသိကတည်းက သူ့ဘဝမှာ မိခင်ဖခင်တို့ရဲ့ မေတ္တာကိုဆုံးရှုံးလိုက်ရတော့... နွေးထွေးတဲ့ မေတ္တာတရားဟာ သူ့အတွက်သိပ်ကို လိုအပ်နေပါတယ် သဇင်...မင်းနာမည်ကို ဒေါ်မမပြောထားလို့ သိနေတာပါ...ငါဘယ်သူဆိုတာလည်း မင်းသိနေမှာပေါ့..."

"ဟုတ်ကဲ့..."

"ဒီတော့ကွာ...ကလေးအတွက် စာသင်ပေးရုံလောက်နဲ့တော့ မပြည့်စုံသေးဘူး...ကလေးပေါ်မှာ သူဆုံးရှုံးသွားတဲ့ မေတ္တာကို အနီးစပ်ဆုံးပေးနိုင်ဖို့အတွက် ကြိုးစားပေးပါ"

"ဟုတ်ကဲ့...ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်..."

"အရင်ဆရာမတွေလည်း အလုပ်ဝင်ခါစတော့...ငါ့တောင်းဆိုမှုတွေပေါ်မှာ အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်လို့ ပြောကြပေမယ့်...တကယ်တမ်းကျတော့ ငွေကြောင့်သာ





လုပ်ကိုင်နေကြပြီး၊ မေတ္တာအစစ်ကို မပေးခဲ့ကြဘူး...ငါ့ရှေ့မှာတစ်မျိုး၊ နောက်ကွယ်မှာတစ်မျိုး လုပ်သွားကြတယ်.. မင်းအနေနဲ့ရော ကလေးအတွက် မေတ္တာတရားကို ပေးနိုင်ပါ့မလား..."

"ကျွန်မလည်း မိဘမဲ့တစ်ယောက်ပါ...အကောင်းဆုံးဖြစ်ရမယ်လို့တော့ မပြောပါဘူး...ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားပေးပါ့မယ်ရှင်..."

"အင်း...စကားတွေက အဖြေပေးနိုင်မှာမှ မဟုတ်တာပဲ...မင်းရဲ့လုပ်ဆောင်ချက်က စကားပြောမှာပါ။ လခကိုတော့ ဒေါ်မမပြောထားမှာပေါ့"

"ဟုတ်ကဲ့..."

"ဒီငွေကြေး သတ်မှတ်ချက်ကို မင်းခေါင်းထဲမှာ အတည်မထားပါနဲ့..မင်းရဲ့ ကလေးပေါ်မှာထားတဲ့မေတ္တာက မင်းအတွက် အကောင်းဆုံးဖြစ်မှာပါ"

"ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး...စည်းကမ်းချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားရင် ပြောပါ...ကျွန်မ လိုက်နာပါ့မယ်"

"စည်းကမ်းချက်တွေ ငါမသတ်မှတ်ပါဘူး...မင်းရဲ့ နေထိုင်မှုစည်းကမ်းပေါ်မှာပဲ မူတည်ပါတယ်"

"ကျွန်မကို အလုပ်ခန့်လိုက်ပြီပေါ့..."

"ခန့်လိုက်ပါပြီ..."

"ကျွန်မ ဘယ်နေ့ကစပြီး အလုပ်ဝင်ရမလဲ..."

"မင်း စပြီးဝင်ချင်နေ့ကို ပြောခဲ့ပါ...မင်းနေဖို့အခန်း ကတော့ ရှင်းထားပြီးပါပြီ"

"ဟုတ်ကဲ့...ကျွန်မ မနက်ဖြန်ကစပြီး ပြောင်းလာ ပါ့မယ်...ကျွန်မ ကလေးနဲ့တွေ့ခွင့်ရမလား"

"ခဏလေးစောင့်ပေးပါ...ဈေးကိုပါသွားတယ်"

"ရှူး...ကျွီ..."

ထိုအချိန်၌ အိမ်ရှေ့တွင် ကားရပ်သံကြားလိုက်ရပြီး...

"လေးလေး..."

"သမီးသန် လာပါဦးကွယ်..ဒီမှာ သမီးဆရာမအသစ်





ရောက်နေတယ်..."

"ဒီအန်တီက သမီးဆရာမလားဟင်..."

"ဟုတ်တယ် သမီး"

"မင်္ဂလာပါဆရာမ..."

"မင်္ဂလာပါကွယ်"

ကလေးမလေး၏ ချွက်လက်ပုံလေးမှာ နှစ်လိုဖွယ် ကောင်းသော အမူအရာကလေးကြောင့် ကျွန်မပြင်မြင်ချင်းပင် ချစ်ခင်မိသွားသည်။

"သမီးလေး...ဆရာမကို သဘောကျရဲ့လား"

"အင်း...ဆရာမက ချစ်ဖို့ကောင်းတယ် ဒီရင် ဆရာမတွေနဲ့ ဘာမှမဆိုင်ဘူး...လေးလေးကရော သဘော မကျဘူးလားဟင်"

"သမီးလေးသဘောကျရင်...လေးလေးက ဘာပြော စရာရှိပလဲကွယ်..."

"ဆရာမ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ သမီး..."

"သမီးဆီ ဘယ်တော့ ပြောင်းလာမလဲဟင်..."

"မနက်ဖြန်"

"ဒီနေ့တစ်ခါတည်း ပြောင်းလာတာမဟုတ်ဘူးလား"

"မဟုတ်သေးဘူး သမီးရဲ့...ဆရာမကို အလုပ်ခန့် မခန့်ဆိုတာ မသိဘဲ၊ အထုပ်ကြီးဆွဲပြီးလာလို့ ကောင်းမလား သမီးရဲ့..."

"မနက်ဖြန် စောစောလာခဲ့နော်..."

"အေးပါကွယ်...ကျွန်မကို ပြန်ခွင့်ပြုပါဦး၊ အိမ်မှာ သိမ်းစရာတွေ ယူစရာတွေကို ပြန်ပြီးယူပါရစေဦး"

"ဟုတ်ကဲ့...ကောင်းပါပြီ"

"ဆရာမကို သမီးလိုက်ပို့မယ်..."

"သံချောင်း"

"ဗျာ...ဆရာ"

"ဆရာမကို ကားနဲ့လိုက်ပြီး ပို့ပေးလိုက်ကွာ"





"ဟုတ်ကဲ့..."

"သဇင်...မင်း ကားမောင်းတတ်လား"

"ဟုတ်ကဲ့..."

"လိုင်စင်ရောရှိလား..."

"ရှိပါတယ်"

"ဒါဆို...ကားယူသွားပါ"

"ရှင်..."

"သံချောင်း...မင်းလိုက်ပြီး မပို့နဲ့တော့ ရပ်ထားတဲ့ ကား(၃)စီးထဲက (- = × × - +)ကားသော့ကို ပေးလိုက်"

ကျွန်မ အံ့အားသင့်စွာနှင့် ဦးမြင့်မြတ်ဧကရာဇ်ကို ကြည့်နေမိသည်...ခုမှ စတွေ့တဲ့ သူ့ပေါ်မှာ ယုံကြည်မှု အပြည့်ပေးခြင်းသည် မယုံနိုင်စရာတစ်ခုပင်...

"သဇင်...မနက်ဖြန် ငါမရှိဘူး၊ ဒီအိမ်မှာ မင်း အတွက်အားလုံးစီစဉ် ပေးထားခဲ့မယ်...ပန်းရိပ်မြုံမှာ ခြေချ ပြီဆိုရင်...မိသားစုဝင်တစ်ယောက်လို မင်းစိတ်ထဲမှာ ထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါ"

"ဟုတ် . . . ဟုတ်ကဲ့"

ကျွန်မ စိတ်အာရုံထဲတွင် အန်တီမမခိုင်းစေသောကိ[...] ကိုပင် မေ့လျော့သွားတော့သည်။

အခန်း ‹ ၆ ›

ကျွန်မအလုပ်ဝင်ပြီး တစ်ပတ်လောက်မှာ ကျူရီနှင့် ဆူးဆူးတို့ပါ ပန်းရိပ်မြုံကို ရောက်လာခဲ့ကြသည်။

ကျွန်မနှင့် သျှိုသုန္ဒရီလေးဟာ သံယောဇဉ်အတိတ် ကြောင်းလေးပါလာလို့လားပင်မသိပေ၊ ရက်ပိုင်းအတွင်းမှာ သွေးရင်း သားရင်းပမာ ခင်တွယ်ခဲ့ကြသည်။ ကျွန်မကိုယ်တိုင် သျှိုလေးပေါ်တွင် မေတ္တာတရားအပြည့်နှင့် ရှိနေခဲ့သည်၊ ကျွန်မ ကျောင်းပို့ ကျောင်းကြို ညပိုင်းရောက်ရင် စာပြပြီးတာနဲ့နှစ် ယောက်သား တီဗီကြည့် ဂိမ်းကစားပြီး၊ အိပ်ရာဝင်ခဲ့ကြပြီး . . မနက်မိုးလင်းသည်နှင့် ဘုရားခန်းတွင် ဘုရားဝတ်ပြုပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ အတူတူစားကြသည်။

ဦးမြင့်မြတ်ကျောက်က တစ်ပတ်တွင် စနေ, တနင်္ဂ
မှလွဲပြီး ကျန်ရက်များတွင် အိမ်မှာအချိန်ပြည့် မရှိပေ .
တစ်ခါတစ်ခါ ကျွန်မတို့နှင့် ကော်ဖီဝိုင်းမှာတောင် စကားမခ
နိုင်ဘဲ ထွက်သွားတတ်သည်။

"ဝူး...ကျွဲ..."

ကျွန်မ သျှီကို ကျောင်းပို့ပေးပြီး အိမ်ပြန်ရောက်တော
ကျူရီ နှင်းဆီခင်းထဲမှ ကတ်ကြေးကိုင်ပြီး ထွက်လာသည်နှ
ကြုံလေသည်။

"သဇင်...ပြန်လာပြီလား"

"အေး...နင်ရော မနက်ပိုင်းကိစ္စတွေ ပြီးပြီလား"

"ပြီးသွားပြီ ဆိုရမှာပေါ့ဟာ...နှင်းဆီခင်းထဲ နှင်းဆ
ရွက်တွေ အဝါလိုက်နေလို့ ပြန်ပြီးမြေကို ပြင်နေရတယ်"

"ဘယ့်နယ့်ကြောင့် အရွက်တွေက အဝါလိုက်ရော
လဲ..."





"ငါ့အထင်တော့...အရင် ရေလောင်းတဲ့သူတွေက
ရေကို ချိန်ဆပြီးမလောင်းဘဲ အရမ်းလောင်းထားတော့
ရေလောင်သလိုဖြစ်နေတာပေါ့။ ဦးမြင့်မြတ်ကျောက်ပြန်လာမှပဲ
လိုအပ်တာတွေ ဝယ်ဖို့ ပြောရမယ်...ဩော် သဇင်...နင်
ရော အဆင်ပြေရဲ့လား"

"နင်က...ဘာကို အဆင်ပြေခိုင်းတာလဲ"

"ကလေးနဲ့ နင့်ကို ပြောတာပါ..."

နှစ်ယောက်သား အိမ်ရှေ့ရှိ ဒန်းလေးပေါ်တွင် ထိုင်
လိုက်ကြရင်း...

"ငါ အမှန်အတိုင်းပြောမယ်ဟာ ...ငါ့ရင်ထဲမှာ
ကလေးနဲ့ပတ်သက်ပြီး၊ တကယ့်ကိုခင်တွယ်နေတာ"

"ကလေးကရော..."

"သံယောဇဉ် ရောင်ပြန်ဟပ်တယ်ပဲဆိုရမလား.. ငါ့ကို
အရမ်းခင်တွယ်နေတယ် ကျူရီ ...တစ်ခါတစ်ခါ ငါတို့
လုပ်ကိုင်နေရတဲ့ ကိစ္စကိုတွေးပြီး၊ စိတ်ထဲမှာ အရမ်းကိုလေး



www.burmeseclassic.com

www.burmeseclassic.com



လံသွားတယ်"

"နင်က . . .ကဲလေးကြောင့် ပြောင်းလဲသလို ငါက လည်း ဒီနှင်းဆီခင်းကြီးကြောင့် စိတ်တွေပြောင်းလဲနေတယ်၊ ခုလို နှင်းဆီခင်းကြီးထဲမှာ ငါလုပ်ကိုင်နေရတာ . .စိတ်ကို ကြည်နူးနေတယ် သင်ဇင်ရာ. . .အန်တီမမအကြောင်းကို တွေး တောင်မတွေးချင်ဘူး . . .သူတို့ဆီက ရမယ့်ငွေကိုလည်း မမက်မောချင်တော့ဘူး"

"ဟုတ်တယ်နော်. . .ငါတို့စိတ်တွေ ပန်းရိပ်မြုံရောက်မှ ပြောင်းလဲသွားသလိုပဲ . .ဒါနဲ့ ဆူးဆူးရော"

"သူက. . .အဘွားကြီးနဲ့ ဆေးရုံလိုက်သွားတယ်"

"သူ့သဘောကရော. . ."

"သူနဲ့ သေသေချာချာမဆုံရသေးလို့ မမေးမိပါဘူး. . နင်သိတဲ့အတိုင်း သူက အဘွားကြီးနားက သိပ်ပြီးခွာရဟာ မဟုတ်တော့. . .ခုလိုစကားအေးအေးဆေးဆေးတောင် မပြော ရပါဘူး၊ သူ့ကိုကြည့်ရတာတော့ လန်းဆန်းတက်ကြွနေသလို





ပဲဟ. . .ငါတစ်ခု သတိထားမိတာတော့ရှိတယ် သင်ဇင်. . ."

"ဘာလဲ. . .ကျူရီ"

"ငါတို့(၃)ယောက်ထဲမှာ နင့်ကို ဦးမြင့်မြတ်ကရောစ် က ဦးစားပေးတယ်နော်"

"ကောင်မ ပေါက်ကရမပြောနဲ့. . .ခုချိန်ထိ သူနဲ့တစ် နာရီပြည့်အောင် စကားမပြောဖူးသေးဘူး. . .နင်က ဘာကို ကြည့်ပြီး ပြောတာလဲ"

"ဘာကိုကြည့်ပြီးပြောရမလဲ . . .ငါတို့(၃)ယောက်ထဲ မှာ ကားမောင်းခွင့်ရတာ နင်တစ်ယောက်ပဲရှိတယ်"

"ဒါက ကလေးကျောင်းပို့ ကျောင်းကြိုကိစ္စရှိနေတာ ကို. . ."

"ဒါတင် မကဘူး . . .မိသားစု ကော်ဖီဝိုင်းမှာ နင်တစ်ယောက်ပဲ ထိုင်ရတာရော"

"နင်တို့က ဝင်ပြီးမထိုင်ကြတာပါ၊ သူကသတ်မှတ် ထားတာမှ မဟုတ်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သဇင် . . . နင် သတိမထားမိဘူးနဲ့တူတယ်"

"ဘာကိုလဲ . . ."

"ဒေါ်မျှင်ပြောတော့မှ ငါကသိတာ . . ဦးမြင့်မြတ်ကရောင်း သောက်တဲ့ကော်ဖီဝိုင်းမှာ ခွက်(၃)ခွက်ပဲ ပြင်ထားရတာတဲ့ ငါတို့က နောက်ဝိုင်းကျမှ သောက်ကြရတာ . . ."

"ဒါကတော့ သူ့တူမလေးကြောင့် ဖြစ်မှာပေါ့ဟာ . . . ကျုပ်ရဲ့ ငါတို့ကိုရှာခိုင်းထားတဲ့ နဂါးနက်ရုပ်တုကို နင်တွေ့ပြီလား . . ."

"အေး . . နင်ပြောမှ နဂါးနက်ရုပ်တုကိစ္စကို သတိရတယ် . . ."

"ငါလည်း နင့်လိုပါပဲဟာ . . . နဂါးနက်ရုပ်တုကို ရှာဖို့ဆိုတာ တွေးတောင် မတွေးချင်ဘူး"

"မတွေးနဲ့ သဇင် . . . မတွေ့သေးဘူးလို့ပဲ ပြောထားမယ်၊ နေခွင့်ရတဲ့ ဒီဘဝလေးမှာ စိတ်ချမ်းသာအောင်နေမယ် . . . မကောင်းဘူးလား"





"သိပ်ပြီး ကောင်းတာပေါ့ . . . ဒါနဲ့ ငါတို့အတွက် ဟယ်လင်နိုင်ဆိုတဲ့မိန်းမ ခုထိမတွေ့သေးပါလား"

"ဆူးဆူး မနေ့က ငါ့ကိုပြောတယ် . . ဟယ်လင်နိုင် နိုင်ငံခြားကို သွားနေတယ်လို့ အဘွားကြီးဆီက ကြားခဲ့တယ်တဲ့ ပြန်ရောက်လာရင် ငါတို့နဲ့ပွဲကြီးပွဲကောင်းတော့ တိုးမယ်ထင်တာပဲဟေ့ . . ."

"သူ ဘယ်လောက်စွမ်းတယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့ဟာ . . . နင်နဲ့စကားပြောကောင်းနေလို့ မဖြစ်သေးဘူးဟေ့ . . . သမီးအဝတ်အစားတွေကို လျှော်ရဦးမယ်"

"သဇင် . . . ဒါတွေပါ နင်လုပ်ပေးနေရတာလား"

"ငါ့ကို မလျှော်ခိုင်းပါဘူး . . . အဝတ်လျှော်စက်နဲ့ လျှော်တာကို သိပ်ဖြီးဘဝင်မကျလို့ လက်နဲ့လျှော့မလို့ . . . ပြီးတော့ သမီးနဲ့မတော်တော့တဲ့အဝတ်တွေကို သီးသန့်ရွေးထုတ်ရဦးမှာ . . ."

ကျွန်မ . . ကျုပ်ရဲ့ လက်မောင်းလေးကို ပုတ်ပြီးအိမ်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့လေသည်။

"ဒေါ်မျှင် . . . လက်ဘာဖြစ်လို့လဲ"

"သဇင်ရေ . . . မနက်က ရေချိုးခန်းမှာ ချော်လဲဘာ လက်ထောက်မိသွားပြီး ဘာဖြစ်သွားမှန်းတောင် မသိပါဘူး ကွယ် . . ."

"ဘာဖြစ်လည်း လုပ်မနေနဲ့ ဆေးခန်းသွားပြီးပြ . . . ကျွန်မ လုပ်စရာတွေကို လုပ်ထားပါ့မယ်"

"ဖြစ်ပါ့မလားကွယ် . . . ဒီနေ့တူတော်မောင် အိမ်မှာ ပြန်ပြီးစားမယ့်နေ့နော်"

"သွားမှာသာ သွားပါ . . . ကျွန်မ လက်ရာအစွမ်းကို ဦးမြင့်မြတ်ကြီး ခံတွင်းတွေ့သွားစေရပါ့မယ်"

"အေး . . အေး ဒါဆို ဒေါ်လေးသွားပြီးပြလိုက်ဦး မယ် . . ."

ကျွန်မ အဝတ်လျှော်မည့်အစီအစဉ်ကို ခဏထားပြီး နောက်ဖေးခန်းသို့ ဝင်ခဲ့သည်။





ကျွန်မ မီးဖိုချောင်ထဲတွင် လုပ်စရာတွေကို မမော နိုင်ဘဲလုပ်ကိုင်နေရသည်ကို စိတ်ထဲမှာ ကြည်နူးပျော်ရွှင်နေ သလို ဖြစ်နေမိ၏။

ကျွန်မတကယ်ပင် ဦးမြင့်မြတ်ကေရာဇ်၏ မိသားစု ဘဝလေးထဲကို ရောက်ခဲ့ပြီလားမသိတော့ပါ . . .

"ဟဲ့ . . . သဇင်"

"ဟဲ့ . . . ပလုတ်တုတ် . . . ဆူးဆူးရယ် လန့်လိုက်တာ အသံမပေး ဘာမပေးနဲ့ဟယ်"

"အိမ်ရှေ့မှာ ကားတစ်စီးဝင်လာပြီး၊ အမေကြီးကို အခန်းထဲလိုက်ပို့တဲ့အသံတောင် မကြားနိုင်အောင် မီးဖိုချောင် ထဲမှာ ဘာသမာဓိတွေ ရနေသလဲသဇင် . . ."

"ဘာသမာဓိမှ မရပါဘူးဟာ . . . ကိုယ့်စိတ်ကူးနဲ့ကိုယ် ကမ္ဘာပတ်နေတာ . . . အမေကြီးရော"

"အခန်းထဲမှာ ဆေးသောက်ပြီး အိပ်နေတယ် . . . ငါ ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်နဲ့ နင်တို့လက်ရာတွေကို ဦးမြင့်မြတ်ကြီး ကြိုက်မှာမဟုတ်ဘူး..."

"နင့်လက်ရာကို ကြိုက်တယ်ပေါ့"

"မသိဘူး...ခုမှ စာမေးပွဲဖြေနေရတာ"

"သဇင်..."

"ဘာလဲ...ဆူးဆူး"

ဆူးဆူး အပြင်ဘက်ကို မျက်စိတစ်ချက်ဝေ့ကစား လိုက်ပြီး..ကျွန်မဘေးတွင် ဝင်ပြီးကပ်ထိုင်ကာ...

"အန်တီမမနဲ့ ဒီနေ့တွေ့တယ်..."

"ဟင်...ဘယ်မှာတွေ့တာလဲ"

"ဆေးရုံမှာ မေမေကြီးစမ်းသပ်ခန်းဝင်နေတုန်း ငါ အပြင်ဘက်မှာ မေမေကြီးအတွက် ဆေးထွက်ဝယ်တော့တွေ့ တာ သဇင်..."

"သူ ဘာတွေပြောသေးလဲ"

"ပစ္စည်းအခြေအနေကို အမြန်ဆုံးသိအောင်လုပ်ပါ





တဲ့..."

"တွေ့မှ မတွေ့သေးတာ...ငါတို့က မြေလှန်ပြီးရှာရ မှာလား...နင်ဘယ်လို ပြန်ပြောလိုက်လဲ"

"ကျွန်မတို့ ကြိုးစားနေပါတယ်ပဲ ပြောလိုက်တယ်၊ သူ ပြောတဲ့စကားတစ်ခွန်းကိုတော့ သဘောမတွေ့ဘူး သဇင်..."

"သူက ဘာပြောသွားလို့လဲ..."

"ပန်းရိပ်မြုံမှာ အိပ်မက်တွေ မက်မနေကြနဲ့တဲ့..."

"ဒီစကားက ဘာသဘောလဲ...ငါတို့ကို မယုံကြည် တဲ့ စကားပေါ့"

"သဇင် ငါတို့(၃)ယောက်တော့ အန်တီမမနဲ့ ထိပ် တိုက်တော့တွေ့ကြတော့မယ်"

"ဆူးဆူး..."

"သဇင်...နင် ဘာပြောချင်လဲ ပြောလေ...ငါတို့ (၃)ယောက်ကြားမှာ လျှို့ဝှက်စရာတစ်ခုမှ မရှိပါဘူး"

"ခုပွဲဟာ အန်တီမမနဲ့ မဖြစ်မနေစိန်ခေါ်ပွဲတစ်ခု ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တယ်..."

"သေချာသလောက်တော့ ဖြစ်နေပြီသဇင်...ငါလေ
ပန်းရိပ်မြုံကိုရောက်မှ အရှင်လမ်းပေါင်းကို ပြန်မလျှော
ချင်တော့ဘူးဟာ"

"နင့်လိုပါပဲ ဆူးဆူးရယ်..."

ကျွန်မတို့အတွက် အတိတ်၏ရိုက်ပုတ်သံတွေကို
မကြားဝံ့တော့ပေ...။

ဖ ဖ ဖ

အခန်း ◀ ၇ ▶

ဒီနေ့ သမီးလေးသို့သုန္ဒရီ ကျောင်းပိတ်ရက်ဖြစ်သလို (၇)နှစ်ပြည့် မွေးနေ့ပွဲတွင် ပန်းရိပ်မြုံမိသားစုနှင့်အတူ .. ကျင်းပနိုင်ရေးအတွက် ကျွန်မတို့အားလုံးကိုယ်စီအလုပ်များနေကြလေသည်။

"တီ...တီ"

ထိုအချိန်တွင် ခြံရှေ့မှ ကားဟွန်းသံကြောင့် ကျွန်မသမီးလေးအတွက် အဝတ်အစားတွေကို လှန်းနေရာမှလှမ်းကြည့်မိသည်။ ကိုသံချောင်းတစ်ယောက်က ဆူးဆူး၊ ဒေါ်မျှင်တို့နှင့် ဈေးဝယ်ပါသွားသလို ဦးဗလတစ်ယောက်ကတော့ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဘုရားခန်းတွင် ရှင်းလင်းနေသဖြင့် ခြံဝန်းထဲတွင် . . . ကျွန်မနှင့်သမီးလေး သျှီသုန္ဒရီပဲ ရှိသည်။

"ဆရာမ . . . ဟိုမိန်းမကြီးကားနဲ့တူတယ်"

"ဘယ်မိန်းမကြီးလဲ သမီး . . ."

"ဒေါ်ဟယ်လင်နိုင်လေ . . ."

"ဟင် . . ."

ကျွန်မ ဟယ်လင်နိုင်အမည်ကိုသာ ကြားဖူးပြီး၊ လူကို တော့ တစ်ခါမှ မတွေ့ဘူး . . . ခုတော့ စတင်ပြီး တွေ့ရမည် ဖြစ်သည်။

ကျွန်မ ခြံဝန်းတံခါးဆီသို့ လျှောက်သွားစဉ် . . . ဟယ်လင်နိုင်ကားပေါ်မှ ဆင်းလာသည်ကိုလှမ်းပြီး တွေ့လိုက် ရသည်။ ကျွန်မ ခြံတံခါးသော့ကို လှမ်းဖြုတ်ပြီး၊ ခြံတံခါးနာ သို့ သွားရာ . . .

"သံချောင်း ဘယ်ကိုသွားနေလဲ . . . ဒီလောက်ကာ ဟွန်းသံကို မကြားရအောင် နားပင်းသွားပြီလား . . ."





ဟယ်လင်နိုင်စကားသံက ခံပြင်းစရာ၊ ဒေါသထွက် စရာ ကောင်းနေပေမယ့် . . . တွေ့တွေ့ချင်း ပဋိပက္ခမဖြစ်ချင် သောကြောင့် . . .

"ကိုသံချောင်း အပြင်ကိုသွားနေတယ် . . ."

"မင်းက ဘယ်သူလဲ . . . ငါတစ်ခါမှမတွေ့ဘူးပါလား"

"ငါက . . . သမီးသျှီသုန္ဒရီရဲ့ ဆရာမပါ"

"ဘာ . . ."

ဟယ်လင်နိုင် ကျွန်မမျက်နှာကို စူးစူးရဲရဲကြည့်ပြီး . . .

"မင်းကို ဘယ်သူခန့်တာလဲ . . ."

"ဒီအိမ်မှာ ဦးမြင့်မြတ်ကောရာဇ်ထက် ဩဇာကြီးမား တဲ့သူမရှိဘူးထင်တယ် . . . ကဲပါ ကျွန်မတံခါးဖွင့်ရမှာလား . . . ရပ်ပြီးစကားပြောရမှာလား . . ."

"မင်းလေသံက ခပ်မာမာပါလား . . . ငါဘယ်သူလဲ ဆိုတာ မသိဘူးနဲ့တူတယ်"

"ကျွန်မ သိဖို့မလိုဘူး . . . ကျွန်ုပ်အလုပ်က သျှီသုန္ဒရီ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲစာပြရမှာ . . .ကျန်တာတွေကိုစုံစမ်းဖို့ ရောက်နေကာ
မဟုတ်တာ. . .

"ဂျိုင်း. . ."

ဟယ်လင်နိုင် သုန်မှုန်သောမျက်နှာနှင့် ကားပေါ်ကိုပြ
တက်သွားမှ ခြံဝတံခါးကိုဖွင့်ပေးလိုက်သည်။

"ဝူး. . ."

ကားကို ခြံထဲသို့ တရကြမ်းမောင်းဝင်သွားသဖြင့်. . .

"ခွမ်း. . ."

"ဟယ်. . ."

ကျူရီ ပြင်ဆင်ထားသော နှင်းဆီပန်းအိုးများကို ကားန
ပွတ်ပြီး ဆွဲသွားလေသည်။

"ဒီပန်းအိုးတွေက မလွတ်မလပ်နဲ့ ဘယ်သူတားတ
လဲ ဦးဗလ. . .ဦးဗလ. . ."

ဟန်လင်နိုင်ကတော့ ရောက်သည်နှင့် ပွဲကြမ်းကြမ်
ဝင်လာနေပြီ. . .





"ပန်းအိုးတွေက မလွတ်မလပ်ထားတာ မဟုတ်ဘူး။
သူ့ရှိသင့်တဲ့နေရာမှာ ရှိနေတာ. . .ရှင့်ကားက ရမ်းကားပြီး
ဝင်တိုက်တာ. . .

"နင်. . ."

ကျူရီနှင့် ဟယ်လင်နိုင် စတင်ပြီးတွေ့နေလေပြီ. .
ကျွန်မ သျှီသုန္ဒရီကိုလက်ဆွဲပြီး ခပ်လှမ်းလှမ်းတွင်ရပ်ပြီး ကြည့်
နေလိုက်သည်။

"မင်းက ဘာလို့ဝင်ပြီးပြောရတာလဲ. . ."

"ငါက ဒီပန်းတွေကို ပြုစုပျိုးထောင်ရတဲ့သူပဲ. . ."

"မင်းအဆင့်နဲ့ ခုကိစ္စကို ဘ. . .င်ပပြောနဲ့"

"မပြောလို့မရဘူး. . .မင်းဘာသာမင်း ဘယ်လောက်ပဲ
ချမ်းသာချမ်းသာ. . .ဦးမြင့်မြတ်ကေရာင်နဲ့ ဘယ်လိုပဲ ပတ်သက်
ပတ်သက်၊ ငါပြုစုပျိုးထောင်ထားတဲ့ ပန်းပင်ပေါ်မှာ အကြောင်းမဲ့
ဖျက်လိုဖျက်ဆီးလုပ်တာတော့ ပြောရမှာပဲ. . ."

"ဘာ. . .တောက်. . .မင်းခေါင်းထဲမှာ မှတ်ထား၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းရိပ်မြုံမှာ ဟယ်လင်နိုင်ကို ခေါင်းမော့ပြီး ပြောရဲတဲ့သူတ
ယောက်မှ မရှိဘူး...”

“ငါက မင်းအလုပ်သမားမဟုတ်ဘူး..မင်းကိုယ်မ
မော်မဖူးရတဲ့ ဘုရင့်သမီးလို့ထင်မထားနဲ့..ခေတ်မရှိတော
ဘူး”

“တယ်...”

“မင်း လက်မပါလာနဲ့နော်..မင်းလက်မြန်တာထက
ငါ့လက်က ပိုပြီးမြန်တယ်”

“နင်တို့နဲ့ ငါကောင်းကောင်းတွေ့ကြသေးတာပေါ့..
ကိုမြတ်ပြန်လာရင် နင်တို့ဒီအိမ်ကနေထွက်ဖို့ ပြင်ထား”

“မင်း ဘယ်လောက်စွမ်းသလဲဆိုတာ စောင့်ကြည
မှာပါ...”

ဟယ်လင်နိုင် အံကြိတ်ပြီး အိမ်ထဲသို့ဝင်သွားတော
သည်။

“ကျူရှိ...”





“သဇင်ရေ...ဒီဟာမနဲ့တော့ ပွဲကြီးပွဲကောင်းတွေ့
ပြီဟေ့...ဘာတွေဖြစ်မလဲဆိုတာတော့ မသိဘူး”

“ကျူရှိ...လက်နဲ့ဖြေရှင်းတဲ့နည်းတော့ ရှောင်နော်”

“ငါ့အသားကို မထိသရွေ့တော့ ရှောင်နေမှာပဲ..ထိ
လာရင်တော့ သည်းမခံနိုင်ဘူး”

ကျွန်မလည်းလုပ်စရာတွေကို လုပ်ကိုင်ပြီး၊ အိမ်ထဲကို
ဝင်သွားရာ ဟယ်လင်နိုင်..ဦးမြင့်မြတ်ကေရာဇ် စာကြည့်ခန်း
ထဲကနေထွက်လာသည်ကို တွေ့လိုက်ရသည်။ ပြီးတော့
မေမေကြီး အခန်းထဲသို့ ဝင်သွားချိန်မှာ ဆူးဆူးနှင့် သံချောင်း
တို့ပြန်ပြီး ရောက်လာလေသည်။

“ဒေါ်မျှင်...”

“ဘာများလဲ...ဟယ်လင်”

“မေမေကြီးအတွက် ဆေးတိုက်ဖို့ ရေအေးတစ်ခွက်
လောက်လာပို့ပါ”

ဒေါ်မျှင်...ဆူးဆူးမျက်နှာကို လှမ်းပြီးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာရပ်ကြည့်နေတာလဲ . . .သွားခပ်လေ"

"ရှင် ဘယ်သူလဲဆိုတာ ကျွန်မမသိဘူး . .သိစရာအကြောင်းလည်းမရှိဘူး . .ဒါပေမယ့် မေမေကြီးဆေးသောက်ဖို့ကိစ္စကို ကျွန်မခွင့်မပြုဘဲတိုက်ပိုင်ခွင့်မရှိပါဘူး . . ."

"နင်တို့တစ်တွေက တယ်ပြီးဟုတ်နေကြပါလား . . အရင်ကတည်းက ငါဆေးတိုက်နေကျ၊ ခုတိုက်တာ ဘာထူးဆန်းနေလဲ . .ဘာလဲ မင်းက ပါဝါပြတာလား"

"ရှင့်ကို ပါဝါပြတော့ရော ဘာအကျိုးရမှာလဲ. . .ကျွန်မက တာဝန်အရပြောတာ ဆေးကို တိုက်ချင်တိုင်းတိုက်လို့မရဘူး၊ ဆရာဝန်ကြီး သတ်မှတ်ထားတဲ့အချိန်အတိုင်း တိုက်နေရတာ . . .ရှင်လောကွတ်လုပ်ချင်တိုင်း လုပ်လို့မရဘူး"

"ဘာ . . .နင် . . .နင်"

ဟယ်လင်နိုင်မျက်နှာပြင်တစ်ခုလုံး နီမြန်းလာပြီး . . ဆူးဆူးကို မျက်ထောင့်နီကြီးဖြင့် ကြည့်ပြီး . . .





"ဒေါ်မျှင် . . .ခု ရေသွားခပ်"

"ရှင် သိပ်ပြီးတိုက်ချင်ရင်ရတယ် . .ဖြစ်လာတဲ့ပေါ်မှာ ရှင်တာဝန်ယူရမယ်၊ မေမေကြီးတစ်စုံတစ်ခုဖြစ်ရင် တရားခံဟာ ရှင်ပဲ . . .ဒေါ်မျှင် သွားခပ်ပေးလိုက်ပါ၊ ကျွန်မဆရာဝန်ကြီးဆီကို ဖုန်းဆက်ပြီး အသိပေးလိုက်မယ်"

ဆူးဆူးစကားကြောင့် ဟယ်လင်နိုင် စကားဆက်မဆိုတော့ဘဲ . . .အောက်ထပ်ကိုဆင်းသွားတော့သည်။

"အင်း . . .ဒီဟာမရောက်လာရင် အိမ်မှာအကုသိုလ်တွေက တစ်ခုမဟုတ်တစ်ခုဖြစ်တော့တာပဲ"

"ဒေါ်လေးမျှင် ဘာမှမပူနဲ့ . .ဒင်းအစွယ်ကို ကျွန်မတို့ ရိုက်ချိုးပြမယ်"

"တူတော်မောင်ရောက်လာရင် ဘာတွေပတ်ချွဲနပ်ချွဲလုပ်ပြီး ဘယ်လိုသရုပ်ဆောင်ပြဦးမလဲ မသိဘူး"

"ဒေါ်လေးမျှင် . . .ဦးမြင့်မြတ်ကောရာဇ်က သူ့ချွဲသမျှကို လိုက်လျောနေတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"တူတော်မောင်က သူကိုခပ်မှန်မှန်ဆက်ဆံတာပါ။ သူကသာဖြစ်နေတာ . . .သူ့စကားကို သိပ်ပြီးနားထောင်တာမဟုတ်ဘူး"

"ဒါနဲ့ အရင်လူတွေတုန်းက သူကထုတ်ဆိုရင် . . . ထုတ်ပစ်တယ်ဆို"

"အရင်လူတွေ ခေါ်လာတာသူလေ. . .ပြီးတော့ သူပဲ မကောင်းဘူးပြောပြီး ထုတ်ခိုင်းတာ၊ တူတော်မောင်ကိုယ်တိုင်က စိတ်တိုင်းမကျတာလည်း ပါပါတယ်ကွယ်. . "

"သူ့စကားကြောင့် မဟုတ်ဘူးပေါ့. . ."

"ဘယ်ကလာ ဟုတ်ရမှာလည်း . . .သူထုတ်ခိုင်းတဲ့ အချိန်နဲ့ တိုက်ဆိုင်သွားတာပါ၊ ဒါကို သူ့စကားအရာရောက်တယ်ဆိုပြီး ဘဝင်မြင့်နေတာ. . ."

"ကဲ. . .ဒေါ်လေးမျှင် သူ့အကြောင်းပြောနေလို့ မဖြစ်သေးဘူး၊ သမီးလေးမွေးနေ့အတွက် ချက်ပြုတ်စရာတွေ လုပ်ကြရဦးမယ်. . .ဦးမြင့်မြတ်ကေရာင် ညှော်သည်ဘယ်နှစ်ယောက်





လာမလဲ မသိဘူး. . ."

"တူတော်မောင်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ(၃)ယောက်ပဲ လာမှာပါ၊ . ."

ကျွန်မတို့ အောက်ထပ်ကို ပြန်ဆင်းပြီး၊ ကိုယ်စီလုပ်ရမည့်အလုပ်များကို လုပ်ကိုင်နေလိုက်သည်။ ဟယ်လင်နိုင်က သူ့ကိုယ်သူအိမ်ကြီးရှင်သဖွယ် ညှော့ခန်းတွင်အခန့်သားထိုင်ပြီး. . .ကျွန်မတို့လုပ်နေသည်ကို ကြည့်နေသည်။ ရောက်ခါစကလို. . .ဩဇာဝင်ပြီး မပေးတော့ပါ

သမီးလေး သျှီသုန္ဒရီကို သူ့အနားသို့ခေါ်ပေမယ့် . . . သျှီသုန္ဒရီက လုံးလုံးမသွားဘဲ၊ ကျွန်မဘေးမှာပဲဝင်ပြီး ထိုင်နေသောကြောင့် ဟယ်လင်နိုင်မျက်နှာပျက်နေသည်ကို ကျွန်မ သတိပြုမိလိုက်သည်။ ဟယ်လင်နိုင်မျက်ဝန်းထဲတွင် ကျွန်မတို့ပေါ်မှာ မုန်းတီးရန်လိုမှုတွေကို တွေ့မြင်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုမြတ်...သူတို့ကို အလုပ်ဖြုတ်လိုက်ပါ"

ကျွန်မတို့ (၃)ယောက် အိမ်ထဲတွင် ပြင်ဆင်စရာတွေကို ပြင်ဆင်နေချိန်မှာ ဟယ်လင်နိုင်ပြောလိုက်သော စကားသံကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသည်။

ဦးမြင့်မြတ်ကရောင်ကတော့...ဟယ်လင်နိုင်စကားကို ခပ်ပေါ့ပေါ့လေးနားထောင်ပြီး...

"သူတို့ကို အလုပ်ထုတ်နိုင်လောက်တဲ့ အမှားမျိုးတွေ သူတို့ ဘာကျူးလွန်လို့လဲ ဟယ်လင်နိုင်..."

"သူတို့ပုံစံတွေကို မကြိုက်ဘူး"





"ဟယ်လင်နိုင် မကြိုက်တာနဲ့ သူတို့ကိုအလုပ်ဖြုတ်ပစ်လိုက်တာဟာ...သဘာဝကျတဲ့ကိစ္စမှ မဟုတ်တာ"

"ကိုကိုမြတ်က...သူတို့ကို အလုပ်မဖြုတ်ဘူးပေါ့"

"သူတို့လုပ်ကိုင်နေတဲ့ အလုပ်ပေါ်မှာ အမှားအယွင်းမရှိဘဲနဲ့တော့...အကြောင်းမဲ့ အလုပ်မဖြုတ်နိုင်ဘူး"

"ကိုကိုမြတ်ကို ပြောလို့မရရင်...မေမေကြီးကို သွားပြီးပြောမယ်"

"ဟယ်လင်နိုင် မင်းဟာ...ပန်းရိပ်မြုံရဲ့ အိမ်တွင်းရေးကိစ္စတွေမှာ ခင်မင်ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး၊ မစွက်ဖက်ပါနဲ့...မေမေ့ကို ဒုက္ခမပေးပါနဲ့...သူကျန်းမာရေးအတွက် သူကောင်းကောင်းမွန်မွန် နားနေပါစေ"

"ကိုကိုမြတ်စကားတွေက ရင့်သီးနေတယ်နော်..."

"မင်းကြိုက်သလို ယူဆနိုင်တယ် ဟယ်လင်နိုင်...မိဘချင်း ခင်မင်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ဆက်ဆံရေးကို မထိခိုက်ချင်လို့...ငါ အယဉ်ကျေးဆုံးပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမြတ်ဘက်က ဒီဟာမတွေ့ရောက်လာမှ . . . ဒီစကားမျိုးတွေ ပြောထွက်တယ်ပေါ့၊ ရတယ်လေ ဟယ်လင် ပြန်မယ် . . ."

ဟယ်လင်နိုင် . . . ဦးမြင့်မြတ်ကောရာဇ်ဘေးမှ ဒေါသ ခြေလှမ်းများနှင့် ထွက်သွားလေသည်။

"သဇင် . . . ဆူးဆူးနဲ့ ကျူရိ . . ."

"ရှင် . . . ဦးမြင့်မြတ် . . ."

"ဟယ်လင်နိုင်ရဲ့ အပြုအမူတွေကို ကိုယ်တောင်းပန်ပါတယ် . . ."

"ရပါတယ် ဦးမြင့်မြတ် . . . ဒါနဲ့ ညေ့သည်တွေဘယ် အချိန်ရောက်မှာလဲဟင်"

"ညပိုင်း(၇း၀၀)နာရီလောက်မှ ရောက်မှာပါ . . .(၃) ယောက်ထဲပါ၊ ခုကတည်းက ကိုယ်ပြောထားမယ်၊ ဟယ်လင်နိုင် နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှအလျှော့ပေးစရာမလိုဘူးနော်"

"ကျွန်မတို့ပေါ်မှာ ခုလိုနားလည်မှုပေးတာကို ကျေးဇူး





တင်ပါတယ် ဦးမြင့်မြတ် . . ."

"ကဲ . . . လုပ်စရာရှိတာ လုပ်ကြပါ . . . မေမေ့ဆီကို သွားလိုက်ဦးမယ်၊ သမီး သုန် . . ."

"ရှင် . . . လေးလေး"

"ဘွားဘွားကြီးနားမှာ မနေဘူးနော် . . ."

"နေပါတယ်လေးလေးရဲ့ မယုံရင် . . . ဆရာမကို မေး ကြည့်"

"သမီးဆရာမက သမီးဘက်ပဲပါမှာပေါ့ . . . သမီးလေး ကရော ဆရာမနဲ့နေရတာ ပျော်ရဲ့လား . . ."

"ပျော်တာမှ အရမ်းကိုပျော်"

တူမဖြစ်သူ၏ စကားလေးကို သဘောကျစွာဖြင့် ခေါင်း ကလေးကိုပုတ်ပြီး အပေါ်ထပ်သို့တက်သွားလေသည်။

အောက်ထပ်မှာ ကျန်ရစ်ခဲ့သော ကျွန်မတို့(၃)ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး အဓိပ္ပါယ်ပါသော မျက်လုံးများနှင့် ကြည့်မိလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့(၃)ယောက်၏ အနာဂတ်ကောင်းကင်ပေါ်
လမင်းတစ်ဆူသာနေသလားပင် မသိပါ . . .

ဘဝဟောင်းကလေးတွေကို မေ့လျော့ပြီး . . . ဘဝသ
တစ်ခုဆီသို့ရောက်နေသလားပင် မသိတော့ . . .။

BURMESE CLASSIC .com

## အခန်း ( ၈ )

ကျွန်မ . . . ဆူးဆူး၊ ကျူရီ၊ သမီးလေး သျှိသုန္ဒရီနှင့် ဦးမြင့်မြတ်ကျော်တို့ သမီးလေး၏ မွေးနေ့ကောင်းမှုပြုလုပ်ရန် ရွှေတိဂုံစေတီကြီးသို့ လာခဲ့ကြသည်။

သျှိသုန္ဒရီလေးကို ကျွန်မနှင့် ကျူရီလက်ကလေးဆွဲပြီး၊ ဆူးဆူးက နောက်မှကပ်ပြီးလိုက်ခဲ့သလို . . ဦးမြင့်မြတ်ကျော်ကတော့ နောက်ဆုံးမှ ခပ်အေးအေးတက်လာနေသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ျာရစ်တစ်ပတ်ပတ်ပြီး အောင်မြေတွင် ဝတ်ပြုပြီးမှ သမီးလေးမွေးနံ့ သောကြာဒေါင့်ကို လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိမီးပူဇော်တဲ့သူက ပူဇော်၊ ရေချမ်းကပ်တဲ့သူက ကပ်၊ ပန်းလှူတဲ့လူက လှူနှင့် ကျွန်မတို့(၃)ယောက်လုံး . .ကိုယ့်တာဝန်နှင့်ကိုယ် သမီးလေးအတွက်ကုသိုလ် ပြုပေးနေကြသည်။ ဦးမြင့်မြတ်ကေရာဇ်တစ်ယောက်ကတော့ ခပ်လှမ်းလှမ်းတွင်ထိုင်ပြီး . . .ကျွန်မတို့လုပ်ကိုင်နေကြသည်ကို ကြည့်နေလေသည်။

သို့သုန္ဒရီလေးဘုရားရှိခိုးပြီးသည်နှင့် အတူပျာယာပြီးရပ်တော့မှ . . .ဦးမြင့်မြတ်ကေရာဇ် ကျွန်မတို့နားကိုရောက်လာပြီး . . .

"တစ်ခုခုစားကြရအောင် . . ."

"လေးလေး . . .သမီး မုန့်ဟင်းခါးစားချင်တယ်"

"သမီးလေး စားချင်ရင် . . .စားစေဗျာ"

"ဆရာမ . . ."

"ဘာများလဲ သမီး . . ."

"ဆရာမရော မုန့်ဟင်းခါးစားမှာလား"





"သမီးလေးစားမှတော့ . . .စားမှာပေါ့"

ကျွန်မတို့ ဘုရားအောက်ဘက် စားသောက်ဖွယ်ရာဆိုင်ဘက်သို့ ဆင်းခဲ့ကြသည်။

"သဇင်တို့စားနှင့်ကြဦး . . .ကိုယ်သမီးလေးအတွက်ရွှေသင်္ကန်းသွားပြီး လှူဦးမယ်"

"ဟုတ်ကဲ့ . . ."

"လေးလေး . . .အကြာကြီးမနေနဲ့နော်"

"ဪအေးပါ . . .လေးလေး လှူပြီးတာနဲ့ချက်ချင်း ပြန်လာမှာပါ . . ."

ကျွန်မတို့ စားသောက်ဖွယ်ရာအစုံရသော ဆိုင်ကလေးထဲရှိစားပွဲဝိုင်းတွင် ဝင်ထိုင်ပြီး . . .စားချင်သည်များကို မှာယူစားသောက်နေစဉ် . . .

"သဇင် . . ."

"ဟင် . . .ဂျင်မီဇော်"

ကျွန်မနှင့် ပတ်သက်ဖူးသော ကျောက်ပွဲစားဂျင်မီဇော်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရခြင်းဖြစ်သည်။

"သိပ်ပြီးလှပတဲ့ လှည့်စားကွက်ကလေးနဲ့ ပညာပေး သွားတဲ့ သခင်မလေးကို ပြန်မဆုံရတော့ဘူးမှတ်တာ...ဆိုက် ဆိုက်မြိုက်မြိုက်ကို လာပြီးတွေ့နေရပါလား..."

"ဂျင်မီဇော်...ရှင်နဲ့ ကျွန်မကြားမှာ ဘာဆက်နွယ်မှု မှ မရှိတော့ဘူးနော်"

"ဒါက...မင်းဘက်အပိုင်းက ပြောတာလေ၊ ငါ့ဘက်က ပြောပရာ ကျန်သေးတယ်"

"ရှင် စာရင်းရှင်းချင်ရင် သီးသန့်တွေ့မယ်...ခုချိန်မှာ ရှင်နဲ့ကျွန်မ တွေ့ဖို့အချိန်မပေးနိုင်ဘူး..."

"သဇင်...သဇင်...ဒီစကားလေးတွေကို ငါယုံမိလို့ ခံခဲ့ရတာလေးကို မမေ့သေးပါဘူး၊ မင်း...ငါနဲ့ ဒေဟလိုက် ခဲ့ပါ"

ကျွန်မနှင့် ဂျင်မီဇော် ဒီနေရာ၌ဆက်ပြောနေလျှင် ဦးမြင့်မြတ်ကေရာဇ် ပြန်ရောက်လာလျှင်...ကျွန်မတို့၏နဂို





ဇာတ်ရုပ်တွေကို သိသွားနိုင်ခြင်းကြောင့်...

"ဆူးဆူးနဲ့ ကျူရီ...ငါ ခဏလိုက်သွားဦးမယ်၊ ဦးမြင့်မြတ်ကေရာဇ် လာရင် ညီ့သည်နဲ့တွေ့လို့ စကားသွားပြီး ပြောတယ်...ပြောထားလိုက်"

"ဆရာမ...ဘယ်သွားမလို့လဲ"

"ဒီနားလေးပါ သမီးလေး...ဆရာမချက်ချင်းပြန်လာ မယ်..."

"သိပ်မကြာနဲ့နော်..."

"စိတ်ချ...ဆူးဆူးခဏ"

ကျွန်မ ဆူးဆူးကို အနားသို့ခေါ်လိုက်ပြီး...

"ငါ့ကို မစောင့်နဲ့တော့...ငါရှင်းပြီးတာနဲ့ အိမ်ကိုပဲ ပြန်လာခဲ့မယ်"

"သဇင်...နင်ဖြစ်ပါ့မလား...ငါပါလိုက်ရမလား"

"ငါ့ကိစ္စ...ငါနိုင်ပါတယ်၊ သမီးလေးကို ဂရုစိုက်ပြီး ခေါ်သွား..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ..."

ကျွန်မ...ဂျင်မီဇော်နှင့်အတူ ထွက်လာခဲ့ရင်း

"ရှင်...ဘယ်မှာ စာရင်းရှင်းမှာလဲ ပြော"

"အေးအေးချမ်းချမ်းနေရာလေးကို သွားကြတာ ပေ

..."

"ရှင် ခေါ်တဲ့နေရာကို...ကျွန်မ မလိုက်နိုင်ဘူး"

"ဘယ်လိုဖြစ်တာလဲ သဇင်...အရင်တုန်းက စကား

လေးတွေ မဟုတ်ပါလား"

"အရင်က သမိုင်းကြောင်းတွေကို မပြောနဲ့...သင

တို့ဘဝမှာ ပြီးသွားတဲ့နေရာမှာ ထားခဲ့တာ..စကားပုံတွေ

ပြောမနေပါနဲ့...ရှင်ဖြစ်ချင်တာကို ပြော"

"ငါ့ဆီက ယူသွားတဲ့ ကျောက်ကိုပြန်လိုချင်တယ်"

"ကောင်းပြီ...ကျွန်မပြန်ပြီး ရှာပေးမယ်... ဘ

တော့ပေး"

"မင်း တောင်းတဲ့အချိန်ဆိုတာကို ငါမယုံဘူးသဇင်





မင်းတို့တစ်တွေက ခုတွေ့ရပေမယ့်...နောက်ကိုယ်ပျောက်

သွားတတ်တာကို ကြောက်နေပြီ"

"ရှင် အတင်းအကျပ်ကြီး မတောင်းဆိုနဲ့..ကျွန်မမှာ

ခု ပေးစရာ ဘာမှမရှိဘူး"

"ဟား...ဟား...ဟား ပေးစရာရှိပါတယ်"

ဂျင်မီဇော်...ကျွန်မကို မျက်နှာမှခြေ ဆုံးသည်ထိ

ကြည့်ပြီး၊ ရယ်ကာမောကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဘာလဲ...ရှင်က ကျွန်မခန္ဓာကိုယ်ကို အလျော်အစား

လုပ်ချင်တဲ့ သဘောလား"

"သဇင်က...ဉာဏ်ကောင်းပါတယ်၊ ဒီလိုလွယ်လွယ်

လေး သဘောပေါက်သင့်တယ်"

"ဂျင်မီဇော်...သဇင့်ဘဝမှာ ဒါမျိုး အလျော်အစား

ဆိုတာ ရာဇဝင်မရှိဘူး"

"ကောင်းပြီလေ...မင်းဘက်က ငြင်းဆန်မယ်ဆိုရင်

ရတယ်၊ မင်းတို့ ခုခင်းနေတဲ့ ဇာတ်လမ်းထဲမှာ ဝင်ပြီးကလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပဲ...”

“ဘာ...ရှင်...ရှင်”

“မင်းကို အချိန်(၁၅)မိနစ်ပေးမယ်...စဉ်းစားလိုက်ပါဦး”

ကျွန်မတကယ်ကို ချောင်ပိတ်မိသွားခဲ့ပါပြီ...ကျွန်မ ပန်းရိပ်မြုံ၏ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့အင်အား မရှိခဲ့ဘ အမှန်ပါ...

“သဇင်...သဇင်...မင်းတကယ့်ကို တုန်လှုပ်နေပြီ မဟုတ်လား...မင်းတို့ကနေတဲ့ ဇာတ်ထုပ်ကြီးက ခမ်းနား တယ်နော်..မင်းခန္ဓာကိုယ်လေးနဲ့စာရင် တန်ဖိုးက မိုးနဲ့မြေ လောက်ကို ကွာနေတယ်...”

ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို မဖြစ်မနေချရတော့ မည်...ဂျင်မီဇော်ကြောင့် ကျွန်မစိတ်ကူးယဉ်ကမ္ဘာကလေး အပျက်စီးမခံနိုင်ပါ။

“ကောင်းပြီ...ရှင်သွားမယ်ဆိုတဲ့နေရာကို လိုက်





မယ်...”

“ဒီလိုဆိုတော့လည်း..သဇင်က သိုးလေးတစ်ကောင်ပါ လား...သွားကြမယ်”

ကျွန်မ ဂျင်မီဇော်ခေါ်ဆောင်သည့်နောက်ကို လိုက်ခြင်း မှာ...ကောင်းသောဆုံးဖြတ်ချက်မဟုတ်၊ ဂျင်မီဇော်ကို လူ့ လောကအပြင်ဘက်သို့အပြီး ပို့ဆောင်ရန်အတွက် လိုက်ခဲ့ခြင်း ဖြစ်သည်။

ကျွန်မဘဝမှာ နူးနူးညံ့ညံ့လေးသာ ကွေ့ပတ်ပြီးဆော့ ကစားပေမယ့်...ဒီတစ်ခါတော့ ကျွန်မလက်တွေ သွေးစွန်း တော့မှာဖြစ်သည်

“ဂျိုင်း...”

ဂျင်မီဇော် ကားတံခါးကိုဖွင့်ပေးပြီး၊ ကျွန်မကားပေါ်သို့ ရောက်သည်နှင့်...တံခါးပိတ်ပြီး ကားလေးမောင်းထွက်ခဲ့ တော့သည်။ ကျွန်မစိတ်အာရုံတွေကို တည်ငြိမ်အောင်ထားပြီး၊ လုပ်ကိုင်ရမည့်အကြံအစည်ကို စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး...ကျွီ...ဟယ်"

ဂျင်မီဇော် ကားရှေ့တွင်...အငှားကားတစ်စီးဖြတ်ကျော်ပြီး၊ ပိတ်ရပ်သလို လုပ်လိုက်သောကြောင့် ပွဲဘ်ကာသီကာလေး ဘရိတ်နင်းကာ...ကားကိုရပ်လိုက်ရသည်။

"ဘယ်လို လုပ်တာလဲကွ..."

"ဘယ်လို လုပ်တယ်ဆိုတာ...မင်း မမြင်ဘူးလား"

"ဟင်...ကိုငြိမ်းစစ်သူ"

"ငြိမ်း...မင်း...မင်း..."

"ဂျင်မီဇော်...ငါစကားတွေ အမိုပမပြောချင်ဘူး မင်းဘယ်လိုကောင်ဆိုတာ ငါသိသလို...ငါဘယ်လိုကောင်ဆိုတာလည်း မင်းသိပါတယ်"

"ငြိမ်း...မင်း ဘာလုပ်ချင်လို့လည်း ပြောပါ"

"သဇင့်ကို ငါ့ကားပေါ်ပြောင်းပြီး...တင်ပေးလိုက်"

"ဟာ...သူနဲ့ငါ စာရင်းရှင်းစရာရှိတယ်"

"ဂျင်မီ...ချောက်"





ငြိမ်းစစ်သူ..သူ့လက်စွဲဓားမြှောင်လေးကို ထုတ်ပြီး..

"ငါ...သွေးထွက်သံယိုမှုတွေ မလုပ်ချင်ဘူး ဂျင်မီ"

"ခေါ်...ခေါ်...သွားပါကွာ..."

"သဇင်...ငါ့ကားပေါ်ကို ပြောင်းပြီးတက်"

"ဟုတ်..."

ကျွန်မသည် ဂျင်မီဇော့်ကားပေါ်မှ...ငြိမ်းစစ်သူကားလေးပေါ်သို့ ပြောင်းပြီးတက်လိုက်သည်။

"ဂျင်မီ...မင်းကို တစ်ခါတည်း သတိပေးလိုက်မယ်၊ သဇင်ကနေတဲ့ ဇာတ်လမ်းထဲမှာ မင်းဝင်ပြီး "က"မယ်ဆိုရင် မင်းအတွက် ကံကောင်းမှာမဟုတ်ဘူး...မင်းဆီက သဇင်ယူသွားတဲ့ ကျောက်ကို မင်းဘယ်ကယူလာတယ်ဆိုတာ မင်းသိမှာပါ...ကျောက်ပိုင်ရှင် ဦးပန်းစိုင်တို့အဖွဲ့ကို ဒီအကြောင်းပြောလိုက်တာနဲ့ မင်းဘဝအတွက် မတွေးဝံ့စရာ ဖြစ်သွားမယ်နော်..."

"စိတ်..ချ..ပါကွာ...သဇင်တို့ဇာတ်လမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါမပါတော့ပါဘူး..မင်းသာ ဦးပန်းစိုင်တို့ကို သွားပြီးမပြောပါနဲ့"

"မင်းဘက်က ကတိတည်ရင်၊ ငါ့ဘက်ကကတိတည်ပြီးသားပဲ...ကဲသွားမယ်"

ငြိမ်းစစ်သူ...သူ့အငှားကားလေးကို နောက်ပြန်ဆုတ်ပြီး မောင်းထွက်လာခဲ့သည်။

"ကိုငြိမ်းစစ်သူ..."

"ဘာလဲ သဇင်...ကျေးဇူးတင်ကြောင်း ပြောဦးမလို့လား...ပြောမနေနဲ့တော့"

"ကျွန်မ...ဒီတစ်ခါ ရှင့်ကျေးဇူးပေါ်မှာ တစ်သက်လုံး မေ့ရမှာမဟုတ်ပါဘူး ရှင်..."

"လူ့ဘဝ လူ့လောကကြီးမှာ သိပ်ကိုဆန်းကြယ်ပါတယ် သဇင်...လူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ကံကြမ္မာက ခင်းပေးတဲ့ကံစလေးတွေ အများကြီးရှိတယ်...ဒီလိုပဲ မင်းနဲ့ငါ့ကိုကံကြမ္မာတရားကြီးက ကူညီခွင့်ပေးနေတယ်လို့ပဲ သဘောထားလိုက်ပါ...မင်းခုရောက်နေတဲ့ ဘဝကလေး





က ပျော်စရာကောင်းရဲ့လား..."

"အမှန်အတိုင်း ကျွန်မပြောရရင်...ပျော်စရာတွေ ရှိသလို၊ ရင်မောစရာတွေလည်း ရှိနေပါတယ်..."

"အန်တီမမကြောင့် ရင်မောနေရတာလား..."

"ဟုတ်ပါတယ်..."

"ငါ့ဘက်ကတော့ ဘာကိုမှတော့ ကြိုတင်ပြီးမပြောချင်ဘူး...တစ်ခုပဲ မင်းကိုပြောခဲ့မယ် သဇင်...မင်းတို့ဘဝတွေကို ဖြူစင်စွာဖြတ်သန်းချင်တဲ့ စိတ်ကလေးတွေမွေးလိုက်ပါလို့..."

"ကို...ငြိမ်း...စစ်သူ"

"ငါ ဒီလောက်ပဲ ပြောပါရစေသဇင်..."

ကျွန်မဘဝအတွက် ပြောင်းလဲခြင်းလမ်းမပေါ်သို့...ကိုငြိမ်းစစ်သူ ပို့ဆောင်ပေးနေခြင်းပင်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၉ ▶

ကျွန်မတို့(၃)ယောက် . . . ပန်းရိပ်မြုံသို့ ရောက်ခဲ့ကြ၍ တစ်လတင်းတင်းပြည့်သောနေ့တွင် အန်တီမမ . . . ကျွန်မတို့(၃)ယောက်ကို မဖြစ်မနေလာတွေ့ဖို့ ချိန်းဆိုလိုက်သောကြောင့် . . . ချိန်းဆိုထားသော နေရာသို့ရောက်လာကြခြင်းဖြစ်သည်။

ကျွန်မတို့(၃)ယောက်လုံး ထွက်ခွင့်ရခဲ့သည်မှာ မိမွေ့ အိမ်တွင် . . . ဦးမြင့်မြတ်ကေရာဇ်၊ မေမေကြီးနှင့် သမီးလေး သျှိသုန္ဒရီတို့ . . . ပဲခူးမှ ဘုန်းကြီးကျောင်းတွင် သိမ်ရေစက်





ချကို သွားကြသောကြောင့် ထွက်လာခွင့် ရခြင်းဖြစ်သည်။

ကျွန်မတို့ (၃)ယောက်လုံးကို တွေ့ဆုံသည့်နေရာမှာ မော်ဘီဘက်မှ ခြံဝန်းကြီးတစ်ခုတွင်ဖြစ်သည် . . . ထိုနေရာ ထိုအိမ်ကို တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးခဲ့ပါ။

"မင်းတို့ . . ခုဆို နဂါးနက်ရုပ်တုရှာဖို့အတွက် ပန်းရိပ်မြုံကို ရောက်နေတာ (၁)လပြည့်နေပြီ . . . ခုထိ ဘာသတင်းမှ မရသေးပါလား . . ."

"ကျွန်မတို့လည်း ရှာဖွေနေတာပဲ အန်တီ . . ."

အန်တီမမအသံက ခပ်ထန်ထန်ရှိနေသလို . . . ဦးခန့်စည်မောင် မျက်နှာပေါ်တွင် တင်းမာမှုတွေကို တွေ့နေရသည်။

"တစ်လဆိုတဲ့အချိန်က မင်းတို့အတွက် ကောင်းကောင်းကြီး အချိန်ရပါတယ် . . . မတွေ့သေးဘူးဆိုတာ မင်းတို့ဘက်က ပေါ့လျော့လို့နေမှာပေါ့ကွာ . . ."

"အန်ကယ်တို့လိုချင်တဲ့ ပစ္စည်းလေးကို ခပ်လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး တွေနိုင်တဲ့နေရာမှာထားမှတော့...ကျွန်မတို့ အချိန်ဆွဲ
နေစရာတောင်မလိုပါဘူး"

"မင်းတို့(၃)ယောက်လုံးက ပန်းရိပ်မြုံမှာ ပျော်ရွှင်နေ
သလိုပဲနော်..."

"အန်ကယ်ထင်လို့ပါ...ကျွန်မတို့ရဲ့ပျော်ရွှင်ခြင်းဟာ
ငွေကလွဲပြီး ဘာမှမရှိပါဘူး"

ကျွန်မတို့နှင့်...အန်တီမမတို့ကြားတွင် ပဋိပက္ခတွေ
က တင်းမာနေသလို ဖြစ်နေလေတော့သည်။

"မင်းတို့ဘက်က ဘယ်လိုအကြောင်းတွေပြပြ...ငါ
နောက်ဆုံးစကားတော့ပြောလိုက်မယ်...မမဆိုတဲ့လူပေါ်မှာ
လှည့်စားဖို့တော့မကြိုးစားနဲ့နော်..."

"အန်တီ...ကျွန်မတို့ပေါ်မှာ သံသယရှိနေဒင်၊ ကျွန်မ
တို့ ဒီပွဲကို ဆက်မလုပ်တော့ဘူး"

ကျူရီစကားကြောင့် ဦးခန့်စည်မောင် မျက်နှာပြောင်
သွားပြီး...





"မမ...မင်းကလည်းကွာ၊ ကိုယ့်တပည့် ကိုယ့်သမီး
တွေပေါ်မှာ စကားပြောတာ ဆင်ခြင်စမ်းပါ...မင်းတို့အန်တီ
က အန်ကယ့်ကို အားနာနေပြီး ပြောနေတာပါ...သမီးတို့
ဆက်ပြီးလုပ်စရာရှိတာကို လုပ်ကြမ်ပါ"

"ကိုခန့်...သူတို့အကြောင်းကို မသိသေးပါဘူး..
ကျွန်မက သူတို့နဲ့လုပ်ကိုင်လာတာ သူတို့(၃)ယောက်လုံးက
ခပ်ညံ့ညံ့တွေမဟုတ်ဘူး...အလုပ်တစ်ခုကိုလုပ်ရင် ပီပြင်
အောင်လုပ်တတ်တယ်...ခုဟာက အားမစိုက်ဘဲ ဖြစ်နေလို့"

"ဒါက အန်တီတို့ အပြင်ကအမြင်လေ...
ဦးမြင့်မြတ်ကျော်ဟာ ခပ်နုံနုံအအလူတစ်ယောက် မဟုတ်
ဘူးဆိုတာတော့ အန်တီလေ့လာမိမှာပါ..."

"သင်ပြောတာ ဟုတ်တယ်မမ...ငါ ပန်းရိပ်မြုံထဲ
ကို ငါ့လူတွေထည့်ပြီး စုံစမ်းကြည့်ပြီးပြီ..ဘယ်လိုမှ သဲလွန်စ
မရဘူး၊ နောက်ဆုံး အလုပ်ကပါ ထုတ်ပစ်ခဲ့ရတယ်...
မြင့်မြတ်ကျော်ကို လျှော့တွက်လို့မရဘူး၊ သမီးတို့...အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို စိတ်ထဲမှာမထားကြပါနဲ့ကွာ...ဆက်ပြီး လုပ်စရာရှိတာသာ ဆက်လုပ်ကြပါ..."

"ကျွန်မတို့အပိုင်းကတော့ အချိန်ပြည့် ကြိုးစားပေးနေတာပါ။ အန်တီ..ကျွန်မတို့ကို ပြောစရာကျန်သေးလား"

"ငါ့ဘက်က ပြောစရာစကားတစ်ခွန်းပဲရှိတယ်..."

"ဟုတ်ကဲ့...ပြောပါ"

"မမ ရာဇဝင်မှာ မဖြစ်ဘူးဆိုတာ မရှိစေရဘူးလို့...မင်းတို့သိထားလိုက်..."

ကျွန်မတို့ ဘာစကားမှမတုံ့ပြန်တော့ဘဲ အိမ်ထဲမှ ထွက်လာခဲ့တော့သည်။

"သဇင်...သဇင်..."

"ဘာလဲ...ဆူးဆူး"

"အိမ်ဘေးမှာ ရပ်ထားတဲ့ကားကို နင်သတိပြုမိလား..."

"အမှတ်တမဲ့ပဲ...ဘာဖြစ်လို့လဲ..."





"ဒါဟိုဟာမ ဟယ်လင်နိုင်...ငါတို့နဲ့စပြီးတွေ့တဲ့နေ့က စီးလာတဲ့ကားဟ..."

"ဟင်..."

"ဟယ်...သေချာရဲ့လား ဆူးဆူးရယ်..."

"မသေချာဘဲ ငါမပြောဘူး...ကားနံပါတ်တောင်အလွတ်ရတယ်"

ဆူးဆူးသည် ကားနှင့်ပတ်သက်ပြီး၊ သင်္ကေတထားရာတွင် ကျွန်မတို့ထဲတွင် အတော်ဆုံးဖြစ်သောကြောင့်...ဆူးဆူးစကားကို အကြွင်းမဲ့ယုံလိုက်သည်။

"ဒါဆို ဟယ်လင်နိုင်ဟာ အန်တီမမနဲ့ပတ်သက်နေတာလား...ဦးခန့်စည်မောင်နဲ့ ပတ်သက်တဲ့သူလား..."

"ကျုရီနဲ့ ဆူးဆူး...ငါတို့အတွက် ပိုပြီးသတိထားစရာတော့ လိုအပ်နေပြီနော်"

"သဇင်...ငါတို့အတွက်ပဲ တွေးမနေနဲ့...ဦးမြင့်မြတ်ကေရာဇ်အတွက်ပါ ထည့်ပြီးတွေးပေးရင် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား...”

“တွေးပေးသင့်တဲ့ကိစ္စပေါ့ဟယ်...”

ကျူရီနှင့် ဆူးဆူးပြောနေသော စကားထဲတွင်... ကျွန်မဝင်ပြီး မပြောပေမယ့် ကျွန်မရင်ထဲမှာတော့ ဦးမြင့်မြတ်ကေရာင်အတွက်ရော...သမီးလေးအတွက်ပါ စဉ်းစားနေမိသည်။

“ဟဲ့...သဇင် စကားသံတိတ်လှချည်လား”

“တိတ်နေတာ မဟုတ်ပါဘူးဟာ... ငါတို့ ဦးမြင့်မြတ်ကေရာင် အရိပ်အောက်ကို ရောက်ခဲ့ကြတာ ဘာမှ မကြာသေးပေမယ့်...ပန်းရိုပ်မြုံဘဝလေးက ငါတို့အတွက် သာယာလှပနေတာ အမှန်ပဲဟာ...ဒီဘဝလေးကို ကာကွယ်ပေးချင်တယ်...”

“ငါတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ခိုင်ခိုင်မာမာတစ်ခုတော့ ချရလိမ့်မယ် သဇင်...”

“ဘယ်လိုဆုံးဖြတ်ချက်မျိုးလဲ ကျူရီ...”





“ငါတို့ ဆုံးဖြတ်ချက်ဟာ...စိန်ခေါ်မှုတစ်ခု ဖြစ်လာနိုင်တယ်...”

“နင်ပြောတဲ့စကားအရဆိုရင်...ငါတို့(၃)ယောက် အန်တီမမနဲ့ ဦးခန့်စည်မောင်တို့ကို စိန်ခေါ်ရမယ့်သဘောပေါ့ ဟုတ်လား...”

“သိပ်ဟုတ်တာပေါ့ သဇင်...သူတို့နဲ့ ငါတို့ကြားမှာ ဘယ်သူက သားကောင်၊ ဘယ်သူက မုဆိုးဖြစ်မလဲဆိုတာတော့...မပြောတတ်ဘူး၊ တစ်ကွက်ကလေးမှားတဲ့သူက အစားခံရမှာတော့ သေချာတယ်...”

“ငါတို့အတွက် အားကိုးစရာလူတစ်ယောက်ကို မြင်ထားတယ် ဆူးဆူး...”

“ဘယ်သူလဲ...”

“ကိုငြိမ်းစစ်သူ...”

“ဟင်...”

“ဟယ်...”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစကားကြောင့် ဆူးဆူးရော၊ ကျူရီပါ..မျက်လုံး ကလေးဝိုင်းသွားကြသည်။

"သဇင် . .သူ . .သူက ဒုစရိုက်အမှောင်လောကရဲ့ ဘုရင်တစ်ဆူနော် . . .အန်တီမမတို့နဲ့ ပတ်သက်မှုမရှိဘူးလို့ မပြောနိုင်ဘူး . . ."

"ဟုတ်တယ် သဇင် . . .သူ့ကိုအားကိုးမှ တစ်ခါတည်း ချောက်ထဲကျတဲ့အဆင့်ကို ရောက်မယ် . . ."

"သူ ငါ့ပေါ်မှာ . . .တကယ်ကောင်းခဲ့တာတွေ အများ ကြီးရှိပါတယ်ဟာ . . .သူနဲ့ငါ စကားပြောကြည့်ပါဦးမယ်ဟာ"

"အင်းလေ . . .နင့်ဘက်က ပိုင်ပြီဆိုရင်တော့ ငါတို့ က ဘာမှစောဒကတက်စရာမရှိပါဘူး . . .သူနဲ့နင်က အဆက် အသွယ်ရှိလား . . ."

"ဟင့်အင်း . . ."

"ဒါဆို ဘယ်လိုဆက်သွယ်မလဲ . . ."

"ငါ့စိတ်ထဲမှာ သူဟာ . . .ငါ့ရဲ့နောက်မှာ ရှိနေတာ





သလိုပဲလို့ထင်တယ် . . ."

"နင့်စကားက တစ်မျိုးပါလား . . ."

"ဘာကြောင့် ပြောရသလဲဆိုရင် . . .ငါ ဘေးဒုက္ခတွေ့ နေပြီဆိုရင် . . .သူရောက်ရောက်လာတတ်တယ်"

"ဘယ်လိုပဲတွေ့တွေ့ . . .ငါတို့ပေါ်မှာ တကယ့်ကူညီ မယ့်သူဖြစ်ပါစေလို့ပဲ . . .ဆုတောင်းရမှာပေါ့ သဇင်ရယ်"

"အန်တီမမနဲ့ ဦးခန့်စည်မောင်တို့က . . .အင်အား ကောင်းတယ်၊ သူတို့နဲ့ယှဉ်ဖို့အတွက် ငါတို့ဘက်မှာ . . .သူ့ရဲ့ ကောင်းတစ်ဦးတော့ မဖြစ်မနေလိုအပ်တယ် . . ."

"ဒါဆို . . .ဒီနေ့ကစပြီး ငါတို့(၃)ယောက်လုံး စိန်ခေါ် ပွဲတစ်ခုကို စတင်ပြီလို့ သတ်မှတ်လိုက်ကြမယ်"

"ဆူးဆူးနဲ့ ကျူရီ . . ."

"ဘာလဲ သဇင်"

"အန္တရာယ်မီးလျှံကြားထဲကို လက်တွဲမဖြုတ်ကြေး . . ဖြတ်ကျော်ကြမယ်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ သခင်ရေ...သေတူရှင်တူပဲဟော့"

ကျွန်မတို့ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်လိုက်ကြတော့သည်။

အခန်း ◀ ၁၀ ▶

"ဟင်..."

ကျွန်မ မျက်စိရှေ့တွင် မယုံနိုင်စရာ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားခဲ့သည်။

ညှော်ခန်းထဲရှိရှိုးကေ့(စ်)ထဲတွင် နဂါးနက်ရုပ်တုလေးကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ကျွန်မစတင်ပြီး ပန်းရိပ်မြုံကိုရောက်ကတည်းက ဒီရှိုးကေ့(စ်)ထဲတွင် နဂါးနက်ရုပ်တုကို တစ်ခါမှမတွေ့ဘူးခဲ့ပါ.. ဒီနေ့မှ တွေ့လိုက်ရခြင်းဖြစ်သည်။

"ဆရာမ...ကျောင်းသွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အေး...အေး"

ကျွန်မ ခဏမျှရပ်ကြည့်ပြီး ...သမီးကိုလက်ဆွဲပြီး၊ အိမ်ထဲမှထွက်လာခဲ့သည်။

"သမီး...ခဏနေဦးနော်"

"ဟုတ်ကဲ့..."

ကျွန်မသည်...နှင်းဆီခင်းထဲတွင် ကျူရီကိုတွေ့လိုက်သဖြင့် သမီးလေး သျှီသုန္ဒရီကို ကားပေါ်တွင်ထားခဲ့ပြီး .. ကျူရီထံသို့ထွက်လာခဲ့သည်။

"ကျူရီ..."

"အယ်...ဘာများလဲသဇင်"

"ဟို..ဟို...နဂါးနက်ရုပ်တုကိုတွေ့ပြီ"

"ဘာ...ဘယ်နေရာမှာလဲ"

"ညှော့ခန်းက မှန်ဘီရိုထဲမှာဟ ..ဒီနေ့မှ တွေ့တာ ကျူရီ...ဘယ်လိုလုပ်ကြမလဲ"





"သဇင်...နင် နဂါးနက်ရုပ်တုကို ယူသွားချင်လို့လား..."

"ငါပြောတာ ဒီသဘောမပါဘူး ...နဂါးနက်ရုပ်တုကို ခုလိုပေါ်ပေါ်ထင်ထင်ထားတာဟာ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေမလားဘဲ ...ဒီအိမ်မှာက ဟယ်လင်နိုင်က အဝင်အထွက်ရှိနေတော့ သေချာပေါက် သူတွေ့မှာပဲ ကျူရီ၊ ဒီကိစ္စကို ငါ...သမီးကျောင်းသွားပို့ပြီး ပြန်ရောက်မှပဲ... စကားဆက်ပြောကြတာပေါ့၊ ဒီနေ့ သမီးစာမေးပွဲက အရေးကြီးတယ်..."

"အေး...အေး"

"ကျူရီ...နင်က အိမ်မှာကျန်ခဲ့တာဆိုတော့ နဂါးနက်ရုပ်တုကို အလစ်မပေးနဲ့နော်"

"သွားမှာသာ သွားစမ်းပါသဇင်ရယ် ..ပန်းရိုပ်မြှုပ်ဟာ ငါတို့အတွက်ဘဝသစ်ဖြစ်နေပြီပဲဟာ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကားဆီသို့ပြန်လာပြီး . . . သမီးလေးသို့သုန္ဒရီ ကျောင်းသို့ မောင်းထွက်လာခဲ့တော့သည်။

ကျွန်မစိတ်ထဲမှာတော့ နဂါးနက်ရုပ်တုအတွက် စိတ်ပူပန်နေမိသည်။

"ဦးမြင့်မြတ်ကေရာဇ်ဆိုတဲ့သူက ဘာလို့ဒီရုပ်တုကို အပြင်ထုတ်ရသလဲမသိပါဘူး . . . ဟူး ခက်လိုက်တာ"

"ဆရာမ . . ."

"ဟေ . . . ဘာ . . . ဘာလဲသမီး"

"ဆရာမ ပါးစပ်က . . . ဘာတွေကို ပြောနေတာလဲဟင် . . ."

"အယ် . . . ဘာမှမဟုတ်ပါဘူး၊ ဘုရားစာရွတ်နေတာပါ . . . သမီးလေး စာမေးပွဲဖြေနိုင်အောင်လို့လေ . . ."

"သမီးက ကောင်းကောင်းကြီး ဖြေနိုင်မှာပါ . . . စာတွေအများကြီးရထားတာပဲ . . . ဆရာမ"





"ဘာလဲ . . . သမီး"

"လေးလေးက ပြောတယ် . . . ကျောင်းပိတ်ရင် လေးလေးဖွင့်ထားတဲ့ ချောင်းသာဟိုတယ်ကို အပန်းဖြေသွားမယ်တဲ့ . . ."

"သမီးတို့ သွားကြတာပဲ . . . ဆရာမတို့က လိုက်ရမှာမှမဟုတ်တာ . . ."

"သမီး လေးလေးကို ပြောပြီးပါပြီ . . . ဆရာမတို့ကိုပါ ခေါ်သွားရမယ်လို့ . . ."

"သမီးလေးလေးက ဘာပြောလဲ"

"ခေါ်သွားရမှာပေါ့တဲ့ . . ."

ချောင်းသာဟိုတယ် အကြောင်းကလေးကို ကြားရတော့ ပင်လယ်နတ်သမီးရုပ်ကလေးနှင့် ဦးမြင့်မြတ်ကေရာဇ်ကို စတင်ပြီးဆုံခဲ့သည်ကို အမှတ်ရမိလေသည်။

ဦးမြင့်မြတ်ကေရာဇ်တစ်ယောက် ကျွန်မတို့(၃)ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို အမှတ်တမဲ့မို့ မမှတ်မိတာလား . . .ဒါမှမဟုတ် သူဟာ မိန်းကလေးတွေအပေါ်မှာ စိတ်ဝင်စားမှုမရှိတော့တာလား မသိ. . .

ကျွန်မ ပန်းရိုပ်မြို့ကို ရောက်နေခဲ့တာ လပိုင်းပင်ကြာခဲ့ပေမယ့် . . .ဦးမြင့်မြတ်ကေရာဇ်နှင့် အလုပ်အတွက်လာပြီး စကားပြောတဲ့နေ့လောက် တစ်ခါမှကြာကြာ မပြောဖြစ်ခဲ့ပါ"

ဦးမြင့်မြတ်ကေရာဇ်. . .အလုပ်နားရက်တိုင်း အိမ်တွင် တစ်ခုခုလုပ်စားကြပေမယ့် . . .စကားဖောင်ဖွဲ့ပြီး မပြောကြပါ၊ ကျွန်မ သူ့ကိုကရုဏာသက်မိသည့်အချက်မှာ သူ့ဘဝတွင် . . အလုပ်ကိစ္စတွေနှင့် လုံးထွေးနေခြင်းပင်ဖြစ်သည်။

သမီးလေး သျှိုသုန္ဒရီကို ကျောင်းထဲထိလိုက်ပို့ပေးပြီး၊ ကားရပ်ထားသော နေရာသို့ ပြန်လာကာ . . .ကားတံခါးကို ဖွင့်စဉ် . . .

"ဟင် . . .ရှင် . . ."





"မင်း . . .ဘာစကားမှ မပြောဘဲ ကားပေါ်ကိုတက်လိုက်ပါ. . ."

ကျောကိုစားနှင့်ထောက်ပြီး၊ ကားပေါ်တက်ခိုင်းသဖြင့် ဘေးပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကစား လိုက်ရာ. .

"မင်း ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ မကြိုးစားပါနဲ့ ငါ့ရဲ့ဓားမြှောင်က . .မင်းအော်ချိန်ကို ပေးမှာမဟုတ်ဘူးနော် . . ."

"ရှင် . . .ဘာလိုချင်တာလဲ"

"ကားပေါ်ရောက်မှ စကားပြောမယ်"

ကျွန်မ ခေါင်းအေးအေးနှင့်ရှင်းဖို့ စဉ်းစားပြီး၊ ကားပေါ်ကိုတက်လိုက်သည်။ လူဆိုးက ကျွန်မဘေးတွင်ဝင်ထိုင်ပြီး. . ."

"ကဲ . . .မောင်းတော့"

"ဘယ်ကိုမောင်းရမှာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မော်ဘီဘက်ကို..."

"ပြန်ပေးဆွဲတာလား...ကားလုတာလား"

"တစ်ခုမှမဟုတ်ဘူး...မင်းကိုရှင်းမလို့"

"သိပ်ကိုလွယ်လှချည်လား...လူတစ်ယောက်ကို သတ်တာ ငှက်ကလေးတစ်ကောင်ကို သတ်ရသလိုမျိုး... ရှင်ထင်နေသလား"

"ငါ့အတွက်တော့ ငှက်ကလေးတစ်ကောင်ထက်တောင် ပိုပြီး လွယ်နေသလိုပဲ"

"ရှင် သတ်ချင်မှတော့...ကားစာတ်ဆီအကုန်ခံပြီး မောင်းမနေတော့ဘူး...ရှင်သတ်ချင်သတ်"

"ဟူး...ကျွီ"

ကျွန်မ ကားကိုထိုးပြီးရပ်လိုက်သည်။

"မင်း...မင်း ခုပြန်ပြီးမောင်းစမ်း"

"ကိုယ်အသတ်ခံရမှာကို သိနေမှတော့ စိတ်အပင်ပန်း ခံပြီး...ကားဆက်မမောင်းတော့ဘူး၊ ရှင့်ဓားနဲ့တစ်ချက်တည်း သေအောင်ထိုးသတ် နိုင်ပါ့မလား..."

"မင်း...မင်းကွာ...မောင်းဆို မောင်းစမ်း"

"မမောင်းနိုင်ဘူး..."

ကျွန်မ သွေးအေးအေးနှင့်ပြောနေခြင်းကြောင့်... ကျွန်မကို သတ်ရန်ခေါ်လာသူမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ငါနောက်ဆုံး ထပ်ပြောမယ်...ခုကားစက်နိုးပြီး မောင်း..."

"ကျွန်မဘက်ကလည်း နောက်ဆုံးစကားပြောမယ်.. မမောင်းနိုင်ဘူး"

"ကဲကွာ..."

"ဖြောင်း...အ"

ကျွန်မ မျက်နှာဆီသို့ ရောက်လာသောလူဆိုးလက်







www.burmeseclassic.com

www.burmeseclassic.com



ကို. . .ကပ်ပြီးရှောင်ကာ မျက်နှာကို ရိုက်ချလိုက်သည်။

"ဂျိုင်း. . ."

ကျွန်မ ကားတံခါးကိုအမြန်ဆုံးဖွင့်ပြီး ကားပေါ်မှ. . . ဆင်းလိုက်သည်။ လူဆိုးလည်း ချက်ချင်းဆင်းပြီး ကျွန်မ နောက်ကို လိုက်လာသည်. . .ကျွန်မရောက်နေသော နေရာ မှာ အိမ်တွေခြံတွေရှိပေမယ့် . . .အော်ခေါ်လို့ မရနိုင်သော ရပ်ကွက်ဖြစ်နေသောကြောင့် ကျွန်မသည် ကားလမ်းအတိုင်း သုတ်ခြေတင်ပြီး . . .မိမိအား ကယ်မည့်သူကို ရှာဖွေနေမိ သည်။

"ဒုတ်. . .အမေ့. . ."

ကျွန်မခြေထောက် တစ်ဖက်မှာ ချိုင့်တစ်ခုထဲကျ သွားပြီး၊ ရှေ့သို့ လဲကျသွားသည်. .ပြန်ထပေမယ့်၊ ခြေထောက် မှာ နာကျင်နေသဖြင့် ထလို့မရ. . .

"ကဲအမိ. . .ဒီတစ်ခါ ကျုပ်အလှည့်"





"ရှင်. . .ရှင် အနားမကပ်နဲ့နော်၊ ကျွန်မအော်လိုက် မှာ. . ."

"မင်းအော်တဲ့အသံကို ကြားနိုင်တဲ့ အိမ်၊ တစ်အိမ်မှ မရှိဘူး. . .အော်ချင်သလောက်အော်စမ်း"

ကျွန်မအနားကို လူဆိုးတိုးကပ်လာပြီး. . .

"မင်းကို သတ်ရမှာ သိပ်ကိုသနားစရာပါလား. . .ငါ ခေါ်တဲ့နောက်ကို အသာတကြည်လိုက်ခဲ့ရင် သတ်မယ့်ကိစ္စ စဉ်းစားပေးမယ်. . ."

"ဝူး. . ."

"ဟင်. . .ဟာ. . ."

ကျွန်မတို့ဆီသို့ ကားတစ်စီး အရှိန်ပြင်းစွာ မောင်း လာသည်ကို တွေ့လိုက်သဖြင့် . . .လူဆိုးအံ့အားသင့်နေချိန် တွင်. . .

"ကဲဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အိ..."

ကျွန်မသည် လူဆိုး၏ဓားကိုင်ထားသောလက်ကို ခြေဖြင့် ဆောင့်ကန်လိုက်တော့မှ...သူ့လက်ထဲမှ ဓားမြှောင် လွင့်စင်ကျသွားသည်။

"ဒီလောက်တောင် ဖြစ်တော့မှကွာ..."

လူဆိုးသည် ကျသွားသောဓားကို ပြန်ပြီးကောက်ချိန်မှာ..ကားမှာ ကျွန်မတို့နှင့် အနီးဆုံးမှာ ထိုးရပ်လိုက်ပြီး...

"ဦး..မြင့်..မြတ်ကေရာဇ်..."

"ရပ်ရှင်ရိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟော့...ဟော့လူ...ခင်ဗျားနဲ့မဆိုင်ဘူး၊ ကိုယ့်လမ်းကိုယ်သွားနော်...ဒါ ကျုပ်ဇနီး"

"ဟား...ဟား...ဟား...မင်း ငါ့ရုပ်မို့မရှက်ဘဲ ပြောထွက်တယ်၊ ဒီအဆင့်နဲ့ ဒီအဆင့်က လင်မယားတော်တယ်ပေါ့...မင်းဇာတ်ထဲမှာ လူရွှင်တော်သွားပြီးလုပ်ပါ





လား..."

"ကြာတယ်...မင်းပါရှင်းမယ်"

ဓားကိုင်ထားသော လူဆိုးသည်..ဦးမြင့်မြတ်ကေရာဇ်ကို ဓားမြှောင်နှင့် ဝင်ပြီးထိုးသော်လည်း...

"ဗိုး...ခွပ်...အား"

"အယ်..."

ဦးမြင့်မြတ်ကေရာဇ်၏ ခြေထောက်မှာ လူဆိုးမျက်နှာဆီသို့ ဝဲပျံသွားကာ...လူဆိုးမှာ နောက်သို့ ဖင်ထိုင်လျက်ကျပြီး ပြန်မထနိုင်တော့...

"သဇင်...ထလို့ရမလား"

"ဟင့်အင်း...ဘယ်ဘက်ခြေထောက်က အရမ်းကိုနာနေတယ်"

"ငါခွဲထူမယ်..."

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခန္ဓာကိုယ်ကလေးမှာ . . . ဦးမြင့်မြတ်ကေရာင်၏ လက်ပေါ်တွင်ပါသွားပြီး . . . သူ့လက်မောင်းလေးကို အားပြုပြီးလိုက်ပါလာခဲ့သည်။

"ဟို . . . ကားကို ဘယ်လိုလုပ်မလဲ"

"ပြီးတော့မှ သံချောင်းကိုလာပြီး ယူခိုင်းလိုက်မယ်"

"ဟိုလူဆိုးကိစ္စကရော . . ."

"သူသတိရလာတော့ . . . သူ့နေရာသူ ပြန်သွားမှာပေါ့ . . ."

"ကျွန်မကတော့ သူ့ကိုရဲစခန်းပို့ချင်တယ် . . ."

"ဒီကောင့်ကိစ္စကို ခေါင်းထဲထည့်မနေနဲ့ သဇင် . . . နောက်တော့မှ ရှင်းကြတာပေါ့"

ကျွန်မစိတ်ထဲတွင် သိချင်နေသည်မှာ . . . ကျွန်မကို ဘယ်သူသတ်ခိုင်းသလဲ ဆိုတာပင်ဖြစ်သည်။

"မင်းခြေထောက်ကို . . . ဆေးခန်းအရင်သွားပြမယ်"





"သမီးကျောင်းကြိုဖို့ ဘယ်လိုလုပ်ရမလဲမသိဘူး"

"ငါ ဒီနေ့အချိန်ရပါတယ် . . . ငါသွားကြိုမှာပါ"

ကျွန်မနှင့်သူ စကားလေးက ဒီမှာတင်အဆုံးသတ်သွားပြီး . . . ဘာစကားမှမဆက်တော့ ကျွန်မစဉ်းစားမရသည်မှာ ဦးမြင့်မြတ်ကေရာင်သည် လူဆိုးကိစ္စနှင့်ပတ်သက်ပြီး . . . ဘာတစ်ခုမှ မမေးခြင်းဖြစ်သည်။

အရိုးအကြောအထူးကု ဆေးခန်းတွင် . . ကျွန်မကို ဝင်ပြတော့ ခြေအဆစ်လွဲသွားသည်ဟု ဆရာဝန်ကြီးကပြောပြီး၊ လိုအပ်တာတွေကို လုပ်ပေးကာ . . . ပြန်လွှတ်သဖြင့် ကျွန်မတို့လည်း ဆေးခန်းမှ ပြန်ထွက်ခဲ့ကြသည်။

"မင်းခြေထောက်က အနည်းဆုံး (၂)ပတ်လောက်တော့ နားနားနေနေ နေမှဖြစ်မယ်"

"သမီးလေးစာမေးပွဲက အရေးကြီးတယ် . . . ကျွန်မ ဒဏ်ရာကို အဓိကထားလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံစံနဲ့ မင်းကားမောင်းလို့မှမရနိုင်တာပဲ . . ."

"ကျွန်မ သမီးလေးကိုစိတ်မချဘူး . . . လူကြီးကို ဒုက္ခပေးလို့မရရင် ကလေးကို ဒုက္ခပေးလာနိုင်တယ်"

"သမီးလေး လုံခြုံရေးအတွက်ပါ . . . ငါစီစဉ်ပါ့မယ်၊ စာမေးပွဲကနောက်(၃)ရက်လောက်ဆိုရင်ပြီးပြီပဲ . . . (၃)ရက်လုံးလုံး ငါသမီးလေးကို အကြိုအပို့လုပ်ပါ့မယ် . . ."

ဦးမြင့်မြတ်ကရောင် အကြိုအပို့လုပ်ပေးမည်ဆိုတာကြောင့် . . . ကျွန်မသည် သမီးလေးသျှိသုန္ဒရီအတွက် စိတ်ချနိုင်ခဲ့သည်။ ကျွန်မတို့ အိမ်ပြန်ရောက်သည်ထိ နောက်ထပ်ဘာစကားမှ မပြောဖြစ်ကြတော့ပေ . . .။

❀ ❀ ❀



## အခန်း ◀ ၁၁ ▶

ညဉ့်ငှက်ကလေးရဲ့ အသံကိုကြားနေရသည်။ နွေလေရူးကလေးမှာ ပြတင်းပေါက်ဆီသို့ တိုးဝှေ့တိုက်ခတ်နေသဖြင့် ကျွန်မ ပြတင်းပေါက်ရှေ့တွင် ရပ်နေလိုက်ကာ အပြင်ကို . . . ငေးနေမိသည်။

သမီးလေး သျှိသုန္ဒရီက ကျွန်မနှင့်လာပြီးအိပ်နေတာကြာခဲ့ပြီ . . . ကျွန်မပေါ်မှာ သျှိလေး ခင်မင်မှုသံယောဇဉ်ကြီးသလို . . . ကျွန်မကလည်း သျှိလေးပေါ်မှာ သံယောဇဉ်ကနိုင်မာစွာ တုပ်နှောင်နေလေပြီ . . ."

ဆူးဆူးက အမေကြီးနှင့်အတူ အိပ်ပေးရသည် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျူရှိကတော့ အောက်ထပ်တွင် အိပ်သည်။ တစ်ခါတစ်ခါ ဆူးဆူးနှင့်အတူ အမေကြီးနားတွင် နေပေးရတာလည်း ရှိသည်။

ခြံဝန်းထဲက မြက်ခင်းစိမ်းပေါ်သို့ လရောင်ကလေး ပက်ဖြန့်ထားသောကြောင့် မြက်ခင်းစိမ်းကလေးမှာ...အလင်း ဖြန့်နေပေသည်။

"ဟင်..."

ခြံ၏ ဘေးဘက်မှ လူ(၂)ယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်...ကျွန်မ သမီးလေးကို စောင်ကလေး လွှမ်းပြီး ဆူးဆူးအခန်းဘက်သို့ ခပ်သွက်သွက်လျှောက်လာ ကာ...

"ဆူးဆူး..."

"ဟင်...သဇင် မအိပ်သေးဘူးလား"

ကျွန်မ ဆူးဆူးကို...လက်ယပ်လှမ်းခေါ်လိုက်သည်။





"ဘာဖြစ်လို့လဲ..."

"ခြံထဲကို သူခိုးဝင်နေတယ်..."

"ဘာ..."

"ဦးမြင့်မြတ်ကေရာဇ်ကို သွားပြီးပြောမလား..."

"သူက ညနေကတည်းက အပြင်ကိုထွက်သွားတယ်၊ ပြန်မရောက်သေးဘူး"

"ဟယ်...ဒါဆို"

"အောက်ထပ်ကို ဆင်းမယ်...ကျူရှိကိုပါ နှိုးပြီး၊ တစ်ခုခု စီစဉ်တာပေါ့...အမေကြီးလည်း အိပ်နေပြီ"

ကျွန်မနှင့် ဆူးဆူး...အောက်ထပ်ကိုဆင်းကာ... ဦးဗလနှင့် သံချောင်းတို့ကို အကြောင်းကြားဖို့ကျတော့ ခြံထဲကို ဆင်းရမည်ဖြစ်သဖြင့်...အိမ်ထဲမှာ ရှိကြသည့် ကျွန်မတို့(၃) ယောက် ရင်ဆိုင်ရတော့မှာဖြစ်သည်။ ကျွန်မခြေထောက်က သိပ်ပြီးမကောင်းသေးသောကြောင့် သွက်သွက်လက်လက်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလို့မရနိုင်သေး . . .

"ကျူရီ . . . ကျူရီ . . ."

"သဇင်နဲ့ ဆူးဆူး . . . ဘာတွေဖြစ်နေတာလဲ"

"သူခိုး . . . ခြံထဲဝင်လာနေလို့"

"ဟယ် . . ."

"ငါ့အထင်..နဂါးနက်ရုပ်တုကိုလာပြီး ခိုးတာပဲဖြစ်မယ် ဆူးဆူး"

"ဖြစ်ဖို့များတယ် . . ."

"ရှပ် . . . ရှပ် . . . ရှပ်"

အိမ်ကြီး အနောက်ဘက်မှ . . . ခြေသံကိုကြားနေရသောကြောင့် ကျွန်မတို့လည်းနီးရာအခန်းတစ်ခန်းသို့ ဝင်ပြီး . . .

"ရှူး . . . ဟိုမှာတွေ့လား"

ကျူရီသည် အခန်းထဲမှ တုတ်အရှည်(၃)ချောင်းကို





တွေ့သဖြင့် . . . တစ်ယောက်တစ်ချောင်းစီ ကိုင်လိုက်ကြပြီး . .

"ဆော်စရာရှိတာ . . . ဆော်ရမှာပဲ . . ."

"ကျွီ . . ."

အခန်းတံခါးကို အသာလေးဖွင့်ပြီးကြည့်လိုက်ရာ . . . မျက်နှာတွင် မျက်နှာဖုံးစွပ်ထားသည့်လူ(၂)ယောက် ညှော်ခန်းရှိုးကေ့(စ်)ထဲမှ နဂါးနက်ရုပ်တုကလေးကို ဖွင့်ယူနေသည်ကို တွေ့နေရသည်။

"သဇင်နဲ့ ဆူးဆူး . . . သူတို့ပြန်ထွက်မယ့်နေရာက စောင့်ပြီးဆော်မယ်"

ကျွန်မတို့သည် သူတို့(၂)ယောက်ဝင်လာသော နောက်ဖေးပြတင်းပေါက်အနားတွင် ပုန်းလျှိုးပြီးစောင့်နေလိုက်ကြသည်။

"ခပ်မြန်မြန်သွားမယ်ဟေ့ . . . ဟိုငနဲ့ပြန်ရောက်လာရင်ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တေိမ(၃)ယောက်ကတော့ အိပ်ကောင်းနေတာ . . . ဆင်နင်းတာတောင် နိုးမယ့်ပုံမပေါ်ဘူး"

ကျွန်မတို့အကြောင်းကို ခပ်တိုးတိုးပြောနေသော . . . သူခိုး(၂)ယောက် ကျွန်မတို့နားသို့ရောက်လာသည်နှင့် . . .

"နင့်ကြိုးတော်တွေက . . . ဒီမှာဟေ့"

"ဟာ . . . ဟင်"

"ရိုက် . . ."

"ဖြောင်း . . . ခွပ် . . . ဒုတ် . . ."

ကျွန်မတို့(၃)ယောက်လုံး လက်ညီညီနှင့် မနားတမ်း ရိုက်ချက်ကြောင့် . . . သူခိုး(၂)ယောက်လုံး အော်သံတောင် ကျယ်ကျယ် မအော်နိုင်ဘဲ . . ကြမ်းပြင်တွင်မှောက်သွားတော့သည်။

"သဇင် . . . နဂါးနက်ရုပ်တုကို ကောက်လိုက်ဦး"

"အေး . . . ကောက်ပြီးရင် ငါ့ကိုပေး . . ."





"ဟင် . . ."

သူခိုးတစ်ယောက် . . . သူ့လက်ထဲတွင် အသံတိတ် ကိရိယာတပ်ထားသော သေနတ်နှင့် . . .

"ငါ့သေနတ်က မင်းတို့တုတ်တွေကို စာဖွဲ့မှာမဟုတ်ဘူးနော် . . . ငယ်ငယ်ရွယ်ရွယ်နဲ့ မသေချင်ရင် လက်ထဲက နဂါးနက်ရုပ်တုကလေးကိုသာ ပေးလိုက် . . ."

"ကျွန်မတို့ (၃)ယောက်လုံးကို ရှင်သတ်ပြီးမှပဲ . . . ယူသွား"

"အလဲ့ . . . အာဂသူရဲကောင်းတွေပါလား . . . မင်းတို့က သတ်ဆိုတော့လည်း သတ်ရတာပေါ့ . . ဘယ်သူအရင်သေမလဲ . . ."

ကျွန်မ တုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး . . . (၃)ယောက်အတွက် တစ်ယောက်ဝင်ပြီးလဲဖို့ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ပစ်တော့"

"ဒုက်...ဖြောင်း"

"ဟယ်..."

ကျွန်မဆီကို သေနတ်ကျည်ဆံက ရောက်မလာဘဲ ဘေးမှ နံရံကိုထိမှန်သွားသည်...သေနတ်သမားနောက်မှ ဦးမြင့်မြတ်ကေရာင် ရောက်လာပြီး၊ ကန်လိုက်ခြင်းကြောင့်..

"ဆရာမ..."

"သမီး..မလာနဲ့ဦး"

"သမီးသျှိ..."

ကျွန်မတို့ ကလေးဆီကို အာရုံရောက်နေချိန်မှာ... သေနတ်သမားအခွင့်ကောင်းယူပြီး၊ သုတ်ခြေတင်ပြီး ပြေးတော့သည်။

ကြမ်းပြင်က နစ်ယောက်ကတော့ မထနိုင်သေးချေ..

"သမီးရယ် ဘာလို့ဆင်းလာရတာလဲ..."





"ဆရာမကိုမှ မတွေ့တာ...ဖိုး...အီး...အီး"

"သမီး...သမီး မငိုနဲ့လေ...ခုဆရာမကို တွေ့နေပြီပဲကွယ်"

"သံချောင်းနဲ့ ဦးဗလ..."

"ဆရာ..."

"တူတော်မောင်"

"ဒီနစ်ကောင်ကို ကြိုးတုပ်ပြီး...သတိရလာအောင် လုပ်ပါ...နောက်မှရဲစခန်းကို ပို့မယ်"

"ဟုတ်ကဲ့..."

ကျွန်မ သမီးလေးသျှိသုန္ဒရီကို ပွေ့လိုက်ပြီး...ဧည့်ခန်းဆီသို့ ထွက်လာခဲ့သည်။ ဆူးဆူးက...သူ့လက်ထဲမှ နဂါးနက်ရုပ်တု ကလေးကို ဦးမြင့်မြတ်ကေရာင်လက်ထဲသို့ အပ်လိုက်သည်။

ဧည့်ခန်းတွင် အားလုံးထိုင်လိုက်ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနဂါးနက်ရုပ်တုဟာ အန္တရာယ်တွေကို ဖိတ်ခေါ်သ
လိုတော့ဖြစ်နေပြီ"

"ဦးမြင့်မြတ်ကျော်…ဒီနဂါးနက်ရုပ်တုလေးနဲ့ ပတ်
သတ်ပြီး ပြောပြလို့ရမယ်ဆိုရင် ပြောပြပါ…ပြောပြလို့မရရင်
တော့ မပြောပါနဲ့…"

"မင်းတို့သိချင်တယ်ဆိုရင်တော့ ပြောပြမှာပါ…
ဒဏ္ဍာရီဆန်တဲ့ ရာဇဝင်လေးတစ်ခုဆိုရမှာပေါ့ဗျာ…နဂါးနက်
ရုပ်တုလေးနဲ့ပတ်သက်ပြီး တခြားသူတွေအတွက်သိပ်ပြီး ထူးဆန်း
နေပေမယ့် ငါ့အတွက်တော့ ဘာမှမဆန်းကြယ်လှပါဘူး…
.ဒီရုပ်တုလေးကြောင့် လူ(၂၀)ကျော် သေခဲ့ပြီးပြီ…"

"ရှင်…ဟယ်…အယ်"

ဦးမြင့်မြတ်ကျော် စကားကြောင့် ကျွန်မတို့(၃
ယောက်လုံး အံ့သြသွားသည်။

"နဂါးနက်ရုပ်တုလေးရဲ့ ဒဏ္ဍာရီကို မပြောခင်၊ ဒီရု





တုကို…ပိုင်ဆိုင်ဖို့ကြိုးစားခဲ့ကြတဲ့ မိသားစု(၂)စုဟာ၊ ရန်လို
မှု၊ မုန်းတီးမှု၊ ရက်စက်မှုတွေနဲ့ အပြန်အလှန်သတ်ဖြတ်ရင်း
သေဆုံးခဲ့ရတာ…ခုဆို အယောက်(၂၀)ပြည့်ပြီ နောက်ဆုံး
မျိုးဆက်(၂)ယောက်ထဲက ဘယ်သူအသတ်ခံရမလဲ မသိဘူး"

"နောက်ဆုံးမျိုးဆက်ဆိုတာ ဘယ်သူတွေလဲ…"

"ငါရယ် ဟယ်လင်နိုင်ရယ်..သူက တစ်ဖက်မိသား
စုရဲ့ နောက်ဆုံးမျိုးဆက်…ငါက တစ်ဖက်မိသားစုရဲ့ နောက်
ဆုံးမျိုးဆက်ပေါ့…ခု ဒီရုပ်တုကို ပြန်ယူဖို့ကြိုးစားနေကြတာ၊
ခုမိထားတဲ့ သူတွေက ဟယ်လင်နိုင်မစေခိုင်းမှုကြောင့် လုပ်ပေး
နေရတဲ့ ကြေးစားကောင်တွေပဲ…"

"နဂါးနက်ရုပ်တုကို လိုချင်တာ..ဟယ်လင်နိုင်မိသား
စုက လွဲပြီး၊ တခြားမိသားစုရှိသေးလား ..ဦးမြင့်မြတ်ကျော်"

"ရှိသေးတယ်…ဦးခန့်စည်မောင်ဆိုတဲ့ လောဘ
ရမ္မက်သမားပဲ…သူက နဂါးနက်ရုပ်တုရဲ့ဒဏ္ဍာရီကို တစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စသိပြီး . . .အလိုရမ္မက်တွေနဲ့ ပိုင်ဆိုင်ဖို့ ကြိုးစားနေတာပါ . . .”

“ဦးခန့်စည်သူမောင်နဲ့ ဟယ်လင်နိုင်တို့ကရော . . . ပတ်သက်မှု ရှိလားဟင် . . .”

“သူတို့ရဲ့ ပတ်သက်မှုအနေအထားကို ငါမသိရသေးဘူး . . .ဒါပေမယ့် ဟယ်လင်နိုင်နဲ့ ဦးခန့်စည်မောင်တို့က နိုင်ငံခြားမှာ ရင်းနှီးခဲ့ဖူးတာတော့ သတင်းရထားတယ် . . .နိုင်နိုင်လုံလုံတော့ မသိရသေးဘူး၊ မြန်မာပြည်မှာ သူတို့နှစ်ယောက်ဆက်နွှယ်မှုသတင်းကတော့ အရမ်းကို ခြေသံလုံနေတယ်...သူတို့အကြောင်းတွေကို ထားလိုက်ပါ၊ နဂါးနက်ရုပ်တုရဲ့ ပထမဒဏ္ဍာရီကို ပြောပြပြီးရင် . . .နဂါးနက်မျိုးနွယ်စုသမိုင်းကြောင်းကို ဆက်ပြီးပြောပြမယ်”

“သမီးလေး အိပ်ချင်ရင် . .ဆရာမပေါင်ပေါ်မှာ အိပ်လေ . . .”





“ဟင့်အင်း . . .လေးလေးပြောပြမယ့် ပုံပြင်ကို နားထောင်ချင်တယ်”

“ကဲ . . .ဒါဆို ဆရာမကိုမှီပြီး နားထောင်”

“ဟုတ်ကဲ့ . . .”

www.burmeseclassic.com

www.burmeseclassic.com

## နဂါးနက် ဒဏ္ဍာရီ

မီးတောက်မီးလျှံတွေနှင့် ပြိုပျက်နေသော . . . နဂါးတိုင်းပြည်ကြီး၏ မြင်ကွင်းမှာ သွေးပျက်ဖွယ်အနိဋ္ဌာရုံမြင်ကွင်းတစ်ခုပင် . . . နဂါးစစ်သည် အလောင်းတွေက တိုင်းပြည်နေရာအနှံ့တွင် တွေ့နေရလေသည်။

တစ်ချိန်က နဂါးအလံကြီးလွှင့်ထူခဲ့သော နဂါးတိုင်းပြည်ကြီးတွင် နတ်ဘီလူးကြီး၏အောင်လံ တလွှင့်လွှင့်နှင့် တွေ့နေရသည်။

"ဘုရင်နဲ့ မိဖုရားမလွတ်စေနဲ့ . . ."





နတ်ဘီလူးဗိုလ်ချုပ်ရဲ့ အမိန့်ပေးသံနှင့်အတူ ဘီလူးစစ်သည်တွေ နန်းတော်ဘက်သို့ ဝိုင်းရံပြီး တက်လာနေကြလေပြီ . . . နဂါးဘုရင်ကြီးနေသော နန်းဆောင်ဘုံခုနစ်ဆင့်မှာတော့ . . .

"အရှင်မင်းမြတ် . . . ရန်သူတွေ နန်းတော်ထဲကို ဝင်ရောက်လာနေပါပြီဘုရား"

"တပ်မှူး ဂမ္ဘီ . . ."

"ဘုရား . . ."

နဂါးကေရာဇ်မင်း . . သူ့ဘေးမှ မိုးကြိုးလှံကို ဆုပ်ကိုင်လိုက်ပြီး၊ ပြတင်းပေါက်မှ အောက်ဘက်သို့ လှမ်းကြည့်ပြီး . .

"ငါ၏ မိဖုရားကို ခေါ်ဆောင်သွားတော့ . . ."

"အရှင်မင်းမြတ် . . ."

"တပ်မှူးဂမ္ဘီ . . . ငါ နဂါးကေရာဇ်မင်းရဲ့ အမိန့်ကို မောင်မင်းဖီဆန်ဝံ့သလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"မငံ့ကြောင်းပါဘုရား . . ."

"အေး . . . ခုချက်ချင်း နန်းဆောင်ရဲ့ လျှို့ဝှက်ပေါက်ကနေ ခေါ်ဆောင်သွားပေတော့ . . ."

"မောင်တော်ကေရာဇ်မင်း . . ."

"နမတော်နဒီ . . . ငါသည် ဒီနဂါးတိုင်းပြည်၏ အရှင်ဖြစ်သောကြောင့် ငါစွန့်မခွာနိုင်ဘူး . . . ငါ့ရဲ့သူရဲကောင်းတွေ သွေးမြေခနေသော ဤမြေပေါ်မှာပင် ငါနောက်ဆုံးတိုက်ပွဲဝင်ရင်း ကျန်ရစ်ခဲ့တော့မည် . . . သွားလင့်ကြတော့ . . ."

နဂါးကေရာဇ်မင်းကြီးသည် မိဖုရားကလျာနဒီကို သူ၏ နဝရတ်လက်စွပ်ကိုပေးပြီး . . .

"မိဖုရားကလျာနဒီ . . . သည်လက်ဝတ်ရတနာသည် ငါတို့နဂါးတိုင်းပြည်၏ ရာဇဝင်ကြွေးကို ပြန်လည်ဆပ်နိုင်ဖို့အတွက် . . . ငါ့ရင်သွေးတော်ဟာ ကလဲ့စားချေစေရန်အတွက် ယူဆောင်သွားလော့ . . ."





"မောင်ကြီးကေရာဇ်မင်း ဖြစ်စေချင်သော . . . ဆန္ဒတွေအတိုင်း ပြည့်ဝစေရပါ့မယ် အရှင်မင်းမြတ် . . ."

"တပ်မှူးဂရုဍ္ဍ . . . ငါ့ရင်သွေးတော်ကို ဖွားမြင်သန့်စင်မှုတွေအားလုံးကို တာဝန်ကျေပွန်စေကွယ် . . ."

"အမိန့်တော်အတိုင်းပါ ဘုရား . . ."

နန်းဆောင် အပြင်ဘက်တွင် နဂါးစစ်သည်တွေနှင့် ဘီလူးစစ်သည်တို့ တိုက်ပွဲမှ အော်ဟစ်သံတွေကို ကြားနေရလေပြီ . . .

"သွားကြတော့ . . ."

တပ်မှူးဂရုဍ္ဍ . . . မိဖုရားကြီးနှင့် အထိန်းတော်(၃)ဦးကို ခေါ်ဆောင်ပြီး လျှို့ဝှက်တံခါးမကြီးမှ ထွက်ခွာသွားလေတော့သည်။

"ဟား . . . ဟား . . . ဟား နဂါးကေရာဇ်မင်း . . သင်၏ ထွက်လမ်းကို သင်မရှာနိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တယ်...နတ်ဘီလူးမိစ္ဆာတွေ သင်တို့၏ တိုက်ပွဲကို ငါရှောင်တိမ်းသွားမည့်သူမဟုတ် . . .ငါ၏အသက်ဝိညာဉ်တို့ သည် ငါ၏မြေမှာပဲ ကျန်ခဲ့မှာ..."

"နဂါးကေရာဇ်မင်း . . .သင်အညံ့ခံပါ"

"ဟား...ဟား...ဟား..."

နဂါးကေရာဇ်မင်းမြတ်၏ ရယ်မောသံတို့သည် နဂါးတောင်တန်းတစ်ခုလုံးကို တုန်ခါသွားလေသည်။

"မင်းတို့ နတ်မိစ္ဆာဘုရင်မင်းမြတ်ကို လျှောက်တင်လိုက်စမ်း . . .ငါ၏အရှုံးကို ဘယ်တော့မှ အသက်ရှင်လျက်နှင့် ရစေမှာမဟုတ်...ငါ့ကို ဖမ်းဝံ့သူတွေ ရှေ့ကို တိုးခဲ့လော့"

"ဝင်ဖမ်းကြစမ်း"

"ဗုက်...အ...ပိုး...အီ...အင့်..."

နတ်ဘီလူးစစ်သည်တွေ . . .နဂါးကေရာဇ်မင်း၏ မိုးကြိုးလုံအောက်တွင် အတုံးအရုံးသေဆုံးကြလေသည်။





နတ်ဘီလူးတပ်မှူး သူ၏ဝရဇိန်များကိုထုတ်ပြီး ပစ်ခွင်းဖို့ပြင်ချိန်တွင်...

ဘရဒ္ဓ...ရပ်စမ်း"

"အို...အရှင်..."

နတ်ဘီလူးဘုရင်မင်းမြတ် ရောက်လာပြီး စစ်သူကြီးဘရဒ္ဓကို တားမြစ်လိုက်သည်။

"နဂါးကေရာဇ်မင်း...သင် ငါ၏ဘီလူးစစ်သည် တွေကို နှောက်ထပ်ဘယ်မျှ သတ်နိုင်ဦးမှာလဲ..."

"ငါ့အသက်ဝိညာဉ် ငါ့ခန္ဓာကိုယ်ထဲမှာ ရှိနေသ၍...သတ်ဦးမှာပဲ..."

"ယခုအချိန်တွင် သင်၏အသက်ကို ငါကပိုင်နေလေပြီ...ငါ၏စစ်သူကြီးရဲ့ ဝရဇိန်များတစ်စင်းဟာ သင်၏ အသက်ကို ခဏာပင်နုတ်ယူလို့ရတယ်ဆိုတာ . . .သင်သိသင့်ပါတယ်"

"ငါသည် သေခြင်းတရားပေါ်မှာ သွေးနည်းနေသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် . . . သင်တို့လက်နက်ကိုလည်း ငါမတုန်လှုပ်၊ သင်တို့ ပစ်ခွင်းလိုက ပစ်ခွင်းနိုင်တယ်"

"နဂါးကေရာဇ်မင်း . . . သင့်အား ငါမသတ်လို"

"ငါသည်လည်း ဘယ်တော့မှ . . အဖမ်းမခံ"

"ကောင်းပြီ နဂါးကေရာဇ်မင်း . . . သင်နှင့်ငါ နောက်ဆုံး အရှုံးအနိုင်ကို အဖြေရှာကြရအောင် . . ."

"သင် ဘယ်ကဲ့သို့ ပြုချင်သလဲ . . . ပြောပါ"

"သင်၏ နဂါးဘုန်းကံ . . . ငါ၏ နတ်ဘီလူးဘုန်းကံ၊ ဘယ်အရာက မြင့်သလဲဆိုတာနဲ့ အဖြေရှာချင်တယ် . . . နတ်ဘီလူးစစ်အင်အားကြောင့် သင်ကျဆုံးတာကို ငါအရှုံးလို့ မသတ်မှတ်ထားဘူး . . သင်နှင့်ငါ ယှဉ်ပြိုင်မှုနှင့်သာ အရှုံးအနိုင်ကို ဆုံးဖြတ်ကြရအောင် . . ."

"သင်၏ စိန်ခေါ်မှုကို . . . ငါသဘောကျတယ်"

"အကယ်၍ သင်နိုင်ခဲ့လျှင် . . . သင်၏တိုင်းပြည်က





ငါတို့ဆုတ်ခွာပြီး . . နောင်ဘယ်တော့မှ စစ်မက်ဖြစ်ပွားမှုကို မပြုတော့ တကယ်လို့များ သင်ရှုံးနိမ့်ခဲ့လျှင် . . သင်အညံ့ခံရလိမ့်မည် . . ."

"သင်၏ ယှဉ်ပြိုင်မှုကို ပြောပါ . . ."

"သင်နှင့်ငါ ကြွေခင်းမည်"

"သိပ်ပြီး ကောင်းတဲ့ပွဲပါ . . ."

နဂါးကေရာဇ်မင်းဟာ ကြွေအံကစားရာတွင် . . . ပြိုင်ဘက်ကင်းအောင် တော်လှတဲ့ဘုရင်တစ်ပါးပင်ဖြစ်သည်။

"သင် သဘောတူပြီဆိုရင် . . . သင်၏ ကြွေအံကိုပဲ အသုံးပြုပါ"

"ကောင်းပြီ . . ."

နဂါးကေရာဇ်မင်းသည် သူ၏ကြွေအန်ကို ခင်းကျင်းပြီး . . . စတင်ကစားရန် ပြင်ဆင်လိုက်သည်။

"ကဲ . . . စပြီ . . . ချွင် . . ."



www.burmeseclassic.com

www.burmeseclassic.com



နတ်ဘီလူးဘုရင်မင်းမြတ် ကြွေစေ့တွေကို . . . နဂါးကေရာဇ်မင်း ပထမဆုံးပွဲတွင် အနိုင်ရလိုက်လေသည်။

"ဟား . . . ဟား . . . ဟား နတ်ဘီလူး ဘုရင်မင်းမြတ် သင် . . . ငါ့အားနိုင်ဖို့ မမျှော်လင့်ပါနဲ့တော့"

"နဂါးကေရာဇ်မင်း . . . သင့်ကိုယ်သင် သိပ်ပြီးအထင် မကြီးပါနဲ့ဦး . . . သင်၏ ကျွမ်းကျင်လှသော ကြွေကစားခြင်းကို စိန်ခေါ်ဝံ့တဲ့ ငါ၏ကြွေကစားကွက်ကို ကြည့်ပါဦး . . ."

"ချွင် . . ."

"ဟင် . . ."

ဒုတိယကြွေစေ့လေးတွေက နဂါးကေရာဇ်မင်း ကြွေစေ့ အကွက်ကို အနိုင်ယူလိုက်လေသည်။

"အသင် နဂါးကေရာဇ်မင်းမြတ် . . . ခုကြွေခင်းသည် နောက်ဆုံးအခင်းဖြစ်တာကြောင့် သင်အနိုင်ရနိုင်အောင် ကြိုးစား ပါတော့ . . ."





နဂါးကေရာဇ်မင်း . . . သူအားစောင့်ရှောက်သော ပန်း စောင့်နတ်ကို လှမ်းအာရုံပြုကာ ကြွေခင်းကို ခင်းလိုက်သည်။

"ချွင် . . ."

"ဟား . . . ဟား . . . ဟား နတ်ဘီလူးဘုရင်မင်းမြတ် သင်ရှုံးမှာ သေချာလောက်ပါပြီ၊ တစ်ခုတည်းသော ကြွေစေ့ မှောက်ပြီး . . . ကျန်သောကြွေစေ့က ငါ၏ အောင်နိုင်မှုကို ပြနေလေပြီလေ"

"အရှင် နဂါးကေရာဇ်မင်း ငါ၏ကြွေအခင်းကို ကြည့်ပါ ဦးလော့ . . ."

နတ်ဘီလူးဘုရင်မင်းမြတ်လည်း . . . သူ၏ ထီးစောင့် ဘီလူးကို တိုင်တည်ပြီး ကြွေကိုခင်းလိုက်တော့သည်။

"ချွင် . . ."

"ဟာ . . ."

"ဟား . . . ဟား . . . ဟား နဂါးကေရာဇ်မင်း သင်ရှုံး



www.burmeseclassic.com

www.burmeseclassic.com



လေပြီ...”

နတ်ဘီလူးဘုရင်မင်းမြတ် ခင်းလိုက်သော ကြွေစေ့တွေတစ်ခုမှ မှောက်ခြင်းမရှိပေ။

“ရော့...ငါ၏ မိုးကြိုးလုံအား သင့်ကို အပ်လိုက်ပြီ...”

နဂါးကေရာဇ်မင်း...ဒူးညွှတ်ချလိုက်ပြီး မိုးကြိုးလုံကို ပေးအပ်လိုက်သောကြောင့်...

“စစ်သူကြီး ဘရုဒ္ဓ”

“ဘုရား...”

“နဂါးကေရာဇ်မင်းအား ဘုံခုနစ်ဆင့်အဆောင်တွင် ပြီးပြည့်စုံသော အဆောင်အယောင်တွေနှင့် အကျဉ်းချထားလိုက်တော့...”

“မှန်လှပါ အရှင်”

“ငါသည် သင့်အားအသက်ရှင်လျက် ဖမ်းထားရခြင်း





ကို သင်သိလား...နဂါးကေရာဇ်မင်း”

“ငါသိတယ်...နတ်ဘီလူးဘုရင်မင်းမြတ် သင်သည် ငါ၏ နဂါးမှန်ကျောက်ကွင်းကို ယူချင်တာမဟုတ်လား”

“သိပ်မြီးဟုတ်လှပါတယ်...နောင်နှစ်ပေါင်း(၂၀) ပြည့်တာနှင့် သင်၏နှလုံးသားမှ ထွက်ပေါ်လာမည့်နဂါးကျောက်ကွင်းကို ငါလိုချင်တာကြောင့်...သင့်ကို နှစ်ပေါင်း(၂၀)လုံးလုံး အကျဉ်းချထားပြီး စောင့်နေမှာဖြစ်တယ်...ဒီနဂါးကျောက်ကွင်းကို ငါပိုင်ဆိုင်ပြီဆိုရင်...စကြာဝဠာတစ်ခွင်မှာ ငါသည် တုနှိုင်းမှုကင်းမဲ့သော ဘုရင်တစ်ပါးဖြစ်ပြီလေ...ဟား...ဟား...ဟား”

နတ်ဘီလူးဘုရင်မင်းမြတ်၏ အော်ဟစ်ရယ်မောသံသည်...မိုးခြိမ်းသံပမာ မြည်ဟီးသွားလေတော့သည်။

“နတ်ဘီလူးဘုရင်မင်းမြတ်...သင်သည် ငါ့နှလုံးသားမှ နဂါးကျောက်ကွင်းကို ရဖို့အတွက် စိတ်ကူးမယဉ်ပါနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သင်မရနိုင်ပါဘူး . . "

"ဟာ . . . ငါ့အရှင် ခုမှသတိရတယ် . . နဂါးကေရာင် မိဖုရား ကလျာနဒီ၏ နလုံးသွေးတို့ကို ပတ္တမြားခွက်ဖြင့်ထည့်ပြီးခံမှသာ . . . နဂါးကျော့ကွင်းကို ရမှာဖြစ်တယ်" ၊

"နတ်ဘီလူးတပ်မှူး ဘရုဒ္ဒ . . . ခုချက်ချင်း မိဖုရား ကလျာနဒီကို မိအောင်ဖမ်းကြလော့ . . . "

"မှန်လှပါ . . . အရှင်မင်းမြတ်"

"ဘရုဒ္ဒ . . . လိုအပ်တဲ့စစ်သည်အင်အားကို သုံးပြီး . . ကလျာနဒီမိဖုရားကို ရအောင်ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြစမ်း"

နတ်ဘီလူးဘုရင်မင်းမြတ် . . . သူ၏ မျှော်လင့်ဆုံး နဂါးကျော့ကွင်းရယူဖို့အတွက် နဂါးတိုင်းပြည်ကိုစစ်ခင်းယူခဲ့ပြီး စကြာဝဠာတစ်ခွင်တွင် ရှိကြသော . . . တိုင်းပြည်အားလုံးကို သူ့ဩဇာခံများ ဖြစ်စေရန်အတွက် နဂါးကျော့ကွင်းမှာ အလွန်အရေးပါသောအရာပင် ဖြစ်သည်။





စစ်ရှုံးသော နဂါးကေရာင်မင်းတစ်ယောက်ကတော့ မိဖုရားကလျာနဒီ လွတ်မြောက်ရေးကိုသာ ဆုတောင်းနေလေတော့သည်။

www.burmeseclassic.com

“တပ်မှူးကြီးဂမ္ဘီ...ခု ရောက်နေသော နေရာသည်
ကား ဘယ်သို့သောအရပ်ဖြစ်သလဲ...”

“မိဖုရားကြီး...ကျွန်တော်မျိုးတို့ ခုရောက်နေသော
တောနက်ကြီးမှာ ပန်းနီတောကြီးပင် ဖြစ်ပါတယ်”

“အို...ငါတို့အတွက် ပန်းစောင့်နတ်တွေနှင့် ရင်ဆိုင်
ရဦးမှာပေါ့နော်...”

“ဒီအတွက် မပူပါနဲ့ မိဖုရားကြီး...ပန်းစောင့်နတ်
တွေဟာ နဂါးကေရာဇ်မင်းရဲ့ ဩဇာခံတွေဖြစ်တာမို့...ရန်





မှာ မဟုတ်ကြပါဘူး”

“ကျွတ်...ကျွတ်”

“မိဖုရားကြီး ဘာဖြစ်တာလဲ”

“ဗိုက်ထဲက နာသလိုပဲ...အထိန်းတော်ကြီး”

“ဒေါ်သစ္စာ...မိဖုရားကြီးဖွားမြင်ချင်ပြီနဲ့တူတယ်”

“ခုက္ခပါပဲ...ဒီတောနက်ကြီးထဲမှာ မိဖုရားကြီးဖွား
မြင်ဖို့ခက်ခဲမယ်...တပ်မှူးဂမ္ဘီ နေရာကောင်းတစ်ခုကို ရှာ
စမ်းကွယ်”

တပ်မှူးကြီးဂမ္ဘီတစ်ယောက်...မိဖုရားကြီးမီးဖွားနိုင်
ရေးအတွက် နေရာကောင်းတစ်ခုကို ရှာဖွေလေတော့သည်။

“ဒကာတော်...”

“ဟာ...သူတော်စင်ကြီး”

တပ်မှူးဂမ္ဘီရှေ့တွင် တွေ့လိုက်ရသော သူတော်စင်ကြီး
မှာ...ပန်းနီတောကို စောင့်ရှောက်နေသော ရသေ့ကြီးဗျွှနှ



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။

"ဘယ်သို့သော ဘေးဒုက္ခတွေကို ကြုံနေရသလဲ..."

"နဂါးကေရာဇ်မင်းကြီး၏ မိဖုရားကြီး ဖွားမြင်ဖို့အတွက် အချိန်ကျရောက်နေပြီဖြစ်လို့ နေရာကောင်းကိုရှာ ဖွေနေခြင်း ဖြစ်ပါတယ် သူတော်စင်ရသေ့ကြီး..."

"အင်း...ဒုက္ခ...ဒုက္ခ...ဒုက္ခတွေ ကြီးလှပါလား ဒကာတော်တပ်မှူး...ကျုပ်နေရာထိုင်ခင်းပေးမည်၊ မိဖုရားကြီးကို သွားရောက်ခေါ်ဆောင်လော့..."

"ကျေးဇူးကြီးလှပါတယ်...ရသေ့ကြီး"

တပ်မှူးဂမ္ဘီ...မိဖုရားကြီးတို့ကို ခေါ်ဆောင်လာကာ ရသေ့ကြီးဗျွှနေ၏ နေရာဆီသို့ လိုက်ခဲ့ကြတော့သည်။

"ဒီနေရာသည်ကား ...ပန်းနီတောကြီး၏ ဘေး အန္တရာယ်အကင်းဆုံးနေရာလေးပါပဲ ...တပ်မှူးဂမ္ဘီ စိတ်ချစွာ မိဖုရားကြီးကို ဖွားမြင်စေကွယ်...ဟင်..."





"ရသေ့ကြီးဘာတွေ အံ့ဖွယ်ဖြစ်သွားခဲ့တာလဲ..."

ရသေ့ကြီးမှာ ကောင်းကင်ကြီးကိုသာမော့ကြည့်ပြီး စကားချက်ချင်းမဆို ခဏကြာတော့မှ...

"နဂါးကေရာဇ်မင်း၏ မိဖုရားကလျာနဒီ ..ဖွားမြင် သောရင်သွေးသည် အလွန်ထူးခြားသောသူ ဖြစ်လိမ့်မည်.. နဂါးတို့၏ ကြယ်စင်ကြီးကောင်းကင်တစ်ခွင်မှာ အလင်းရောင် တောက်ပလွန်းပြီး တခြားသောကြယ်စင်စုတွေ ဝိုင်းရံနေတာ ကြောင့် စကြာဝဠာတစ်ခွင်မှာ ပြိုင်သူမဲ့...ကေရာဇ်မင်း တစ်ပါးဖြစ်လာလိမ့်မယ်..."

"ကျွန်ုပ်တို့ ကေရာဇ်ဘုရင်မင်းမြတ်ကြီး၏ ရာဇဝင် ကြွေးကို ပြန်ပြီးဆပ်နိုင်တဲ့ သားကောင်းလေးဖြစ်ပါစေ..."

"ဒကာတော်ဂမ္ဘီ...ခုဖွားမြင်သူသည် သားယောကျ်ား လေးမဟုတ်...သမီးတော်တစ်ပါးသာ ဖြစ်ပေတယ်..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးဂမ္ဘီ . . .သူ၏အရှင်သခင်အတွက် လက်စားချေရန် အားလျှော့ပါးသွားသလိုဖြစ်သွားတော့သည်။

"ဒကာတော့်အရှင်သခင်အတွက် ဒီသမီးတော်လေးသည် ကယ်တင်နိုင်သလို...ဘီလူးစစ်သည်တွေ၏ အကြောက်ရဆုံး ဘုရင်မဖြစ်လာလိမ့်မည် . . ."

"အူဝဲ . . .အူဝဲ . . ."

"ဟာ . . ."

"သမီးတော်လေး ဖွားမြင်တယ် . . ."

## နဂါးနက်သခင်မ

နဂါးမင်းသမီးလေးကို ဖွားမြင်ပြီး(၇)ရက်မြောက်သောနေ့တွင်...နတ်ဘီလူးစစ်သည်တွေ ပန်းနီတောကြီးကို မီးဟုန်းဟုန်းတောက်လောင်စေခဲ့သည်။

"တစ်ယောက်မကျန် အကုန်သတ်ပြီး . . .မိဖုရားကြီးကို ရှာကြဟေ့ . . ."

နတ်ဘီလူးတပ်မှူးကြီး ဘရဒ္ဒ၏အမိန့်သည် . . .ပန်းစောင့်နတ်တွေအားလုံး သေတွင်းဆီသို့ပို့စေခဲ့လေပြီ၊ အော်ဟစ်သံတွေနှင့် ပန်းနီတောကြီးတစ်ခွင်လုံး သွေးညှီနံ့တွေဖုံးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



လေပြီဖြစ်သည်။

"တပ်မှူးဂမ္ဘီ...တပ်မှူးဂမ္ဘီ"

မိဖုရားကလျာနဒီ...သမီးတော်လေးကို ရင်တွင်ထွေးပိုက်ပြီး...မရဏသေတွင်းဆီမှ လွတ်မြောက်ရေးကို ကြိုးစားနေသည်။

"မိဖုရားကြီး"

"တပ်မှူးဂမ္ဘီ...ငါတို့လွတ်လမ်းရှိပါ့ဦးမလား"

"ကျွန်တော်မျိုးသေတဲ့အထိ ကာကွယ်သွားပါ့မယ် မိဖုရားကြီး..."

"ငါသိချင်တာ တစ်ခုရှိတယ်...တပ်မှူးကြီးဂမ္ဘီ"

"အမိန့်ရှိပါ...မိဖုရားကြီး"

"နတ်ဘီလူးတွေ အဘယ်ကြောင့်...ပန်းနီတောကြီးကို ရန်မူနေရသလဲ..."

"ကျွန်တော်မျိုးအမြင်ကတော့ နတ်ဘီလူးတွေ...သွေး





ကြွနေသော စစ်ပွဲတစ်ခုဖြစ်ပါလိမ့်မယ်၊ သို့တည်းမဟုတ်..မိဖုရားကြီးကို ဖမ်းဆီးနိုင်ရေးအတွက် ရောက်လာခြင်းလည်း ဖြစ်နိုင်ပါတယ်"

"သူတော်စင်ရသေ့ကြီးဗျူဠနှ...အကျွန်တို့ဒီနေရာမှ လွတ်မြောက်လမ်းရှိနိုင်ပါ့မလား..."

"ကလျာနဒီမိဖုရားကြီး နတ်ဘီလူးစစ်သည်တွေဟာ ပန်းနီတောကြီးကို အဖက်ဖက်မှပိတ်ဆို့ပြီး..ပန်းစောင့်နတ်တွေအားလုံး တစ်ယောက်မကျန်သတ်ဖြတ်နေကြပါပြီ..."

"သူတို့ရဲ့ ရည်ရွယ်ချက်က...အဘယ်အရာလဲရသေ့ကြီး..."

"နတ်ဘီလူးတွေ..မိဖုရားကြီးကို အရှင်ရလိုမှုကြောင့် ပန်းနီတောကြီးကို ရောက်ရှိလာရခြင်းဖြစ်ပါတယ်"

"အကျွန်ုပ် သဘောပေါက်ပါပြီ...နတ်ဘီလူးဘုရင်က နဂါးမှန်ကျောက်ကွင်းရယူဖို့အတွက်...ကျွန်ုပ်၏ နှလုံးသွေးကို



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေခြင်းဖြစ်ပေတယ် . . .တပ်မှူးဂမ္ဘီ ငါ၏သမီးတော်လေးကို သင့်ထံအပ်ခဲ့မယ်၊ မောင်တော်ကေရာဇ်မင်း ပေးထားသောနဝရတ်လက်စွပ်ကလေးနှင့် သမီးတော်လေးကြီးပြင်းအောင် စောင့်ရှောက်ပေတော့ . . .”

“မိဖုရားကြီး စဉ်းစားပါဦး . . .”

“တပ်မှူးဂမ္ဘီ. . .ငါဆုံးဖြတ်လိုက်ပြီ၊ ငါ့ကြောင့် အပြစ်မဲ့တဲ့ ပန်းစောင့်နတ်တွေ ဆက်ပြီးသေကျေကြမှာကို ငါမလိုလားဘူး . . .ငါ့အမိန့်စကားအတိုင်း တာဝန်ကျေပွန်အောင်လုပ်ကြပါ. . .အထိန်းတော်ကြီးတွေကလည်း သမီးတော်လေးကို သွေးရင်းပမာပြုစုစောင့်ရှောက်ကြပါ . . .ရသေ့ကြီးဗျွှန် နတ်ဘီလူးတပ်မှူး ဘရုဒ္ဓထံကို စာချွန်ပို့လိုက်ပါ”

“ကောင်းလှပါပြီ . . .မိဖုရားကြီး

မိဖုရားကြီး ကလျာနဒီသည် . . .သမီးတော်လေးကို နောက်ဆုံးရှိုက်နမ်းပြီး အပြင်သို့ထွက်ခဲ့တော့သည်. . .ကျောက်





ဆောင်ကြီးအပြင်တွင် နတ်ဘီလူးစစ်သည်တွေ၏ ရက်စက်လှသော လူသတ်ပွဲကြီးကို တွေ့နေရသဖြင့် . . .

“နတ်ဘီလူးယုတ်တွေ ခရပ်လိုက်ကြ. .သင်တို့ သိပ်ပြီးဖမ်းချင်နေတဲ့ နဂါးကေရာဇ်မင်း၏ မိဖုရားကြီး ကလျာနဒီဆိုတာ ငါပဲ. . .”

ကလျာနဒီအသံကြောင့် . . .နတ်ဘီလူးစစ်သည်တွေ ကလျာနဒီကို ဝိုင်းထားလိုက်လေသည်။

“သင်တို့တပ်မှူး ဘရုဒ္ဓကို တွေ့ချင်တယ် . . .”

နတ်ဘီလူးစစ်သည်တစ်ဦး . . .သူတို့တပ်မှူးဆီသို့ သွားရောက်ပြီး အကြောင်းကြားလေသည်။ သိပ်မကြာလှ . . . နတ်ဘီလူးတပ်မှူး ဘရုဒ္ဓရောက်လာပြီး . . .

“မိဖုရားကြီး . . .အေးအေးဆေးဆေးအဖမ်းခံပါ”

“ဘရုဒ္ဓ. . .ငါ၏ အသက်ရှင်ခန္ဓာကို ဖမ်းသွားချင်တာလား. . .သက်မဲ့ခန္ဓာကို ဖမ်းချင်တာလားပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မိဖုရားကြီးကို မသတ်ချင်ပါဘူး"

"ဟား...ဟား...ဟား...သင်တို့ ငါ့ကို သတ်တာနဲ့ သင်တို့အသက်တွေလည်း သေကြရမှာပါ၊ ငါ့ကိုအသက်ရှင်ရက်နဲ့ ဖမ်းချင်ရင်...ခုသတ်ဖြတ်နေတာတွေကို ရပ်လိုက်၊ မရပ်ရင် ဒီမှာတွေ့လား..."

"ဟာ...မိဖုရားကြီး...ကျုပ်ခုချက်ချင်းအမိန့်ပေးလိုက်ပါ့မယ်..."

ဘရုဒ္ဓသည် သူ့စစ်သည်တွေကို အမိန့်ပေးလိုက်ပြီး၊ မိဖုရားကြီးကို ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

"ဂျိုင်း...ဂျိုင်း"

ကောင်းကင်ထက်တွင် မိုးခြိမ်းသံကြီးကို နားကွဲမတတ်ကြားလိုက်ရတော့သည်။

တပ်မှူးဘရုဒ္ဓ...ကောင်းကင်ကြီးကိုမော့ကြည့်ပြီး တုန်လှုပ်ချောက်ချားသွားသည်။





မိုးခြိမ်းသံကြီးနှင့်အတူ...တိမ်တိုက်တွေကြားမှာ အနီရောင်အလင်းတန်းကြီးတစ်ခု ပေါ်ထွက်လာတော့သည်။

"တပ်မှူးကြီး...ဒါဘာဖြစ်တာလဲ"

"ငါမသိဘူး...ပန်းနီတောကနေ အမြန်ဆုံးခုတ်ခွာကြမယ်..."

နတ်ဘီလူးစစ်သည်တွေနှင့် ပါသွားသော..ကလျာနဒီကို ရသေ့ကြီးဗျူဟနေ ရပ်ကြည့်ပြီး သက်ပြင်းချလိုက်လေတော့သည်။

"ရသေ့ကြီး...ရသေ့ကြီး ကယ်ပါဦး"

"တပ်မှူးဂမ္ဘီ...ဘာဖြစ်လာတာတုန်း"

"သမီး...သမီးတော်လေး၊ အသက်ဝိညာဉ်မဲ့သွားပြီ ရသေ့ကြီး"

"တပ်မှူးဂမ္ဘီ...သမီးတော်လေးဟာ အသက်ဝိညာဉ်မဲ့သွားခြင်းမဟုတ်ချေဘူး...သမီးတော်လေးခန္ဓာကိုယ်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



နဂါးနက်ဝိညာဉ် ဝင်သွားခြင်းဖြစ်တယ်…ဒီနေ့ကစပြီး (၇)လ ပြည့်တဲ့နေ့မှ သမီးတော်လေး…အသက်ပြန်ပြီး ရှူလာလိမ့်မယ်…"

တပ်မှူးကြီးဂမ္ဘီ သမီးတော်လေးကို ကျောက်ဖျာပေါ်တွင်တင်ခဲ့ပြီး…ကျောက်ဂူကြီးအပေါက်ဝကို ကျောက်တုံးတွေနှင့်ပိတ်လိုက်သည်။

"ရသေ့ကြီး…ပြောသလို သမီးတော်လေး(၇)လ ပြည့်တဲ့ နေ့မှာ အသက်ပြန်ရှင်ဖို့ပဲ မျှော်လင့်ပါတယ်"

"တပ်မှူးဂမ္ဘီ…ငါခုပြောတဲ့စကားတွေကို အကြွင်းမဲ့ယုံပါ…သမီးတော်လေးဟာ နဂါးနက်သခင်မလေးတစ်ပါးကေန်ဖြစ်မှာပါ"

"ကျွန်ုပ်မသိတာ တစ်ခုကိုမေးချင်ပါတယ်…နဂါးနက်ဝိညာဉ်ဆိုတာ မရှင်းပေဘူး"

"သင်တို့ နဂါးပြည်ကြီးမပေါ်ထွန်းခင်…စကြာဝဠာ





တစ်ခွင်မှာ ကြောက်စရာအကောင်းဆုံး နဂါးနက်တစ်ကောင်ရှိခဲ့ဘူးတယ်…သူ့ကြောင့် စကြာဝဠာတစ်ခုလုံး ပျက်စီးမယ့်အရေးကို ကာကွယ်ဖို့အတွက် ဗြဟ္မာမင်း ဦးဆောင်ပြီး…နတ်စစ်သည်တွေနဲ့ နဂါးနက်ကြီးကို နှစ်ပေါင်း(၅၀)ထိ စစ်ပွဲကြီးနွှဲပြီး ဖမ်းဆီးခဲ့တယ်…ဖမ်းဆီးမိတဲ့ နဂါးနက်ကြီးကို သမုဒ္ဒရာအောက်မှာ အကျဉ်းချထားတာ…ခု သူ၏ကိုယ်စားပြုခန္ဓာက ရောက်လာပြီဖြစ်လို့ သူ့ဝိညာဉ်ရောက်လာတော့မှာဖြစ်တယ်…"

"ဒါဆို စကြာဝဠာတစ်ခုလုံးကို အန္တရာယ်ပြုတော့မှာပေါ့…"

"နဂါးနက်ကြီးဟာ…သူ့ကို၊ ဘိုးတော်သိကြားမင်းက အရင်ခန္ဓာကိုယ်မပေးတော့ဘူးလေ…ဒါကြောင့် နောက်ခန္ဓာကိုယ်ကြီးဟာ အရင်လိုတန်ခိုးစွမ်းအားတွေ မရနိုင်တော့ပေမယ့်…စကြာဝဠာတစ်ခွင်မှာတော့ ကြောက်စရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နဂါးနက်သခင်မဆိုပြီး ပေါ်ထွန်းလာဦးမှာပါ. . .စကြာဝဠာကြီးကို စိုးမိုးဖို့ကြိုးစားနေတဲ့. . .နတ်ဘီလူးဘုရင် ဒသသနအီနဲ့ရဲ့စိတ်ကူးတွေကို နဂါးနက်သခင်မရဲ့. . .ခြေတော်ရင်းအောက်မှာ ရောက်ရှိတော့မှာကို စောင့်ကြည့်ရဦးမှာပေါ့ကွာ"

"ကျွန်ုပ်၏ အရှင်နှစ်ပါးကို ဂါယ်တင်နိုင်ဖို့အချိန်ကိုစောင့်ရမှာ ရင်မောလှပါတယ်. . .နဂါးတိုင်းပြည်ကြီးရဲ့ သူရဲကောင်းတွေရဲ့သွေးစက်တွေ အသက်တွေအတွက် သွေးကြွေးပြန်ဆပ်ချင်တယ်. . .နဂါးနက်သမီးတော်လေးအတွက် စစ်အင်အားတွေ ခုကတည်းက စုဆောင်းထားရင်. . .မကောင်းဘူးလား ရသေ့ကြီးဗျွှန"

"တပ်မှူးဂမ္ဘီ. . .ဒီအတွက်ဘာမှ မပူလင့်နှင့် နဂါးနက်သခင်မအတွက် နဂါးနီ(၄)ကောင် ပေါ်ထွန်းလာပြီး. . .နဂါးနက်သခင်မအတွက် စစ်သူကြီးတွေဖြစ်ကြမှာပါ. . .နဂါးနီ(၄)ကောင်ဟာ စစ်သည်(၄)သိန်းအားမက ကြောက်ဖို့ကောင်း





တယ်. . .တပ်မှူးဂမ္ဘီရေ"

"ရသေ့ကြီးဗျွှန စကားကိုကြားရတာ. . .အရမ်းကိုအားရတယ်. . .ဒီအချိန်ကို စောင့်နေရတာကိုပဲ စိတ်မောလှပါတယ်. . ."

"နောက်နှစ်ပေါင်း(၂၀)ဆိုတာ ဘာမှမကြာလှပါဘူး၊ စိတ်ရှည်ရှည်နဲ့သာ စောင့်နေပါတော့. . .တစ်ခုတော့ရှိတယ် နဂါးနက်သခင်မလေး အသက်(၃၀)ပြည့်ပြီးတာနဲ့ နဂါးနက်ဝိညာဉ်. . .သူ့ခန္ဓာကိုယ်ထဲက ခွာသွားပြီး၊ ခန္ဓာပြောင်းသွားလိမ့်မယ်. . ."

"ဟင်. . .ဘယ်လိုခန္ဓာပြောင်းမှာလဲ. . .ရသေ့ကြီးဗျွှန. . ."

"ဒီလို ဂမ္ဘီ. . .ဘဒ္ဒကမ္ဘာကြီးမှာ ဂေါတမဗုဒ္ဓပွင့်လာတဲ့အခါ စကြာဝဠာမှာ ပေါ်ထွန်းနေတဲ့နဂါးတိုင်းပြည်. . .ဘီလူးတိုင်းပြည် အပါအဝင်(၁၀)ပါးသော တိုင်းပြည်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလိမ့်မယ် . . . ဒီအချိန်ဟာ နဂါးနက်သခင်မ အသက်(၃၀)ပြည့်တဲ့နေ့ပဲကွဲ့ . . . နဂါးနက်သခင်မလေးဟာ နဂါးနက်ရုပ်တုကလေးအဖြစ်နဲ့ ဘဒ္ဒကမ္ဘာကြီးရဲ့ ပန်းတောင်ကြီးက ဂူတစ်ခုမှာ . . . နဂါးတိုင်းပြည်ရဲ့ရတနာပစ္စည်းတွေကို စောင့်ရှောက်ဖို့ရောက်လာလိမ့်မယ်ကွဲ့ . . .”

နဂါးတပ်မှူးကဗ္ဗိသည် . . . ရသေ့ကြီး ဗျဂ္ဃနပြောသော နဂါးနက်သခင် သမိုင်းကြောင်းကို နားထောင်ရင်း . . . သက်ပြင်းချမိတော့သည်။

ဦးမြင့်မြတ်ကေရာဇ် ပြောသော . . . နဂါးနက်ဒဏ္ဍာရီကလေးအဆုံးသတ်ကို ဆက်ပြီးမပြောတော့ဘဲ . . . စကားရပ်လိုက်သောကြောင့် ကျွန်မ မေးမိလိုက်သည်။

“ဦးမြင့်မြတ်ကေရာဇ် ဆက်ပြီးပြောပြဦးလေ . . .”

“ကိုယ်ပြောပြတဲ့ . . . နဂါးနက်ဒဏ္ဍာရီလေးက ဆုံးသွားပြီလေ”

“ဟင် . . .”

“အယ် . . . နားထောင်ရတာ တစ်ဝက်တစ်ပျက်ကြီးနော် . . .”



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဇင်တို့ . . .ကိုယ်ပြောပြတာကို သဘောမပေါက်ဘူးနဲ့တူတယ် . . .ရသေ့ကြီးဗျန္ဒနပြောပြတဲ့အတိုင်း အားလုံးဖြစ်ခဲ့ပြီး၊ နဂါးနက်သခင်မလေးက ခန္ဓာကိုယ်ပြောင်းသွားပြီး၊ ရုပ်တုကလေးဖြစ်သွားတယ်လေ . . ."

"ပန်းတောင်ကြီးမှာ . . .နဂါးနက်မလေးရုပ်တုက ခုထိရှိနေတယ်ပေါ့ . . .ဦးမြင့်မြတ်ကေရာဇ် ဆီမှာရှိနေတဲ့ နဂါးနက်ရုပ်တုနဲ့ . . .ဘယ်လိုပတ်သက်လဲ"

"အင်း . . .ဒီအကြောင်းကို ဆက်ပြောရရင် နောက်ထပ်ရာဇဝင်သမိုင်းကြောင်းကို ထပ်ပြီးပြောရမလိုဖြစ်နေပြီ၊ ဒီရာဇဝင်ကြောင်းပြောရရင် . . .ကိုယ်တို့ဘိုးဘွားတွေရဲ့ သမိုင်းကြောင်းတစ်ခုကို ပြောရမလိုဖြစ်နေတယ်"

"ဦးမြင့်မြတ်ကေရာဇ်ရဲ့ မိသားစုအကြောင်းဆိုရင်တော့ မပြောပါနဲ့ . . ."

"ကိုယ့်အတွက် ခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး . . .ကိုယ်





ပြောပြမှာပါ . . .ကိုယ်တို့ဘိုးဘေးလက်ထက်ကစပြီး ပြောရမှာပဲကွာ. . .ကိုယ့်အဘိုး ဦးပန်းမြတ်စံနဲ့ သူငယ်ချင်းဦးဗလုဗထူးဆိုတဲ့ သူငယ်ချင်း(၂)ယောက်ဟာ . . .အိန္ဒိယပြည်ဘက်မှာရှိတဲ့ ပန်းတောင်ကြီးအနီးက ရွာကလေးတစ်ရွာကို ရောက်သွားကြပြီး . . .အဲဒီရွာကလေးကနေ အံ့ဖွယ်နဂါးနက်ရုပ်တုကလေးယူလာခဲ့ကြတယ် . .သူတို့ယူလာကြစဥ်တုန်းကတော့ ရှေးဟောင်းပန်းပုရုပ်ကလေးဆိုပြီး ယူလာခဲ့ကြတာ . . .မြန်မာပြည်ကို ပြန်ရောက်ပြီး(၃)နှစ်လောက်ကြာတော့ . . .အဘိုးဟာအိန္ဒိယပြည်ကိုတစ်ခေါက်ပြန်ပြီး ရောက်သွားတယ် . . .ကိုယ်ပြောဖို့တစ်ခုကျန်သွားတယ်၊ ကိုယ့်အဘိုးဟာ သမိုင်းသုတေသနကျမ်းကို ပြုစုနေတဲ့သုတေသီတစ်ဦးဖြစ်သလို အဘိုးသူငယ်ချင်းဦးဗလုဗထူးကလည်း ရှေးဟောင်းရုပ်ထုတွေကို သုတေသနလုပ်နေတဲ့သူပါ . . .အဘိုးအိန္ဒိယပြည် သမိုင်းပြတိုက်ကြီးမှာ ရှေးဟောင်းကျမ်းစာတွေကို လေ့လာရင်း. . . နဂါးနက်သခင်မ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကျမ်းတစ်ခုကို လေ့လာမိခဲ့တယ်၊ ဒီနဂါးနက်ရုပ်တုလေးဟာ . . .အဘိုးတို့ရထားတဲ့ ရုပ်တုကလေးဖြစ်နေတာကို တိုက်တိုက်ဆိုင်ဆိုင်ပဲ သိလိုက်ရတယ် . .နဂါးနက်ရုပ်တုဟာ ပန်းတောင်ကြီးရဲ့ လှိုဏ်ဂူပေါက်ကို သွားလို့ရတဲ့လမ်းညွှန်မြေပုံပါပါတယ်. . .အဘိုးဟာ သူသိခဲ့တဲ့ နဂါးနက်ရုပ်တုသမိုင်းကြောင်းကို သူငယ်ချင်းဖြစ်သူဦးဗလုထူးကို မပြောပြခဲ့ဘူး. . ဦးဗလုထူးဟာ လောဘစိတ်ကြီးသူဖြစ်ပြီး ပန်းတောင်ကြီးဆီမှာ နဂါး တိုင်းပြည်ရဲ့ ရတနာတွေကို . . .လောဘရမ္မက်ထပြီး သွား ရောက်ရှာဖွေမှုကို မဖြစ်စေလိုတာကြောင့် မပြောဘဲထားလိုက်တာပါ . . .ဒဏ္ဍာရီဆန်တဲ့ကျမ်းတစ်ခုပေါ်မှာ အဘိုးဟာ သိပ်ပြီးတော့ ယုံကြည်မှုမထားဘဲ နေခဲ့ရင်း . . .တစ်နေ့ ဦးဗလုထူး အဘိုးဆီကိုရောက်လာတယ် . . .သူရောက်လာတဲ့ အကြောင်းကတော့ နဂါးနက်ရုပ်တုကို သူ့ကိုပေးဖို့လာပြီး တောင်းတာပါ . .အဘိုးက ရုပ်တုသူ့ဆီမှာမရှိဘူး၊ နိုင်ငံခြား





ကမိတ်ဆွေတစ်ယောက်ကို ပေးလိုက်ပြီလို့ ပြောတာကြောင့် သူငယ်ချင်း(၂)ယောက်စကားများပြီး . . .ရန်သူတွေဘဝကို ရောက်သွားခဲ့ကြတယ် . . .အဘိုးလက်ထဲက နဂါးနက်ရုပ်တုကို ပြန်ဖြိုးရဖို့ ဦးဗလုထူးဟာ နည်းမျိုးစုံကြိုးစားရင်း. . .သိပ်ချစ်ကြတဲ့ မိသားစု(၂)စုဟာ . . .သူသတ် ကိုယ်သတ်နဲ့ မဟာရန်သူတော်ဘဝကိုရောက်ခဲ့ကြတာ . . .ခုချိန်ထိ ဆိုရမှာပေါ့ကွာ. . .”

“နဂါးမျိုးနွယ်စုဆိုတာရော . . .ဟုတ်လားဟင်”

“တကယ်တော့ နဂါးမျိုးနွယ်စုဆိုတာ . . .လူတွေရဲ့ ထင်မြင်ချက်တွေပါ၊ ကိုယ်တို့မိသားစုက ဘာမျိုးနွယ်စုမှ မဟုတ်ပါဘူး. . .သာမန်မိသားစုပါပဲ၊ ဒါလိုပဲ. . .ဦးဗလုထူးရဲ့ မျိုးနွယ်စုဆိုရင်လည်း သာမန်မိသားစုတစ်ခုပါပဲကွာ”

“ဦးဗလုထူးမျိုးနွယ်စုဆိုတာ . . .ခုဘယ်မှာနေကြလဲ”

“ကိုယ့်အဖေလက်ထက်မှာတော့. .ဦးဗလုထူးရဲ့ ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိသားစုဟာ၊ စီးပွားရေးကျဆင်းပြီး . . . ရှမ်းပြည်နယ်ဘက်က သူတို့ဆွေမျိုးတွေဆီကို ရောက်သွားကြတယ်ဆိုတာ . . . နောက်ဆုံးကြားရပြီး၊ ဘာမှ သတင်းမရတော့ပါဘူး"

"နဂါးနက်ရုပ်တုကို သူတို့ဘက်က ရဖို့မကြိုးစားကြတော့လား . . ."

"သေတဲ့သူကသေ ထောင်ကျတဲ့သူက ထောင်ကျနဲ့ပဲ . . . သူတို့ဘက်ကရော ကိုယ်တို့ဘက်မှာရော နဂါးနက်ရုပ်တုနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုတွေ မေးမှိန်ခဲ့ကြတယ် . . . ဒါကလည်း နောက်ပိုင်းခေတ်ရဲ့ တိုးတက်မှုတွေ . . . အသိဉာဏ်တွေယှဉ်ပြီး၊ ဒဏ္ဍာရီဆန်တဲ့နောက်ကို မလိုက်ကြတာလည်း ပါပါတယ် . . ."

"ခု . . . နဂါးနက်ရုပ်တုနောက်ကို လိုက်ခဲ့တဲ့သူတွေကရော . . . ဦးဗလုထူးရဲ့ မျိုးနွယ်စုထဲက မဖြစ်နိုင်ဘူးလား"

"ကိုယ်သိသလောက်ကတော့ . . . ဦးခန့်စည်မောင်ဟာ





ဦးဗလုထူးရဲ့မြေး . . . ဦးချစ်စံနဲ့ သူငယ်ချင်းဖြစ်ခဲ့ကြတယ်၊ နဂါးနက်သမိုင်းကြောင်းကို ဦးချစ်စံဆီက သိခဲ့ပြီး . . . နဂါးနက်ရုပ်တုကို ကိုယ့်ဆီက ရယူဖို့ကြိုးစားတာဖြစ်နိုင်တယ် . . . တစ်ခုတော့ ငါတို့အားလုံး သတိထားရမှာက နဂါးနက်ရုပ်တုနဲ့ပတ်သက်ပြီး . . . ငါတို့ကို အန္တရာယ်ပြုမယ့်သူတွေ အနီးကပ်ဆုံးမှာ ရောက်နေပြီဆိုတာပဲ . . . ဟိုနှစ်ကောင်သတိရလာပြီလား ဦးဗလ"

"ရနေပါပြီ . . . တူတော်မောင်"

"သူတို့ကို သက်ဆိုင်ရာကို အကြောင်းကြားပြီး . . . အပ်ဖို့လုပ်ရမယ်"

ဦးမြင့်မြတ်ကေရာဇ်သည် ဖမ်းမိထားတဲ့နှစ်ယောက်နား သွားပြီး . .

"မင်းတို့ ထောင်ထဲကို မသွားချင်ရင်တော့ . . . ဘယ်သူခိုင်းတာလည်း ဆိုတာကို . . . ပြောပြနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်...ကျွန်တော်တို့ကို မိုက်ကယ်ဘမောင် နိုင်းလို့ လုပ်ရတာပါ"

"မိုက်ကယ်ဘမောင်ကို ဘယ်သူနိုင်းတယ်ဆိုတာရော၊ မင်းတို့ မသိဘူးပေါ့..."

"နာမည်တော့ မသိရပါဘူး...မိန်းကလေးနဲ့ ဆရာ မိုက်ကယ်ဘမောင် အလုပ်ကိစ္စစကားပြောပြီး...ဒီအလုပ်ကို လုပ်ခဲ့ရတာပါ"

"ဒီလောက်ဆိုရပြီ..."

"ကျွန်တော်တို့ကို လွှတ်ပေးမှာပေါ့နော်"

"ငါက လွှတ်ပေးချင်ပါတယ်...ဥပဒေက လွှတ်ခွင့်မပေးဘူး"

"ဗျာ..."

"ဆ...ဆရာရယ်...မလုပ်ပါနဲ့ဗျာ"

"မင်းတို့အတွက်...နောင်တတွေရနိုင်တဲ့ နေရာကို





ရောက်မှဖြစ်မှာပါ..."

ဦးမြင့်မြတ်ကျော်...သက်ဆိုင်ရာကို အကြောင်းကြားပြီး၊ ဖမ်းမိထားသော (၂)ယောက်ကို အပ်နှံလိုက်သည်။ စခန်းမှူးနှင့် ဦးမြင့်မြတ်ကျော် ခြံထဲတွင်စကားရပ်ပြောနေကြပြီး...ဘာတွေပြောနေသည်ကို ကျွန်မတို့မသိနိုင်ခဲ့ပါ။

ကျွန်မလည်း သမီးလေးသျှိသုန္ဒရီကို ခေါ်ပြီး...အိမ်ခန်းထဲသို့ ဝင်ခဲ့တော့သည်။

"ဟူး..."

နဂါးနက်ရုပ်တု၏ အန္တရာယ်မီးလျှံကြားထဲသို့...ကျွန်မတို့စတင်ဝင်ရောက်နေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀ ၁၂ ▶

ကျွန်မ . . . အန်တီမမဆီမှ ဖုန်းစကားပြောသည်ကို နားထောင်ပြီး . . . ဘာလုပ်ရမည်ကို စဉ်းစားနေသည်။

"သဇင် . . . သဇင်"

"ဩော် . . . ကျူရီ"

"ဖုန်းနားရပ်ပြီး . . . ဘာလုပ်နေတာလဲ"

"အန်တီမမဆီက . . . ဖုန်းလာတယ်"

"ဘာ . . . သူဘာတွေပြောသွားလဲ"

"ငါတို့ဇာတ်ရပ်တွေကို မပေါ်ချင်ရင် သူနဲ့လာပြီးတွေ့ ပါတဲ့ . . . မတွေ့ရင် ဦးမြင့်မြတ်ကေရာင်ကို အမှန်အတိုင်း





ပြောလိုက်မယ်တဲ့ . . ."

"တောက် . . . ဒီဟာမကြီး၊ ငါတို့ကို ဒုက္ခစပြီးပေးပြီ"

"သဇင်နဲ့ ကျူရီ . . . ဘာတွေဖြစ်နေကြတာလဲ"

အပေါ်ထပ်မှ ဆင်းလာသော ဘူးဆူး . . . သူတို့နား ကို ရောက်လာသဖြင့် အကြောင်းစုံကိုပြောပြလိုက်သည်။

"သူ့ဘက်က ဒီလိုခြေလှမ်းမျိုးလှမ်းမယ်ဆိုတာ . . . အစကတည်းက သိနေပြီးသားပဲဟာ"

"သိတာ အရေးမကြီးဘူး . . . ငါတို့သွားပြီးတွေ့သင့် မတွေ့သင့်က အရေးကြီးတယ်"

"ဆုံးဖြတ်ချက်(၂)ခုပဲရှိတယ်"

"ဘာကို . . . ဆုံးဖြတ်ရမှာလဲ"

"ငါတို့အန်တီမမကို သွားပြီးတွေ့မလား . . ."

"တွေ့တော့လည်း ဘာမှမထူးပါဘူးဟာ . . . သူနိုင်း တာကို ငါတို့က လုပ်ပေးမှာမှမဟုတ်တာ . . ပြီးတော့ သူတို့ ခေါ်တဲ့နေရာကို သွားရင် . . . သူတို့ဘက်က အကောက်ကြံပြီး



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာကြဦးမှာ"

"သဇင်ပြောတာ သေချာတယ်. . .ငါတို့သွားတွေ့တာနဲ့ သူတို့အကွက်ထဲဝင်သွားမှာ. . ."

"ဒီတော့ ငါတို့နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချဖို့ပဲရှိတော့တယ် . . .ဒီဆုံးဖြတ်ချက်က ဘာလဲဆိုတော့ ဦးမြင့်မြတ်ကေရာဇ်ကို အမှန်အတိုင်းဖွင့်ပြောပြလိုက်ရုံပဲ ရှိတော့တယ် . . .သူ့ဘက်က ငါတို့အမှန်အတိုင်းဖွင့်ပြောတဲ့ အပေါ်မှာ ဆုံးဖြတ်ပါစေတော့ဟာ. . ."

ကျွန်မနှင့် ကျူရီမှာ . . .ဆူးဆူးပြောသော ဆုံးဖြတ်ချက်ကို လေးပင်စွာနှင့် ခေါင်းညိတ်လိုက်ကြသည်။

"ခုဖွင့်ပြောဖို့က . . .မဖြစ်နိုင်သေးဘူး"

"ဘာလို့လဲ သဇင် . . ."

"ဦးမြင့်မြတ်ကေရာဇ်က မန္တလေးကိုသွားတာ . . .(၄)ရက်လောက်ကြာဦးမှာ"

"သူပြန်ရောက်တော့မှ ဖွင့်ပြောကြတာပေါ့. . ."





"သဇင်နဲ့ ဆူးဆူး . . .နင်တို့ကို ငါတစ်ခုပြောစရာ ရှိတယ်"

"ဘာလဲ. . .ကျူရီ"

ကျူရီသည် ချက်ချင်းမပြောသေးဘဲ . . .အပြင်ဘက်သို့ ခေါ်ထုတ်လာသည်။ အပြင်ဘက်ကို ရောက်တော့မှ. .

"ဦးဗလကို . . .ငါသိပ်ပြီးမသင်္ကာဘူး"

"ဟင်. . ."

"ဟယ် . . .နင်ဘာတွေ့ထားလို့လဲ"

"ငါ . . .ညက အိပ်လို့မရတာနဲ့ နှင်းဆီခင်းထဲမှာ လမ်းလျှောက်နေတုန်း . .ဦးဗလ ဟိုကြည့်ဒီကြည့်နဲ့ ခြံအပြင်ကို ထွက်သွားတယ်"

"ကိုသံချောင်း မရှိဘူးလား"

"ကိုသံချောင်းကို မတွေ့ဘူး . . .ငါလည်း သိပ်ပြီးမသင်္ကာတာနဲ့ နောက်ယောင်ခံလိုက်သွားတော့ လမ်းမှာ. . . ရပ်ထားတဲ့ကားတစ်စီးပေါ်ကလူနဲ့ စကားပြောနေတယ်၊ သိပ်



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးတော့မဟုတ်ပါဘူး . . .သူပြန်လာတော့ ငါလည်း ခြံထဲကို ပြန်ပြီးဝင်ခဲ့တာ"

"အင်း . . .အိမ်ထဲမှာ အတွင်းသစ္စာဖောက်ကတော့ ရှိနေပြီ"

"ဒီကိစ္စကို ဦးမြင့်မြတ်ကရောက်ရောက်လာရင် . . . ပြောပြသင့်ရင် ပြောပြရမှာပဲ"

"သငင် . . .ကိုယ့်ဘက်က မသေချာဘဲနဲ့တော့ မပြော နဲ့ဦးဟာ၊ ပိုင်လောက်မှပြောမယ် . . .သူ့ကိုတော့ သတိနဲ့ စောင့်ကြည့်နေရမယ်"

"ဟင် . . .ဟိုမှာ လာနေပြီ"

ဦးဗလ လာနေသောကြောင့် ကျွန်မတို့ (၃)ယောက် စကားလမ်းကြောင်းပြောင်းပြီး၊ ပြောနေလိုက်ကြသည်။

"ဆရာမ . . ."

"ဘာများလဲ . . .ဦးဗလ"

"သမီးလေးက လမ်းထိပ်က စတိုးဆိုင်ကိုသွားချင်လို့





လိုက်ပြီးပို့နိုင်းနေတယ် . . .အဲဒါ ဦးလေး လိုက်ပို့လိုက်ဦး မယ်နော်"

"ဟင် . . ."

ဦးဗလ . . .သမီးလေးကို ခေါ်သွားမည်ဟူသော စကားကြောင့် ကျွန်မစိတ်ထဲထင့်သွားပြီး . . .

"ကျွန်မပါ လိုက်မယ် . . ."

"လိုက်ခဲ့လေ . . ."

"သမီးရော . . .ဦးဗလ"

"အိမ်ပေါ်မှာပါ . . ."

"သမီးလေး သျှီ . . ."

"ရှင် . . .ဆရာမ"

ကျွန်မလှမ်းပြီးခေါ်လိုက်သောကြောင့် . . .သျှီသုန္ဒရီ အိမ်ထဲမှ ထွက်လာသည်။

"သမီး စတိုးဆိုင်သွားမလို့ဆို . . ."

"ဟုတ်ကဲ့ . . .ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဘာသွားဝယ်မလို့လဲ..."

"ဦးဗလကြီးအတွက်...ခေါင်းစွပ်ဝယ်ပေးမလို့ သူက လိုချင်တယ် ပြောနေလို့..."

ကျွန်မတို့(၃)ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ပြီး...ဦးဗလ တစ်ခုခုကို အကောက်ကြံနေပြီလို့ သဘောပေါက်လိုက်ကြသည်။

"ကျူရီနဲ့ ဆူးဆူး...ငါ လိုက်သွားဦးမယ်"

"အေး...အေး"

ဆူးဆူး ကျွန်မနားကိုကပ်ပြီး...တိုးတိုးလေး ပြောလိုက်သည်။

"သဝင်...သတိနဲ့သွားနော်"

"အင်း..."

ကျွန်မ သမီးလေးကိုလက်ဆွဲပြီး သွား[illegible]...

"သမီးလေးသျှီ..."

"ရှင်...ဦးလေးဗလ"





"ဦးလေး မလိုက်တော့ပါဘူးကွယ် ...သမီးလေး ကြိုက်တာကိုပဲ ဝယ်ခဲ့တော့နော်...ဦးလေး ခြံထဲမှာ လုပ်စရာလေးတွေရှိသေးတယ်"

"ဦးလေးဗလ...မလိုက်ချင်လည်းနေခဲ့ပေါ့...ဆရာမနဲ့ပဲ သွားတော့မယ်"

ဦးဗလ...ခြံထဲတွင် နေခဲ့ပြီး၊ ကျွန်မနှင့် သမီးလေး သျှီသုန္ဒရီထွက်လာခဲ့ကြသည်။

"သမီးသျှီ ...ဦးလေးက သမီးကို ခေါင်းစွပ်လေး လိုချင်တယ်လို့...ဘယ်တုန်းကပြောတာလဲ"

"မနက်ကမှ ပြောတာဆရာမ ...ညဘက်ဆိုရင် အရမ်းချမ်းတာပဲ၊ ခေါင်းစွပ်ကလေး လိုချင်တယ်တဲ့...သူ့မှာ ပိုက်ဆံမရှိဘူးပြောတာနဲ့ သမီးကဝယ်ပေးမယ်လို့ပြောလိုက်တာ...ဘယ်နေ့ဝယ်ပေးမယ်လို့တော့မပြောပါဘူး၊ စောစောကမှ သမီးကိုဝယ်ပေးပါဆိုပြီးပြောတာနဲ့ ...သမီးမုန့်ဖိုးထဲက ပိုက်ဆံနဲ့ဝယ်ပေးမယ်...ဆရာမကို သွားပြောပေးလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ. . ."

ဦးဇလတစ်ယောက် သမီးလေးကို တစ်ခုခုကြံစည်နေပြီဆိုတာကို သိလိုက်ရပြီဖြစ်သည်။

ကိုယ့်ခြံကိုယ့်ဝန်းနှင့် နေထိုင်ကြသောလူချမ်းသာရပ်ကွက်ဖြစ်တာမို့. . .လမ်းပေါ်တွင် လူသူမရှိ၊ ဖွင့်ထားသောဝတိုးဆိုင်မှာ တစ်ဖက်ရပ်ကွက်တွင်ဖြစ်တာကြောင့်... အတော်လေးကို သွားရသည်။

ကျွန်မ ကားမယူဘဲ. . .လာခဲ့ကြခြင်းကြောင့် တစ်ခုခုများသွားပြီလို့ ထင်လိုက်မိသည်။ ထိုအချိန်တွင်. . .

"ဝူး. . .ကျွိ. . ."

"ဟင်. . ."

ကျွန်မနားသို့ ကားတစ်စီးထိုးရပ်ပြီး. . .ကားပေါ်မှ လူ(၃)ယောက်ဆင်းလာသည်။

"ရှင်တို့ ဘာလုပ်တာလဲ. . ."

"ဆရာမ. . ."





"မင်း ဘာစကားမှ မပြောဘဲလိုက်ခဲ့. . .မဟုတ်ရင် ကလေးအတွက်ပါ ကံမကောင်းဘူးဖြစ်သွားမယ်. . ."

သျှီသုန္ဒရီ. . .ကျွန်မကိုသိုင်းပြီး ဖက်ထားလေသည်။

"ရှင်တို့ ခေါ်ချင်တာ. . .ကျွန်မမဟုတ်လား၊ ကလေးကို ဘာမှအန္တရာယ်မပြုနဲ့"

"ငါတို့ခေါ်ရမှာ မင်းတင်မဟုတ်ဘူး. . .ကလေးကိုပါ ခေါ်ရမှာကွ. . ."

"ဘာ. . ."

"ကားပေါ်ကို အေးအေးဆေးဆေးတက်နော်. . ."

ကျွန်မတစ်ယောက်တည်းဆိုလျှင် ခုခံပြီးပြေး၍ရနိုင်ပေမယ့်. . .သျှီသုန္ဒရီရှိနေသဖြင့် ကျွန်မအတွက် အခက်တွေ့နေလေပြီ၊ အိမ်များကို အကူအညီတောင်းဖို့အတွက်ကလည်းမဖြစ်နိုင်. . .ကျယ်ဝန်းလှသော ခြံကြီးထဲမှလူတွေကြားအောင် အော်ဟစ်နိုင်ဖို့က မလွယ်ကူလှပေ. . .

"သမီးလေးဘာမှ မကြောက်နဲ့ ဆရာမသမီးနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေမယ်...”

“ကြာတယ်ကွာ...ဆွဲတင်လိုက်”

ကားထဲမှ လူကလှမ်းပြီး ပြောလိုက်သောကြောင့်.. ကျွန်မတို့(၂)ယောက်ကို ဆွဲတင်ဖို့ပြင်သည်နှင့်...

“ကဲဟာ...”

“အ...”

“သမီးလေးပြေး...ပြေး...လွတ်အောင်ပြေး”

ကျွန်မရှေ့ကလူ၏ အရှိုက်ကို ဆောင့်ကန်လိုက်ပြီး သမီးလေးကို ပြေးခိုင်းလိုက်လေသည်။

“ဟော့ကောင်တွေ မလွတ်စေနဲ့...မိအောင်လိုက်ကြစမ်း...”

သမီးနောက်သို့ ပြေးလိုက်ကြသော သူကိုကျွန်မကိုယ်လုံးနှင့် ပစ်တိုက်လိုက်သည်။

“ဒီလောက်တောင် အစွမ်းပြချင်ဦးဟာ...”

“ဖြောင်း...အ...”





ကျွန်မမျက်နှာကို လက်ပြန်ရိုက်ချလိုက်သဖြင့်... ကျွန်မဘေးသို့ ယိုင်ကျသွားတော့သည်။

ကျွန်မလည်း လဲကျသွားရာမှ ...ရှေ့မှလူရဲ့ခြေထောက်ကို လှမ်းဆွဲလိုက်သည်...

ဒီဟာမ...ကဲကွာ”

“ခွပ်...”

ကျွန်မခေါင်းကို ခြေဖြင့်တအားကန်လိုက်သောကြောင့် မျက်လုံးတွေ ပြာဝေသွားပြီး...မှူးမိုက်သွားသည်။

“ဆရာမ...ဆရာမ...”

“သ..မီးလေး.....ပြေး...ပြေး”

သျှီသုန္ဒရီမှာ ကျွန်မဆီကို ပြန်ပြီးပြေးလာခြင်းကြောင့် ကျွန်မအားယူပြီး ပြန်ထသည်။

“ဟော့ကောင်တွေ..ကလေးကိုပဲ ခေါ်ခဲ့တော့”

“ရှူး...”

“ဟင်...ဟာ...ဟိုက်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏နားတွင် ကားတစ်စီးထိုးရပ်သံကို . . . ကြားလိုက်ရသဖြင့် ပြာဝေနေသော မျက်လုံးကိုအတင်း ဖွင့်ကြည့်ပေမယ့် . . . ဝေဝေဝါးဝါးပင် . . .

"ငါ့တူမကို ခလွှတ်လိုက်စမ်း . . ."

"မင်း ရှေ့ကိုတိုးတာနဲ့ ကလေးအသက်ကို . . . ပေးရလိမ့်မယ်နော်"

ကျွန်မကြားလိုက်ရသောအသံမှာ ဦးမြင့်မြတ်ကေရာင်၏ အသံပင်ဖြစ်သည်။

"ကလေး ဘေးဒုက္ခမရောက်စေချင်ရင် . . မင်းရှေ့ကို ဆက်ပြီးမတိုးနဲ့နော် . . ."

"အေး . . . သူက မတိုးဘူး၊ ငါက တိုးမှာကွ . . ."

"ဟာ . . . ငြိမ်း . . . စစ်သူ"

"ဖြောင်း . . . ခွပ်"

"အီ . . . အား . . ."

ငြိမ်းစစ်သူ . . . ဘယ်နေရာကနေ ရောက်လာမှန်း



မသိ၊ သမီးလေးသျှိုသန္တရီကို ဆွဲချုပ်ထားသော သူ၏မျက်နှာကို ခုန်ကန်လိုက်သည်နှင့် . . . ဦးမြင့်မြတ်ကေရာင်ပါ ဘေးမှ ကောင်တွေကို ဝင်ပြီးတိုက်ခိုက်တော့သည် . . . ပွဲက သိပ်ပြီး မကြာလိုက်ပါ။ ကားအောက်မှ (၃)ယောက်မှောက်သွားသည်နှင့် ကားပေါ်မှလူ . . . ကားကိုစက်နိုးပြီးပြေးထွက်သွားတော့သည်။

"ကျေးဇူးပဲဗျာ . . ."

"ရပါတယ် . . . ဦးမြင့်မြတ်ကေရာင်ရယ်၊ ကြုံကြိုက်သွားလို့ပါ . . . သွားဦးမယ်၊ ဒီကောင်တွေ ဇာတ်လမ်းကိုခင်ဗျားပဲ ရှင်းလိုက်တော့ . . .

"ဆရာမ . . ."

"သမီးလေး . . . ဘာမှမဖြစ်ဘူးနော်"

"သဇင် . . ."

"အား . . . ကျွတ် . . . ကျွတ် . . ."

"ဟီး . . . ဟီး . . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး . . .မငိုနဲ့လေ"

သျှိုသုန္ဒရီ . . .ကျွန်မပါးစပ်မှ သွေးများကို လက်နှင့်သပ်ပေးပြီးငိုကြွေးနေလေသည်။ ဦးမြင့်မြတ်ကျော်က ကျွန်မလက်မောင်းကလေးကို ဖေးမပြီး ကားပေါ်သို့ခေါ်ဆောင်လာခဲ့သည်။

"ဆေးခန်းကို အရင်သွားမယ်"

"ရပါတယ် . . .ဦးမြင့်မြတ်ကျော်ရယ်"

ကျွန်မစကားကို သူဘာမှဆက်ပြီးမပြောဘဲ . . . ဆေးခန်းသို့ ကားလေးမောင်းထွက်ခဲ့သည်။

ကျွန်မကျေနပ်မိလိုက်သည်မှာ . . .သမီးလေးသျှိုသုန္ဒရီ၏ လူဆိုးတွေလက်ထဲသို့ မပါသွားခြင်းပင်ဖြစ်သည်။

ကျွန်မနလုံးသားထဲတွင် သမီးလေး၏မျက်ရည်လေးတွေက . . .စီးဆင်းဝင်ရောက်နေခဲ့ပါပြီ . . .။



## အခန်း ◀ ၁၃ ▶

ဦးဗလ . . .ခင်ဗျားဘက်က ဘာပြောချင်သေးလဲ၊ ပြောပါ . . ."

"တူတော်မောင်ရယ် . . .ဦးလေးကို မဟုတ်တာတွေ မစွပ်စွဲပါနဲ့ကွယ် . . .ခုကိစ္စမှာ ဦးလေးဘာမှ မပတ်သက်ပါဘူးဆိုတာ ယုံပါ"

"ကျွန်တော့်ဘက်က ထင်ယောင်ထင်မှားနဲ့ ပြောနေတာမဟုတ်ဘူး ဦးဗလ . . .တိကျတဲ့အထောက်အထားတွေရှိတယ် . . .ကောင်းပြီလေ၊ ဦးဗလက ဝန်မခံဘူးဆိုမှ သက်ဆိုင်ရာနဲ့ပဲ စကားပြောတော့ပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"တူ...တော်...မောင် ရယ် ဦးလေးကို ရဲစခန်းတော့ မပို့ပါနဲ့ကွယ်၊ ဦးလေးဘက်က မဖြစ်မနေအကျပ်အတည်းကြောင့် သူတို့ခိုင်းတာကို လုပ်ရတာပါ..."

"ဘယ်သူ ခိုင်းတာလဲ..."

"ဟယ်လင်နိုင်ပါ"

ကျွန်မတို့ထင်ထားသည့်အတိုင်းပင် ဖြစ်နေတာမို့ သိပ်ပြီးအံ့သြခြင်း မရှိတော့ပါ...

"သူ...ဘာတွေ ထပ်ပြီးခိုင်းထားသေးလဲ"

"ဒီတစ်ခုပါပဲကွယ်...ဦးလေးမြေးလေးကို သူတို့ခေါ်သွားပြီး၊ မလုပ်ပေးရင်...မြေးလေးကို သတ်ပစ်မယ်ပြောလို့ ခုလိုလုပ်ရတာပါ...ဦးလေးမြေးလေးကို ကယ်ပါဦးကွယ်..."

"ဦးဗလ...မြေးလေးအတွက် ကယ်နိုင်ဖို့ကို ကူညီပေးပါ့မယ်...ဦးဗလဘက်က ခုလိုပဲဆက်ပြီးနေပေးပါ၊ ဟယ်လင်နိုင်က...ဘာဆက်ပြီး ခိုင်းမယ်ဆိုတာကို မသိချင်





ယောင်ဆောင်ပြီး နားထောင်ထားပါ"

"အေး...အေးပါကွယ်၊ ဦးလေးရဲ့အမှားကို ဦးလေးတောင်းပန်ပါတယ်...နောက်တစ်ကြိမ် ခုလိုအမှားမျိုးကို မဖြစ်စေရပါဘူး"

"ဦးလေးကို မယုံကြည်လို့တော့မဟုတ်ဘူး...ဟယ်လင်နိုင်ဘက်က ဆက်သွယ်မှုပလုပ်မချင်း အပြင်ကို လုံးဝမထွက်ပါနဲ့..."

"တူတော်မောင် ပြောသလိုနေပေးပါ့မယ်..."

"ကိုသံချောင်း..."

"ဗျာ...ဆရာ"

"ဦးလေးဘေးမှာနေ..."

ဦးဗလနှင့် သံချောင်းအိမ်ထဲမှ ထွက်သွားပြီးနောက်-

"ဦးမြင့်မြတ်ကျောင်ကို...ကျွန်မတို့အမှန်ကို ဝန်ခံချင်လို့ပါ..."

ကျွန်မတို့စကားကို ဦးမြင့်မြတ်ကျောင် ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . .

"မင်းတို့ . . . ငါ့ဆီကို နဂါးနက်ရုပ်တုယူဖို့ . . . အန်တီမမနဲ့ ဦးခန့်စည်မောင်ခိုင်းလို့ ရောက်လာကြတယ်လို့ ပြောမလို့လား . . ."

"ဟင် . . ."

"အယ် . . . ရှင်"

ဦးမြင့်မြတ်ကေရာဇ် စကားကြောင့် . . . ကျွန်မတို့ (၃)ယောက်လုံး အံ့အားသင့်သွားကြသည်။

"ကိုယ်အစကတည်းက သိထားတဲ့ကိစ္စပါ . . . မင်းတို့ (၃)ယောက်ကို ချောင်းသာမှာတွေ့တာကို ကိုယ်မမှတ်မိဘူးလို့ ထင်နေတာလား . . . ငါ့မှတ်ဉာဏ်အဲဒီလောက် မညံ့ပါဘူး၊ ငါ့ဘက်က အရင်းဆုံးပြောမယ် . . . မင်းတို့(၃)ယောက်လုံး ငါ့အိမ်ထဲကိုရောက်ဖို့အတွက် ငါကိုယ်တိုင်မသိကျိုးကျွံပြုပြီး ခေါ်ခိုင်းခဲ့တာပဲ . . ."

"ရှင် . . ."





ကျွန်မတို့ တကယ်ပင် . . . အံ့သြစရာဖြစ်နေလေပြီ၊ ဦးမြင့်မြတ်ကေရာဇ် ဘာကြောင့်သိသိနှင့် ကျွန်မတို့(၃)ယောက်လုံးကို အိမ်တွင်ထားခဲ့ရသလဲ . . .

"ဘာကြောင့်လဲဆိုတဲ့စကားကို မင်းတို့မသိချင်ဘူးလား . . ."

"သိချင်ပါတယ် . . ."

"သဇင် . . . မင်းကို ငါချောင်းသာရောက်မှ တွေ့ခဲ့ဘူးတာမဟုတ်ဘူး . . . ဟိုးလွန်ခဲ့တဲ့ (၁၅)နှစ်လောက်ကတည်းက မင်းကိုတွေ့ခဲ့ဖူးတာပါ"

"ဟင် . . ."

"ပင်လယ်နတ်သမီးရုပ်ကလေးကို စတိုးဆိုင်မှာ . . . မင်းစိတ်ဝင်တစားကြည့်နေကတည်းက မင်းကိုတွေ့ဘူးခဲ့တာပါ၊ ပင်းအိမ်ကို ပင်လယ်နတ်သမီးရုပ်ကလေး ပို့ခဲ့တာငါပဲ . . ."

ကျွန်မအတွက် . . . မယုံနိုင်သော အိပ်မက်တစ်ခုကို မက်နေရသလို . . .



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်နတ်သမီး ရုပ်ကလေးကြောင့်..မင်းဘဝမှာ ကြေကွဲစရာ ဝမ်းနည်းစရာတွေကြုံခဲ့ရပြီး . . .မင်းအမှား လမ်းပေါ်ကို ရောက်ခဲ့ရတာကို ငါစိတ်မကောင်းဖြစ်မိခဲ့ပါ တယ်...ဒါပေမယ့် မင်းကို ငါကယ်တင်ခွင့်မရခဲ့ဘူး"

"ဒါကြောင့်...ငါကယ်ခွင့်ရတဲ့ အချိန်ကစပြီး မင်း ကိုကယ်တင်ခဲ့တာပဲ..."

"ငါဝင်လာလို့ပြီလား...ကေရာင်"

"ဟယ်...ကျွဲပြီးဖစ်သူ"

"သိပ်ဟုတ်တာပေါ့ သဇင်ရေ...ကေရာင်နဲ့ငါက ကျောင်းနေဘက် သိပ်ပြီးချစ်ကြတဲ့သူငယ်ချင်းတွေ...ငါက တော့ဘဝရဲ့အကြောင်းတွေကြောင့်...ဒုစရိုက်လမ်းပေါ်ကို ရောက်ခဲ့ရတယ်...မင်းနဲ့ပတ်သက်ပြီး ကေရာင်က ငါ့ကို အကူအညီပေးခဲ့တယ်၊ မင်းကို စောင့်ရှောက်ပေးဖို့လေ.. မင်း သွားရာရောက်တိုင်း ငါရောက်ရောက်လာရတာ. ငါ့ကို သိပ်ပြီးအထင်မကြီးနဲ့...ဒီကောင်ကြီးက မင်းနောက်မှာ





အရိပ်လိုနေခဲ့ပေးတာ...သူ့ဆီက သတင်းရတာနဲ့ ငါက မင်းဆီကို အရောက်လာရတာ..."

"သဇင်...ခုလောက်ဆို မင်းသဘောပေါက်ပြီနော်"

"ဟုတ်ကဲ့..."

ကျွန်မမျက်လုံးတွေ...ဦးမြင့်မြတ်ကေရာင် မျက်နှာ ကို မဝံ့မရဲနှင့် လှမ်းပြီးကြည့်လိုက်မိသည်။

ဦးမြင့်မြတ်ကေရာင်ကတော့ ကြည်လင်အေးမြသော အပြုံးကလေးနှင့်...ကျွန်မကို ကြည့်နေသည်။

"ကေရာင်..."

"ပြောလေ...ငြိမ်း"

"ငါတို့...ပွဲသိမ်းကို ကပို့ကောင်းနေပြီပေါ့"

"နဂါးနက်ဒုလ္လာရိကို...မကြာခင် အဆုံးသတ်တော့ မှာပါ ငြိမ်းရာ...မင်းရော ငါ့ကိုပြောထားတဲ့အတိုင်း ပြောင်း လဲမှာလား"

"အမှောင်လောကကြီးကို ကျောခိုင်းချင်တာကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



မင်းသခင်မလေးအတွက် အမှောင်ထဲမှာနေနေရတာကွ"

"ခုတော့ . . .မင်းတာဝန်တွေပြီးဆုံးသွားပါပြီ"

"အေးပါကွာ . . .မင်းဘဝထဲရောက်သွားပြီဆိုတော့ မင်းကပြောတော့မှာပေါ့ . . .တစ်ခုတော့ရှိတယ်နော်"

"ဘာလဲငြိမ်း . . ."

"ပြန်ပြီး . . .လွတ်သွားတာတော့ မဖြစ်စေနဲ့ . . . မြင့်မြတ်ကေရာဇ်ကြီးရေ"

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ"

ငြိမ်းစစ်သူ ပြောနေသောစကားလုံးတွေကြောင့် ကျွန်မကို ကျူရိန့်ဆူးဆူးတို့ ပြုံးစိစိနှင့် ကြည့်နေခြင်းကြောင့် သပိးလေး သျှိသုန္ဒရီကို လက်ဆွဲပြီး အပေါ်ထပ် သို့တက်ခဲ့လေသည်။

ကျွန်မဘဝအနာဂတ်မှာ ဘာတွေဖြစ်မလဲ ဆိုတာကို မတွေးဝံ့အောင်ဖြစ်သွားတော့သည်။



## ဇာတ်သိမ်းခန်း

ညရဲ့ တိတ်ဆိတ်မှုအောက်တွင် . . .ပန်းရိပ်မြုံဆီသို့ ဝင်ရောက်လာသောသူတွေကတော့ ဦးခန့်စည်မောင်နှင့် ကြေးစားလူမိုက် မိုက်ကယ်နှင့် သူ့တပည့်တွေပင်ဖြစ်သည်။ အပြင်ဘက်လမ်းမပေါ်တွင် ရပ်ထားသောကားထဲ၌ ဟယ်လင်နိုင်၊ အန်တီမမနှင့် ကလေးငယ် . . .

သူတို့ကို သက်ဆိုင်ရာမှ ဖမ်းဆီးရန်အတွက် ရှာဖွေနေပြီဖြစ်သောကြောင့် . . .နဂါးနက်ရုပ်တုကို ယူပြီး၊ အပြီးထွက်သွားကြဖို့ ပြင်ဆင်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဗလ . . . ဦးဗလ"

"ဦးခန့်စည်မောင် . . ."

"အားလုံးစီစဉ်ထားတဲ့အတိုင်း ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ် . . . အားလုံးအိပ်ဆေးကြောင့် အိပ်ပျော်နေပြီ"

"ပစ္စည်းထားတဲ့နေရာရော . . . တွေ့တယ်မဟုတ်လား"

"ညှော့ခန်းထဲက ရှီးကေ့(စ်)ထဲမှာပဲ . . . နဂါးနက်ရုပ်တုရှိတယ်"

"ခင်ဗျား . . . သိပ်ပြီးတော်တယ်"

"ကျုပ်မြေးလေးရော . . ."

"အပြင်က ကားပေါ်မှာပါလာတယ် . . . ဘာမှမပူနဲ့ နဂါးနက်ရုပ်ရာရတာနဲ့ ခင်ဗျားမြေးလေးကို ခင်ဗျားလက်ထဲကို . . . ပို့ပေးတဲ့အပြင် ဆုငွေတောင်ပေးခဲ့ဦးမှာပါ"

"ကျေးဇူးတင်ပါတယ်"

ဦးခန့်စည်မောင်တို့ ညှော့ခန်းထဲသို့ဝင်လာပြီး . . . ရှီး





ကေ့(စ်)ထဲမှ နဂါးနက်ရုပ်တုကို တွေ့သည်နှင့် . . .

"ရိုက်ခွဲကွာ"

"ခွမ်း . . ."

မိုက်ကယ် . . . ရှီးကေ့(စ်)မှန်ကို ရိုက်ခွဲပြီး၊ နဂါးနက်ရုပ်တုကိုယူပြီး ပေးလိုက်သည်။

"ဟား . . . ဟား . . . ဟား ငါသူဌေးကြီးဖြစ်ပြီကွ"

"ချောက် . . ."

"ဟာ . . ."

ညှော့ခန်းတစ်ခုလုံး မီးတွေလင်းလက်သွားတော့သည်။

"သိပ်ပြီးပျော်နေလား . . . ဦးခန့်စည်မောင်"

"ဟာ . . . ဦးဗ . . . လ . . . ခင် . . . ဗျား . . ."

ဦးမြင့်မြတ်ကေရာဇ်သည် . . . ဦးခန့်စည်မောင်ရှေ့တွင် ရပ်လိုက်ပြီး . . .

"ခင်ဗျားတို့အတွက် . . . ဒီနေ့ဟာ နောက်ဆုံးနေ့ရက်ပါပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ချောက်..."

ဦးခန့်စည်မောင် သူ့ခါးကြားမှသေနတ်ကိုထုတ်ပြီး..

"ပွဲက...ခပ်ချောချောမဖြစ်မှတော့ ခပ်ကြမ်းကြမ်းပဲ...လုပ်ရတော့မှာပေါ့ကွာ"

"ဦးခန့်စည်မောင် ခင်ဗျားလက်မြှောက်ထားလိုက်ပါ၊ ကျုပ်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ...ခင်ဗျားတို့ကို ဝိုင်းထားတယ်၊ အပြင်က နှစ်ယောက်ကိုလည်း ဖမ်းဆီးထားပြီးပါပြီ...ခင်ဗျားရယ်၊ ဟယ်လင်နိုင်နဲ့ ဒေါ်ခင်မာလာကျော့တို့ဟာ... လူကုန်ကူးတဲ့ပြစ်မှုတွေကို တစ်ဖက်နိုင်ငံမှာလုပ်ကိုင်နေတာ ကိုလည်း ကျုပ်တို့သတင်းရထားပြီးပါပြီ"

ဦးခန့်စည်မောင်...ဘာမှ မတတ်နိုင်တော့ပဲ၊ သက်ဆိုင်ရာ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရလေသည်။

"ဩော်...ဦးခန့်စည်မောင် ခင်ဗျားသိပ်ပြီးလိုချင်တဲ့ နဂါးနက်ရုပ်တုကို ယူချင်ယူသွားပါ...တကယ်တော့ ခင်ဗျားတို့ဟာ လောဘရမ္မက်ဖုံးပြီး ဒင်္ဂါးရိုပုံပြင်တစ်ပုဒ်ကို အဟုတ်





ကြီးမှတ်နေတာကိုးဗျ...ဒီနဂါးနက်ရုပ်ထုကလေးဟာ ရှေးဟောင်းရုပ်တုကလေးတစ်ခုသာသာပါဗျာ..."

သက်ဆိုင်ရာမှ...ဦးခန့်စည်မောင်တို့အားလုံးကို ခေါ်ဆောင်သွားပြီးနောက်..."

"ဦးမြင့်မြတ်ကျောရာဇ်...ကျွန်မတို့(၃)ယောက်လည်း ပန်းရိပ်မြုံကနေ မနက်ဖြန်ထွက်ခွာခွင့်ပြုပါတော့..."

"သဇင်...မင်းရင်ထဲမှာ တကယ်ပဲသံယောဇဉ်ကင်းမဲ့ခဲ့ပြီဆိုရင်...ပန်းရိပ်မြုံကနေ ထွက်ခွာသွားနိုင်ပါတယ်ကွာ"

"ကျွန်မဘဝနဲ့အရမ်းကို ဝေးကွာတဲ့ဘဝတစ်ခုကို... ကျွန်မ နောက်ထပ် ပင်လယ်နတ်သမီးအိပ်မက်ကလေး မမက်ပါရစေနဲ့တော့ရှင်...ကျွန်မတစ်ခုတော့မေးပါရစေ"

"မေးပါသဇင်"

"ပင်လယ်နတ်သမီးရုပ်ကလေး...ဦးမြင့်မြတ်ကျောရာဇ်လက်ထဲကို ဘယ်လိုလုပ်ပြီးပြန်ရောက်ခဲ့တာလဲ..."

"မင်း ဖခင်ကြီးရောင်းလိုက်တဲ့ သူဆီကနေ ပြန်ဝယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး . . .မင်းကိုတစ်နေ့ပြန်ပြီးပေးမယ်လို့ ပေးတဲ့နေ့ဟာ သဇင်ဟာ . . .ငါ့ဘဝရဲ့ အရှင်သခင်အဖြစ်နဲ့ပေးချင်တာ"

"ရှင် . . ."

"သဇင် . . ."

"ဘာလဲ ဆူးဆူး . . ."

"ကံကောင်းခြင်းအိပ်မက်တစ်ခုကို မင်းမယူတတ်ရင် မင်းဟာ . . .မြို့ပြည်ရဲ့ဘဝဇာတ်လမ်းထဲကို ပြန်သွားရလိမ့်မယ်နော် . . ."

"သဇင် . . .ငါတို့ဘဝလေးကို ပန်းရိပ်မြုံမှာ စတေးပါရစေတော့"

ကျွန်မ၏ ဘဝဆိုးကြားမှ . . .သူငယ်ချင်း(၂)ယောက် မျက်နှာလေးကို ကြည့်ပြီး . . .ကျွန်မနှလုံးသားဆီမှ တိုးတိတ်သောစကားသံလေးတွေကို ရိုက်ခတ်နေလေပြီဖြစ်သည်။

"ဆရာမ . . ."

"သမီးလေး . . ."





"သမီးလေးကို ထားခဲ့မှာလားဟင် . . ."

ကျွန်မ . . .သမီးလေး သျှိသုန္ဒရီကို ပွေ့မချီလိုက်ပြီး-

"ဆရာမလေ . . .သမီးလေးနဲ့အတူတူ ထာဝရမခွဲဘဲ နေမှာပါကွယ်"

"ဒါဆို . . .ဦးဦးကို ချစ်တယ်လို့ပြောလိုက်ပါ"

"အယ် . . .ဒီကလေးမ"

ကျွန်မဘေးမှ ကျူရီနှင့်ဆူးဆူးတို့ ထွက်ခွာသွားကြပြီဖြစ်၍ သမီးလေးသျှိသုန္ဒရီနှင့် . . .ဦးမြင့်မြတ်ကျော်ဇောတို့သာ ကျန်ရစ်ခဲ့ကြရင်း . . .

"သဇင် . . ."

"ဦးမြင့်မြတ်ကျော်"

"မင်း သံယောဇဉ်တွေနဲ့ ငါတို့အနာဂတ်လေးကို . . .အသာယာဆုံးတည်ဆောက်ပါရစေ . . ."

ကျွန်မနှုတ်ဖျားမှ . . .စကားလေးတွေ မထွက်လာနိုင်တော့ပဲ၊ ကျွန်မခန္ဓာကိုယ်ကလေး ဦးမြင့်မြတ်ကျော်ရင်ခွင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ တိုးဝှေ့ရောက်သွားတော့သည်။

ကျွန်မ၏ ခါးသီးလှသော . . မြို့ပြည၏အဝင်လမ်းကို ကျော်ခိုင်းနိုင်ခဲ့လေပြီမဟုတ်လား . . .။

ရွှေဘဝင်

ပရိသတ်အားပေးမှုကို အစဉ်လေးစားလျက်

BURMESE CLASSIC .com

www.burmeseclassic.com